# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက် ကြာသပတေးနေ့။ Thursday, 22 June 2017 (၈၉၆၃)


## သူတော်ကောင်းထံချဉ်းကပ်

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျာမနီနိုင်ငံသံအမတ်ကြီးအား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

## အင်းလေးကန်ကြီးရေရှည်တည်တံ့ရေးအတွက် စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် အဆိုတင်သွင်း

စာမျက်နှာ - ၅

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်

စာမျက်နှာ - ၅



## မောင်တောဒေသ အကြမ်းဖက်လှုပ်ရှားမှု၊ ဦးဟန်ညောင်ဝေ၏ ပြည်ဝင်ခွင့်ဗီဇာခွင့်ပြုပေးထားမှုနှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီပြင်ဆင်ပွဲ စည်းရန် သတင်းများထွက်ပေါ်နေမှုတို့နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

စာမျက်နှာ - ၉


## မေယုတောင်ကြောပေါ်၌ အကြမ်းဖက်သင်တန်းများ ဆောင်ရွက်သည့်နေရာများ တွေ့ရှိ

ဇွန် ၂၁ ၂၀၁၇


ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောပေါ်၌ အကြမ်းဖက်သင်တန်းများ ဆောင်ရွက်နေသည့် နေရာများရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက်က သွားရောက်၍ နယ်မြေရှင်းလင်းစဉ် လိုဏ်ခေါင်းတစ်ခု၊ သေနတ်များ၊ လူနေတဲ/ ဂိုဒေါင်များ၊ စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး ဓားဖြင့် ရန်ပြုသူတစ်ဦးအား အသေဖမ်းဆီးရမိခဲ့သည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောပေါ်တွင် ကျေးရွာသားများအားခေါ်ယူကာ ညအချိန်တွင် အကြမ်းဖက်သင်တန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဇွန် ၂၀ ရက် နံနက်ပိုင်းကသိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းရာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂



မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်သူများအား ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။



ဖောက်လုပ်ထားသော လူလုပ်လိုဏ်ဂူ။

## YBS ယာဉ်လိုင်းများအတွက် အထူးယာဉ်မောင်းသင်တန်းဖွင့်လှစ်မည်

### (ခ)လိုင်စင် သုံးနှစ်နှင့်အထက်ရှိသည့် ယာဉ်မောင်းများ လျှောက်ထားနိုင်

ရန်ကုန် ဇွန် ၂၁

YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) တို့ ပူးပေါင်း၍ YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်းကို ဇူလိုင်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ရာ အနိမ့်ဆုံး (ခ)လိုင်စင် သုံးနှစ်သက်တမ်းနှင့်အထက်ရှိသော ယာဉ်မောင်းများအားလုံး လာရောက်လျှောက်ထားနိုင်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

" YRTA ရဲ့ စီစဉ်မှုနဲ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး အထူးယာဉ်မောင်းသင်တန်းဖွင့်လှစ်ပါမယ်။ ဒီသင်တန်းကို အနိမ့်ဆုံးအနေနဲ့ (ခ)လိုင်စင် သုံးနှစ်နဲ့အထက်ရှိသူတိုင်း လျှောက်နိုင်တယ်။ အငှားယာဉ်မောင်းတွေ၊ လက်ရှိ ယာဉ်မောင်းနေပြီးတော့ လိုင်စင်မရှိတဲ့သူတွေလည်း လျှောက်ထားနိုင်တယ်။ ယာဉ်ကြီးမောင်းနိုင်သူတွေကို ဦးစားပေးပါမယ်။ ဒီသင်တန်းမှာက လက်တွေ့ပိုင်းတွေအများကြီးပါမယ်။ နောက်ပြီး လူမှုဆက်ဆံရေးပြေပြစ်ပြီး ယဉ်ကျေးပျူငှာစွာ

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖


KBZ BANK

STRENGTH OF MYANMAR

သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇဘာဏ်

ကြေးမုံ

# ရင်းနှီးမြှုပ်နှံမှုဖြင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်

မြို့ပြနေပြည်သူအများစုမှာ စီးပွားရေးအရ ရှာဖွေနိုင်သည့် အခြေအနေရှိ၍ လူတန်းစေ့နေထိုင်နိုင်ကြသည်ဟု ဆိုနိုင်သည်။ မိမိတို့မြို့ပြ ဒေသများအတွင်း ရောင်းဝယ်ဖောက်ကား လုပ်ကိုင်နိုင်မှုများ များပြားသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းရှိသည်။ အလုပ်အကိုင်နှင့် စီးပွားရေးလည်ပတ်မှု ကောင်းမွန်သဖြင့်အများသောအားဖြင့် အဆင်ပြေသည်။ ယင်းသည် နိုင်ငံတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်သည့် ပြည့်စုံကြွယ်ဝသောစီးပွားရေးကို တည်ဆောက်နိုင်သည့်အခြေအနေ မဟုတ်သေးချေ။

မြို့ပြနေပြည်သူများမှာ စီးပွားရေးအရ အဆင်ပြေမှုများရှိကြသော်လည်း ကျေးလက်နေပြည်သူများမှာ စီးပွားရေးအရ အဆင်ပြေနိုင်မှုနည်းပါးကြသည်။ မြန်မာနိုင်ငံရှိ လူဦးရေအများစုမှာ ကျေးလက်နေပြည်သူများဖြစ်၍ အများစုမှာ စီးပွားရေးအဆင်မပြေကြဟု သတ်မှတ်နိုင်သည်။ ကျေးလက်တွင် အဆင်မပြေသော မိသားစုများမှာ မြို့ပြများသို့ပြောင်းရွှေ့လာကြပြီး ကြုံရာကျပန်းလုပ်ကိုင် စားသောက်ကြရသည်။ ၎င်းတို့၏မိသားစုဘဝ နေထိုင်ရပ်တည်နိုင်ရေးအတွက် အများစုမှာ မြို့ပြင်များတွင် အလျဉ်းသင့်သလိုနေထိုင်ကြရာ ကျူးကျော်ပြဿနာများလည်းပါဝင်လာသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးသူအများစုတို့၏ ဘဝရပ်တည်နေထိုင်နိုင်ရေးကို ဝိုင်းဝန်းကြံဆကြရသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ဇွန်လ ၁၅ ရက်မှ ၁၇ ရက်နေ့အထိ ပြုလုပ်ခဲ့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးတွင် မြန်မာနိုင်ငံ လူမှုဘဝဖွံ့ဖြိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးနိုင်မှုများမှာ အားရဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့်ကိုရီးယားနိုင်ငံဘဏ်တို့ ဘဏ္ဍာရေးနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးအတွက် ငွေကြေးဆိုင်ရာရန်ပုံငွေစနစ် ထူထောင်မည့်ကိစ္စများ၊ ပြည်သူ့အိမ်ရာများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ္ဍာရေးကိစ္စများနှင့် ပုဂ္ဂလိကအိမ်ရာဖွံ့ဖြိုးရေးအတွက် အသေးစားချေးငွေလုပ်ငန်းများ၊ ကိုရီးယား-မြန်မာ စက်မှုဇုန်စတင်ပါက စက်မှုဇုန်တွင် မြန်မာအလုပ်သမားများ အလုပ်လုပ်နိုင်မည့် အစီအစဉ်တို့ကို ဆွေးနွေးနိုင်ခဲ့ပြီး ၎င်းတို့နှင့်ပတ်သက်၍ နားလည်မှုသဘောတူစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများတွင် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာများဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များနှင့်ဆွေးနွေးနိုင်ခဲ့ပြီး ကိုရီးယားနိုင်ငံသွင်းကုန်၊ ထုတ်ကုန်ဘဏ်အနေဖြင့် ပေးအပ်မည့်အကူအညီများနှင့် အတိုးမဲ့ချေးငွေများ၊ ကိုရီးယား-မြန်မာစက်မှုဇုန်စီမံကိန်းအတွက် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုများ ပြုလုပ်မည့်အစီအစဉ်များနှင့် ရှေ့ဆက်၍ဆောင်ရွက်မည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးထားသည်။

ကိုရီးယား-မြန်မာစက်မှုဇုန်စီမံကိန်းကို ဧက ၅၇၀ ကျယ်ဝန်းသည့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ညောင်နှစ်ပင်တွင်တည်ဆောက်မည်ဖြစ်သည်။ ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် စက်မှုဇုန်စီမံကိန်းဖြစ်ပြီး နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းငါးသောင်းမှ တစ်သိန်းအထိ ရှာဖွေပေးနိုင်မည့်စီမံကိန်းဖြစ်ရာ ပတ်ဝန်းကျင်ဘက်စုံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် အလုပ်အကိုင်နှင့်နေထိုင်မှုလိုအပ်နေသော မြို့ပြနှင့်ကျေးလက်နေပြည်သူများအတွက် အထူးကောင်းမွန်သော အစီစဉ်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် မြို့ပြနှင့်ကျေးလက်နေပြည်သူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆိုပါအစီအစဉ်ကောင်းများတွင် ပြည်သူအများ စည်းကမ်းတကျ၊ နည်းလမ်းတကျ၊ အရည်အသွေးပြည့်ဝစွာ ပါဝင်လာနိုင်အောင် ကြိုတင်မြော်တွေးထားကြရမည်ဖြစ်သည်။ ။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ ( ၂/၂၀၁၇ ) လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၁**

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ (၂/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူနှင့်သက်ဆိုင်သော အဆောက်အအုံများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင် စံချိန်စံညွှန်းပြည့်မီရေး၊ ပြည်သူ့ဘဏ္ဍာငွေခြိုးခြံချွေတာရေး၊ နိုင်ငံပိုင်အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများ ပူးပေါင်းပြီး လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊

နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်၊ စံညွှန်းနှင့် ကိုက်ညီသည့် အရည်အသွေးကောင်းမွန်သော တည်ဆောက်ရေးလုပ်ငန်းများဖြစ်အောင် အရည်အသွေး ထိန်းသိမ်းရေး(Quality Control) လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဗဟိုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း ၁၆၇၁၄ ခု၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းဆောက်ရွက်သည့်လုပ်ငန်း ၁၀၄၆၄ ခု၊ တည်ဆောက်ရေးလုပ်ငန်းကော်မတီက စစ်ဆေးရမည့် လုပ်ငန်း ၆၂၅၀ ရှိကြောင်း။

ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ၊ သီးသန့်ရန်ပုံငွေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သည့် စုစုပေါင်းလုပ်ငန်း ၆၃၇၃ ခုတွင် စိစစ်ပြီးလုပ်ငန်း ၆၁၈၅ ခု၊ တင်ပြရန်ကျန်လုပ်ငန်း နှစ်ခု၊ ပြန်လည်အပ်နှံလုပ်ငန်း ၁၈၆ ခု ရှိကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းအပ်နှံ ဆောင်ရွက်မည်ဆိုပါက မြန်မြန်ဆန်ဆန်လွှဲပြောင်းအပ်နှံ ဆောင်ရွက်ခြင်းနှင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတို့ကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့နှင့် ကြီးကြပ်စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တည်ဆောက်ရေးလုပ်ငန်းများ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှင့် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီး၏ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကိုယ်စားလှယ်များက ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။**(သတင်းစဉ်)**

# ပန်းတောင်းမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ပန်းတောင်း ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျီးတောအုပ်စု ကြပ်ပြိုကျေးရွာတွင် ဇွန် ၁၉ ရက် နံနက် ၉ နာရီက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကျီးတောအုပ်စု ကြပ်ပြိုကျေးရွာထိပ် ပုသိမ်-မုံရွာ လမ်းမကြီးဘေး မိုင်တိုင် (၁၃၇/၀)တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ အခမ်းအနားတွင် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင့်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိန်တိုးနှင့်သစ်တောဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် စုပေါင်းသစ်ပင် စိုက်ပျိုးကြပြီး ကျွန်း၊ ပိတောက်၊ ယူကလစ်၊ မဲဇလီ၊ ရေတမာ၊ ယင်းမာ၊ ခရေ၊ မဟော်ဂနီ၊ ပျဉ်းကတိုး ပျိုးပင်စုစုပေါင်း ၁၀၃၀ စိုက်ပျိုးခဲ့ကြသည်။ ဆက်လက်၍ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကြပ်ပြိုအခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုပြီး မြို့နယ်သစ်တောဦးစီးအရာရှိက ကြပ်ပြိုကျေးရွာ အမကကျောင်းဝင်းအတွင်း စိုက်ပျိုးရန် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများအား ပျိုးပင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။




**မြို့နယ် (ပြန်/ဆက်)**

# ဝန်းသိုမြို့နယ်၌ သစ်ပင်စိုက်ပွဲကျင်းပ

**ဝန်းသို ဇွန် ၂၁**

စုပေါင်းသစ်ပင်စိုက်ပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက ကသာခရိုင် ဝန်းသိုမြို့နယ် ရွှေဝန်းသီတာအုပ်စု စော်ဘွားကြီးကန်နံဘေး ပတ်ဝန်းကျင်၌ ပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၅၂၁ ဦးတို့က ကျွန်းပင် ၃၀၀၊ မဲဇလီ ပင် ၃၀၀၊ ယူကလစ်ပင် ၄၀၀၊ ပျဉ်းကတိုးပင် ၂၀၀၊ ပိတောက်ပင် ၁၀၀၊ တမလန်း ပင် ၅၀၊ ခရေပင် ၅၀၊ ကံ့ကော်ပင် ၂၅ ပင်၊ မျောက်ငို ၂၅ ပင်၊ စိန်ပန်းကြီး ပင် ၅၀ စုစုပေါင်းအပင် ၁၅၀၀ ကို စုပေါင်း စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်(ရွှေဈေး) ၉၀၈၅၀၀ - ၉၀၈၅၀၀ မန္တလေး(ရွှေဈေး) ၉၀၈၅၀၀ - ၉၀၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၅/၆၉၀ ကျပ်၊ | ၆၇၀/၇၀၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၅/၇၄၀ ကျပ်၊ | ၈၀၅/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၇၁၅ ကျပ်၊ | ၆၉၀/၇၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၅/၅၈၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၀/၆၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၇၈/၅၈၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၁၈. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉. ၈၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၁၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၃. ၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၇၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၃. ၃၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၈၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၃၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၃၃



# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျာမနီနိုင်ငံသံအမတ်ကြီးအား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၁**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံအမတ်ကြီး Mr. Christian- Lutwig Weber-Lortsch အား ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာ - ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍအတွက် ပထမဆုံးသော တရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ပြန်နိုင်ပြီဖြစ်

**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) ရေးဆွဲရေးအတွက် မြန်မာတရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် Royal ACE ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍအတွက် ပထမဆုံးသော တရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ပြန်နိုင်ပြီဖြစ်ကြောင်း၊ အစီရင်ခံစာတွင် တရားရုံးများ၏ တိကျသည့်ကိန်းဂဏန်းအချက်အလက်များ၊ ဆောင်ရွက်ချက်များနှင့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှုတို့ကို ဖော်ပြထားသည့်အတွက် မြန်မာတရားရုံးလုပ်ငန်းများနှင့် တရားရုံး၏အခန်းကဏ္ဍအပေါ် ပြည်သူများ အထူးသဖြင့် တရားမျှတမှုကဏ္ဍမှ အကျိုးသက်ဆိုင်သူများနှင့် ပြည်ပအသိုင်းအဝိုင်းများကပါ ပိုမိုသိရှိနားလည်လာစေမည်ဖြစ်ကြောင်း။

တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်းသည် တရားစီရင်ရေးအပေါ် ပြည်သူတို့၏ ယုံကြည်မှုနှင့် တရားရုံး၏ ဆောင်ရွက်မှုများအပေါ် တာဝန်ခံမှုတို့အတွက် အရေးကြီးသည့်ဆောင်ရွက်မှုဖြစ်၍ စံချိန်စံညွှန်းများနှင့်အညီ ပိုမိုပြည့်စုံကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယခုနှစ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ၏ တတိယနှစ်ဖြစ်၍ ရည်မှန်းချက်များ ပြည့်မီစေရေးဆောင်ရွက်နေသည့်နည်းတူ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၂၀၁၈-၂၀၂၂ ရေးဆွဲနိုင်စေရေးအတွက်လည်း ပြင်ဆင်နေကြောင်း၊ တရားစီရင်ရေးသည် တရားမျှတမှုကဏ္ဍတွင်ပါဝင်၍ တရားဥပဒေစိုးမိုးရေး၏အစိတ်အပိုင်းဖြစ်ကြောင်း၊ တရားမျှတမှုကဏ္ဍမှ အကျိုးသက်ဆိုင်သူများက ‘တရားမျှတရေးအတူတကွမြှင့်တင်ပေး’ (Advancing Justice Together)ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အသစ်ရေးဆွဲမည့် မဟာဗျူဟာစီမံကိန်းအတွက် အားလုံးပါဝင်ဆွေးနွေးကြရန်နှင့် မြန်မာနိုင်ငံတရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အတူတကွပါဝင်ဆောင်ရွက်ကြပါရန်ပြောကြားသည်။

ထို့နောက် ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ရေးဆွဲရေးအတွက် မြန်မာတရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲတို့ကို ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များဆန်းစစ်လေ့လာသုံးသပ်ရေးကော်မရှင်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့မှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာသံရုံးများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရဌာနများနှင့် လူမှုအဖွဲ့အစည်းများမှ တရားမျှတမှုကဏ္ဍနှင့်သက်ဆိုင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတက်ရောက်သူများသို့ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း၊ အဆိုပါအစီရင်ခံစာကို Facebook ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website;http://www.unionsupremecourt.gov.mm တို့တွင် ရယူနိုင်ကြောင်းနှင့်တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ အတွက် အကြံပြုချက်များကို ဩဂုတ် ၁၅ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ခုနှစ် ရေးဆွဲရေးလုပ်ငန်းအဖွဲ့၏ email;ousc, planningteam@gmail.comသို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❒ သဘာဝမှ

“မြန်မာနိုင်ငံကုန်းမြေဧရိယာရဲ့၁၀ ရာခိုင်နှုန်းရည်မှန်းချက်ပြည့်စုံဖို့ဆိုရင် အဆိုပြုသဘာဝနယ်မြေတော်တော်များများကို ရှာဖွေဖော်ထုတ်ဖို့လိုအပ်နေပါသေးတယ်။ တစ်ဖက်ကလည်း ဌာနေတိုင်းရင်းသားတွေနဲ့ဒေသခံတွေ စီမံအုပ်ချုပ်နေတဲ့သဘာဝသစ်တောတွေကို တရားဝင်အသိအမှတ်ပြုနိုင်တဲ့ နည်းလမ်းတွေရှာဖွေပြီး ထိန်းသိမ်းရေးသဘာဝနယ်မြေတွေတိုးချဲ့နိုင်မယ့်အခွင့်အလမ်းတွေကိုဖော်ထုတ်ဖို့လိုပါတယ်”ဟုဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

၁၉၉၅ခုနှစ်တွင်ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့်မြန်မာ့သစ်တော မူဝါဒအရသဘာဝနယ်မြေများကိုရေတိုတွင်နိုင်ငံဧရိယာ၏ ငါးရာခိုင်နှုန်းနှင့်ရေရှည်အနေဖြင့် ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့တည်ထောင်သွားရန်မူဝါဒချမှတ်ထားခဲ့ရာ ယနေ့ အထိသဘာဝနယ်မြေ၃၉ခုကိုနိုင်ငံဧရိယာ၏၅ဒသမ၇၅ရာခိုင်နှုန်းကိုတည်ထောင်ခဲ့ပြီးနောက်ထပ်နိုင်ငံဧရိယာ၏၁ဒသမ၀၉ရာခိုင်နှုန်းရှိသဘာဝနယ်မြေခုနစ်ခုကို တိုးချဲ့ တည်ထောင်သွားရန် အဆိုပြုထားပြီးဖြစ်ကြောင်း ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်ကပြောကြားသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ နှစ်၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းမှာလည်း သဘာဝနယ်မြေများကိုနိုင်ငံကုန်းမြေဧရိယာ၏၁၀ရာခိုင်နှုန်း အထိတိုးချဲ့ရန်ရည်မှန်းချက်အဖြစ်ချမှတ်ထားရာနိုင်ငံ့ကုန်း မြေဧရိယာ၏၁၀ရာခိုင်နှုန်းရည်မှန်းချက်ပြည့်မီရန်မှာ အဆိုပြုသဘာဝနယ်မြေအတော်များများကို ရှာဖွေဖော်ထုတ်ရန်လိုအပ်နေသေးကြောင်းသိရသည်။ တစ်ဖက်တွင်လည်း ဌာနေတိုင်းရင်းသားများနှင့်ဒေသခံပြည်သူများ စီမံအုပ်ချုပ်နေသည့်သဘာဝသစ်တောများကိုတရားဝင်အသိအမှတ်ပြုနိုင်သည့်နည်းလမ်းများရှာဖွေပြီးထိန်းသိမ်းရေးသဘာဝနယ်မြေများတိုးချဲ့နိုင်မည့်အခွင့်အလမ်းများကို ဖော်ထုတ်ရန်လိုအပ်ကြောင်းဒေါက်တာမြင့်နိုင်က ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဂုဏ်ပြုကြိုဆို


**နေပြည်တော် ဇွန် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Army General Sergey K. Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဇွန် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှားကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။**(ယာပုံ)**

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားကာကွယ်ရေးဝန်ကြီးတို့သည် ကာကွယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်ဆိုင်ရာ ဆေးပညာသင်တန်းများ စေလွှတ်ရေး၊ စစ်ဘက်အားကစားပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်ရေး၊ အာဆီယံအပေါင်းရုရှား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံတပ်မတော် ရေတပ်စစ်ရေယာဉ်များ အပြန်အလှန်ဆိုက်ကပ်ရေး၊ နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေးနှင့် ပညာတော်သင်အရာရှိသင်တန်းသားများ တိုးချဲ့စေလွှတ်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ရုရှားကာကွယ်ရေးဝန်ကြီးက မော်စကိုမြစ်အတွင်း သင်္ဘောပေါ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီကလည်း Alexander ပန်းခြံရှိ မငြိမ်းသောမီးတောက်ထားရှိသည့် အညတရစစ်သည်ဗိမာန်သို့သွားရောက်၍ ပန်းခွေချ အလေးပြုခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# ဆော်ဒီအာရေဗျဘုရင်က အိမ်ရှေ့စံမင်းသားပြောင်းလဲခန့်အပ်

**ရီယဒ် ဇွန် ၂၁**
ဆော်ဒီအာရေဗျဘုရင်က လက်ရှိအိမ်ရှေ့မင်းသားနေရာ ခန့်အပ်ထားသည့် တူတော်စပ်သူအား ဖယ်ရှားကာ သားအရင်းဖြစ်သူကို အိမ်ရှေ့မင်းသားရာထူးနေရာ အပ်နှင်းခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

ဘုရင် ဆယ်လ်မန် ဘင်အဗ္ဗဒူလာဇစ်က အိမ်ရှေ့မင်းသား မိုဟာမက်ဘင်နာရက်ဖ်အား ရာထူးနေရာမှ ဖယ်ရှားကာ သားအရင်းဖြစ်သူ မိုဟာမက် ဘင်ဆယ်လ်မန်အား သူ၏အမွေဆက်ခံမည့်သူအဖြစ် အိမ်ရှေ့မင်းသားရာထူးကို အပ်နှင်းခဲ့သည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီက ယနေ့သတင်းထုတ်ပြန်သည်။

အသက် (၃၁) နှစ်အရွယ် အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်သည် နိုင်ငံ၏ကာကွယ်ရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းရွက်မည်ဖြစ်သည့်အပြင် တစ်နိုင်ငံလုံးက ရေနံဈေးကွက် တစ်မျိုးတည်းကိုသာ မှီခိုနေရသည့် စီးပွားရေးအခြေအနေကို ပြန်လည်ပြုပြင်ကာ ကဏ္ဍမျိုးစုံစီးပွားရေးဖွံ့ဖြိုးမှုရှိစေရန် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီက ဆော်ဒီအာရေဗျနိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် သူ၏အစိုးရအဖွဲ့၏ ထောက်ခံအားပေးမှုကို ရရှိထားသည်။

အိမ်ရှေ့မင်းသားအသစ်ဖြစ်သူ မိုဟာမက် ဘင်ဆယ်လ်မန်သည် နိုင်ငံတကာနှင့် သံတမန်ဆက်ဆံရေးတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည့်အပြင် သူ၏ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒများကို ပြည်သူအများအပြား ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ဘုရင် ဆယ်လ်မန် ဘင်အဗ္ဗဒူလာဇစ်အနေဖြင့် သားအရင်းကို အိမ်ရှေ့မင်းသားအဖြစ် ခန့်အပ်ခြင်းသည် သူ၏အာဏာကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

သို့သော် အိမ်ရှေ့စံရာထူးနေရာကို ရုတ်တရက်ပြောင်းလဲခန့်အပ်ခြင်းကြောင့် တော်ဝင်မိသားစုအတွင်း ပုန်ကန်တော်လှန်မှုများ ရှိလာနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



ဆော်ဒီအာရေဗျ
အိမ်ရှေ့စံမင်းသား
မိုဟာမက်ဘင်ဆယ်လ်မန်

# ဒုက္ခသည်ဆိုင်ရာပြဿနာ ဖွံ့ဖြိုးပြီးနိုင်ငံများ မျှဝေထမ်းရွက်ရန် ကုလအကြီးအကဲတိုက်တွန်း

**ကုလသမဂ္ဂ ဇွန် ၂၁**
ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဒုက္ခသည်များကို ခိုလှုံခွင့်ပိုမိုပေးရန်လည်းကောင်း၊ ကမ္ဘာ့ဒုက္ခသည်ဦးရေ၏ ၈၀ ရာခိုင်နှုန်းကို လက်ခံထားရသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဝန်ထုပ်ဝန်ပိုးကို မျှဝေထမ်းရွက်ရန်လည်းကောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်သော်နျိုး ဂူတာရက်စ်က တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့တောင်ခြမ်း နိုင်ငံများ၌ ခိုလှုံနေကြသော ဒုက္ခသည်ဦးရေ သန်းပေါင်းများစွာကို လက်ခံထားကြရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဝန်ထုပ်ဝန်ပိုးကို ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများက မျှဝေရယူသင့်ကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ် သို့မဟုတ် သုံးနှစ်က ဒုက္ခသည်များအား လက်ခံသည့် ခွဲတမ်းသတ်မှတ်ချက် ရှိခဲ့မှုကို ပြန်လည်ပြင်ဆင်ကာ ဒုက္ခသည်များကို ပိုမိုလက်ခံသင့်ကြောင်း ဇွန် ၂၀ ရက်က ကျရောက်သည့် 'ကမ္ဘာ့ဒုက္ခသည်များနေ့' အထိမ်းအမှတ်အခမ်းအနားတွင် ကုလသမဂ္ဂအကြီးအကဲ ပြောကြားသည်။

၂၀၁၆ ခုနှစ် နှစ်ကုန်တွင် ဒုက္ခသည်ဦးရေ ၂၂ ဒသမ ၅ သန်းရှိခဲ့ရာ ဆယ်စုနှစ် နှစ်စုတာ ကာလအတွင်း အမြင့်ဆုံး အမှတ်အထိ ရောက်ရှိခဲ့ကြောင်း၊ ဒုက္ခသည်အုပ်စုများအနက် အကြီးဆုံးအုပ်စုမှာ ဆီးရီးယားအုပ်စုဖြစ်ပြီး ပြည်တွင်းစစ်ဖြစ်ပွားခြင်းကြောင့် နေရပ်ဌာနေကို စွန့်ခွာကာ ထွက်ပြေးခဲ့ကြရသူများဖြစ်ပြီး ဆီးရီးယားလူမျိုး ဒုက္ခသည် ၅ ဒသမ ၅ သန်း အထိရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# အစ္စလာမ္မစ် စစ်သွေးကြွများက ဓားစာခံများကို ဖမ်းကာ စာသင်ကျောင်းမှ ဆုတ်ခွာသွားဟု ဖိလစ်ပိုင် စစ်ဘက်ပြောကြား

**မနီလာ ဇွန် ၂၁**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မြို့တစ်မြို့မှ မူလတန်းကျောင်းတစ်ကျောင်းကို သိမ်းယူခဲ့သည့် အစ္စလာမ္မစ် စစ်သွေးကြွများသည် ဇွန် ၂၁ ရက် အစောပိုင်းက အစိုးရတပ်ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အဆိုပါကျောင်းမှ ဆုတ်ခွာသွားကြောင်း၊ သို့ရာတွင် ၎င်းတို့သည် အရပ်သားအချို့ကို ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့များနှင့် အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့ လိုလားသည့် စစ်သွေးကြွများက ရက်သတ္တပါးပတ်နီးပါးကြာ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေသည့် မာရာဝီမြို့၏ တောင်ဘက် ကီလိုမီတာ ၁၉၀ (မိုင် ၁၂၀)အကွာရှိ ပစ်ကာဝါရန်မြို့တွင် ဓားစာခံဖမ်းဆီးမှု ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအသေအပျောက်ရှိသည့် သတင်းများ ထွက်ပေါ်ခြင်း မရှိပေ။

အဆိုပါ မူလတန်းကျောင်းမှ ကျောင်းသားလေးများ ဓားစာခံအဖြစ် ဖမ်းဆီးခံရခြင်း မရှိကြောင်း ဖိလစ်ပိုင်စစ်ဘက်မှ ဗိုလ်မှူးချုပ် ရက်တီတူတို ပါဒီလာက ပြောကြားသည်။ သို့ရာတွင် အချို့သော သတင်းများတွင်မူ စစ်သွေးကြွများက ကလေးသူငယ်အချို့ကို ဓားစာခံများအဖြစ် ထိန်းသိမ်းထားသည်ဟု ဖော်ပြသည်။ စစ်သွေးကြွများသည် စာသင်ကျောင်းမှ ဆုတ်ခွာသွားပြီး အစိုးရတပ်ဖွဲ့များက ၎င်းတို့ကို လိုက်လံဖမ်းဆီးနေကြောင်း ပါဒီလာက ပြောကြားသည်။

ဘန်ဆာမိုရို အစ္စလာမ္မစ် လွတ်မြောက်ရေး တိုက်ခိုက်ရေးသမားများ (ဘီအိုင်အက်ဖ်အက်ဖ်)ဟု အမည်ပေးထားသည့် စစ်သွေးကြွများက အရပ်သားအချို့ကို ဓားစာခံများအဖြစ် ဖမ်းဆီးထားသည်။ ဓားစာခံအဖြစ် အဖမ်းခံရသူ ဦးရေမည်မျှရှိသည်ကို အသေအချာမသိရကြောင်း ဖိလစ်ပိုင်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး အာဗင်အန်စင်နက်စ်က ပြောကြားသည်။

စစ်သွေးကြွများသည် ဓားစာခံများကို လူသားဒိုင်းများအဖြစ် အသုံးပြုနေသဖြင့် ဖိလစ်ပိုင်တပ်ဖွဲ့များအနေဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း ၎င်းက ပြောကြားသည်။

ဇွန် ၂၁ ရက် နံနက်အစောပိုင်းတွင် အဆိုပါ စာသင်ကျောင်းကို လက်နက်ကိုင် ၃၀၀ ခန့်က စီးနင်းခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသော်လည်း နောက်ပိုင်းတွင် စစ်သွေးကြွဦးရေမှာ ၃၀ ခန့်သာဖြစ်ကြောင်း အန်စင်နက်စ်က ပြောကြားသည်။

စစ်သွေးကြွများက အရပ်သားများကို ဘေးလွတ်ကင်းရာအရပ်သို့ ခေါ်ဆောင်သွားခြင်းသာဖြစ်ပြီး အစိုးရတပ်ဖွဲ့များနှင့် အပြန်အလှန် ပစ်ခတ်မှုများနှင့် ဝေးရာတွင် ၎င်းတို့ရှိနေကြောင်း၊ ၎င်းတို့အား ဓားစာခံအဖြစ် ထိန်းသိမ်းထားရန် မရည်ရွယ်ကြောင်း ဘီအိုင်အက်ဖ်အက်ဖ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မစ်ခ်ီမာမာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**ရိုက်တာ။**

# သူလျှိုပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် မောင်းသူမဲ့လေယာဉ်တစ်စင်း မြောက်ကိုရီးယားစေလွှတ်ခဲ့ဟုဆို

**ဆိုးလ် ဇွန် ၂၁**
တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်လ အစောပိုင်းက ရှာဖွေတွေ့ရှိခဲ့ရသော မောင်းသူမဲ့လေယာဉ်တစ်စင်းသည် မြောက်ကိုရီးယား စစ်ဘက်က သူလျှိုပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် စေလွှတ်ခဲ့သည့် လေယာဉ်ဖြစ်ကြောင်း တောင်ကိုရီးယား စစ်ဘက်က ဇွန် ၂၁ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ကိုရီးယားနှစ်နိုင်ငံ နယ်စပ်ဒေသ၏ မြောက်ဘက် ခုနစ် ကီလိုမီတာအကွာ၌ တည်ရှိသော ကွမ်ကျန်းစီရင်စုမှ နေ၍ မေ ၂ ရက်တွင် လွှတ်တင်ခဲ့သော ဒရုန်း လေယာဉ်သည် တောင်ကိုရီးယားနိုင်ငံ ကျန်းဝန်ပြည်နယ် အင်ဂျယ်မြို့အနီး တောင်တစ်လုံးပေါ် ပျက်ကျခြင်း မရှိမီ ကီလိုမီတာ ၄၉၀ ခန့် ပျံသန်းခဲ့ကြောင်း၊ ဒရုန်းလေယာဉ်ပျက်ကို ဇွန် ၁၃ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ပူးတွဲစစ်ဦးစီးချုပ်များဌာနချုပ်ရုံးအောက်ရှိ စစ်ဆင်ရေးလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဂျောင်တုန်းကျင်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ထောက်လှမ်းရေး ဗျူရို သို့မဟုတ် စစ်ဘက်က တောင်ကိုရီးယားနိုင်ငံအတွင်း သူလျှိုပြုလုပ်နိုင်ရန် ဒရုန်းလေယာဉ်ကို စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒရုန်းလေယာဉ်တွင် ချက်သမ္မတနိုင်ငံလုပ် အင်ဂျင်စက် တပ်ဆင်ထားပြီး ၂၀၁၄ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ ဘန်ညာယောင်ဒိုဒေသ၌ ရှာဖွေတွေ့ရှိခဲ့ရသော ဒရုန်းလေယာဉ်ထက် နှစ်ဆကျော် ကွာဝေးသော ခရီးတာကို ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ရိုက်တာ။**


© AFP

# အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် အဆိုတင်သွင်း

**နေပြည်တော် ဇွန် ၂၁**

**ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုးက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦးက အဆိုတင်သွင်းရာတွင် အင်းလေးကန်သည် ယခင်နှစ်က နိုင်ငံခြားသားဝင်ခွင့်မှ ငွေကျပ်သိန်းပေါင်း တစ်သောင်းကျော် ရရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း သိန်းပေါင်းတစ်သောင်းခွဲကျော်အထိ ပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ အင်းလေးကန်ကြီးသည် ယခင်က တောင်နှင့်မြောက် ၃၅ မိုင် ရှည်လျားပြီး ယခုအခါ ၁၀ ဒသမ ၉ မိုင်ခန့်သာ ကျန်သည့်အတွက် သုံးပုံတစ်ပုံခန့် လျော့ကျသွားပါကြောင်း၊ ယခင်က အကျယ် အရှေ့အနောက် ၇ မိုင်ရှိပြီး ယခုအခါ ၃ ဒသမ ၉ မိုင်သာရှိပါကြောင်း၊ အင်းလေးကန်ကြီးပျက်စီးခဲ့ရသည့် အကြောင်းအရင်းများထဲတွင် မှားယွင်းသော စီမံခန့်ခွဲမှု၊ တိုင်းပြည်ဘဏ္ဍာငွေနှင့် နိုင်ငံတကာအကူအညီများအား ပွင့်ပွင့်လင်းလင်းထိရောက်စွာ အသုံးမချနိုင်မှု၊ ဓာတုဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ငါးသယံဇာတ လျော့ပါးလာခြင်း၊ ဌာနဆိုင်ရာများ စုစည်းပူးပေါင်းဆောင်ရွက်မှုမရှိခြင်း စသည့်အချက်များပါဝင်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြရန် အသိပေးကြေညာထားသည်။ အစည်းအဝေးတွင် လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၏ **တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက် မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသောကလေးများအား မြန်မာနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြု တရားဝင်မွေးစာရင်းထုတ်ပေးရန်နှင့် တရားဝင် ကျောင်းသားအဖြစ် လက်ခံသင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ပတွင် မွေးဖွားသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြမည်ဆိုပါက မြန်မာနိုင်ငံသားဟောင်းများနှင့် ပြည်ပတွင်မွေးသည့် မြန်မာနိုင်ငံသားဟောင်းများ၏ သားသမီးများပါ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနိုင်ပါကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေး စိစစ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်သတ်မှတ်သင့်ကြောင်း သဘောထားမှတ်ချက်ပေးပါက အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ရရှိမည်ဆိုပါက မြန်မာနိုင်ငံသားတစ်ဦးခံစားပိုင်ခွင့်ရှိသည့် တာဝန်နှင့်အခွင့်အရေးများကို ရရှိမည်ဖြစ်ပါကြောင်း။

တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက် မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသော ကလေးများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။



ဦးဝင်းမြင့်ဦး



ဒေါက်တာဒေါ်ခင်စည်သူ

တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက် မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသော ကလေးများအား တရားဝင်မွေးစာရင်းထုတ်ပေးနိုင်သည့် အခြေအနေမရှိသေးကြောင်း၊ ၎င်းကိစ္စသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ပါကြောင်း၊ သို့ပါ၍ ပြည်ပနိုင်ငံများတွင် တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများမှ မွေးဖွားသည့်ကလေးတိုင်း မွေးစာရင်းတရားဝင် ထုတ်ပေးရေးကိစ္စအား သီးခြားကိစ္စအဖြစ် သတ်မှတ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ရှေ့လုပ်ငန်းစဉ်များ၊ နည်းဗျူဟာများချမှတ်၍ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဖြေကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကွန်းချောင်းသစ်တောကြိုးဝိုင်းအား ပြန်လည်ပြုစုပျိုးထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကွန်းချောင်းကြိုးဝိုင်းကို ၁၅၈၆၆ ဧကဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကွန်းချောင်းကြိုးဝိုင်းအတွင်း ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဓမ္မတာမျိုးဆက်အထောက်အကူပြုလုပ်ငန်း ဧက ၆၈၀၊ အကွက် နယ်နိမိတ်ပြင်ဆင်ခြင်း ၁၀ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၁၀ မိုင်ကို ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ ဓမ္မတာမျိုးဆက် အထောက်အကူပြုလုပ်ငန်း ဧက ၄၀၀ နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း ၇ ဧကကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ တရားမဝင် စားကျက်ချခြင်း၊ ကျောက်တူးဖော်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်းများ မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၁၉ ခု၊ ၂၉၀၂၇၀ ဒသမ ၀၈ ဧကကို ဖွဲ့စည်းထားရှိပြီး ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း သစ်တောမြေ ၆၂၂၉၂၄ ဒသမ ၈ ဧကကို တည်ထောင်ဖွဲ့စည်းရန် ရည်မှန်းထားရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်းနှင့် ကျောက်ကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့၏ သာစည်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အဆောက်အအုံသစ်ဆောက်လုပ်ပေးရေး၊ တံတားပြုပြင်ပေးရေး၊ ပင်လယ်ရေကြောင်းလုပ်သားဆိုင်ရာ သဘောတူညီချက်အကောင်အထည်ဖော်မှုအခြေအနေနှင့် ဒါးကမြစ်နှင့် အိမ်မဲချောင်း ရေစီးရေလာကောင်းမွန်ရန် နုန်းများဆယ်ယူပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး တင်သွင်းထားသည့် **နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့က ဆွေးနွေးကြပြီး အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနည်းတူ သဘာဝဘေးအန္တရာယ်ကြုံတွေ့မှု တဖြည်းဖြည်း များပြားလာသည့်အတွက် လယ်ယာလုပ်ငန်းများကို မှီခိုအားထားနေရသော တောင်သူလယ်သမားများ၏ ထိခိုက်နစ်နာမှုများ လျော့နည်းစေရန်နှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အာမခံလုပ်ငန်းတွင် စိတ်ချယုံကြည်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း သီးနှံအာမခံစနစ်အတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာဖတ်ကြားတင်ပြခြင်း၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်းတို့လည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်

**နေပြည်တော် ဇွန် ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံရေး သို့မဟုတ် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ၊ တရားဥပဒေစိုးမိုးရေး၊ ကျောင်းများအဆင့်တိုးမြှင့်ရေးနှင့် ဝန်ထမ်းအိမ်ရာများဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **သထုံခရိုင် ဘီးလင်းမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့ဝင်ဝန်ထမ်းအိမ်ရာများ ပျက်စီးယိုယွင်းနေခြင်းအတွက် လိုအပ်သော အဆောက်အအုံသစ်များကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဘီးလင်းမြို့နယ်ရှိ ဘီးလင်းမြို့မရဲစခန်း၌ ၄ ခန်းတွဲ ၂ ထပ် သံကူကွန်ကရစ်အဆောက်အအုံတစ်လုံးနှင့် တောင်စွန်းနယ်မြေရဲစခန်း၌ ၆ ခန်းတွဲ ၂ ထပ် သံကူကွန်ကရစ် အဆောက်အအုံတစ်လုံးတို့ကို ဆောက်လုပ်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ) အသုံးစရိတ်တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁/၂၀၁၂)ဖြင့် ပြဋ္ဌာန်းထားသော လယ်ယာမြေဥပဒေပုဒ်မ ၃၃ အရ ကျွဲ၊ နွား စားကျက်မြေကို ရှေးယခင် မိဘ၊**



ဒေါ်သီရိရတနာ



ဦးတက်ထွန်းအောင်



ဦးကျော်ကျော်

**ဘိုးဘွားလက်ထက်ကဲ့သို့ မပျက်စီးစေဘဲထားစေရန်၊ ကျူးကျော်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူဖော်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပေါက်တောမြို့နယ် ကံပြင်ကျေးရွာအုပ်စုတွင် စားကျက်မြေ စုစုပေါင်း ၂၂၉ ဒသမ ၈၉ ဧကရှိပါကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကံပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၄၄) ကမ်းပိုင်ကြီးကွင်းရှိ ဦးမောင်ငြိမ်း စိုက်ပျိုးထားသော မြေဧရိယာ ၁၂ ဧကသည် မြေစာရင်းမှတ်ပုံတင် ၁ (ခ) တွင် စားကျက်မြေအဖြစ် သတ်မှတ်ထားပါကြောင်း ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြချက်အရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဦးမောင်ငြိမ်းအား စားကျက်မြေပေါ်တွင် ကျူးကျော်ထွန်ယက်စိုက်ပျိုးခြင်းမပြုရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခဲ့ပါကြောင်း။

ထို့ကြောင့် စားကျက်မြေပေါ်တွင် စိုက်ပျိုးခဲ့သော ဦးမောင်ငြိမ်းအနေဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ရှေ့မှောက်တွင် ဝန်ခံကတိပြု လက်မှတ်ရေးထိုးပြီးဖြစ်သည့်အပြင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ စားကျက်မြေပေါ်တွင် ကျူးကျော်စိုက်ပျိုးခြင်း မရှိပါကြောင်းနှင့် လက်ရှိအချိန်တွင် မူလစားကျက်မြေအတိုင်း တည်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **အမ်းမြို့နယ် နွားရုံတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုအရ အဆင့်တိုးမြှင့်ပေးခဲ့သည့် အခြေခံပညာကျောင်း ၄၁၂ ကျောင်း၊ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုမရှိသော်လည်း ပင်မကျောင်းနှင့် သတ်မှတ်ခရီးအကွာအဝေးထက် ပိုမိုဝေးကွာသဖြင့် သင်ယူမှုအခွင့်အလမ်း ရရှိစေရန် ရည်ရွယ်၍ အဆင့်တိုးမြှင့်ပေးခဲ့သော အခြေခံပညာကျောင်း ၄၆၈၇ ကျောင်း၊ အခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်းကို သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးသို့ အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

အဆင့်တိုးမြှင့်မှုတွင် အမ်းမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၁၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၂၃ ကျောင်း ပါဝင်ခဲ့ပါကြောင်း။

အမ်းမြို့နယ် နွားရုံတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ပင်မကျောင်းဖြစ်သော မင်းတက် အခြေခံပညာအထက်တန်းကျောင်းနှင့် ကုန်းလမ်းခရီး ကိုးမိုင်ကွာဝေးသဖြင့် သွားလာရေးခက်ခဲမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယခုပညာသင်နှစ်တွင် ကျောင်းသား ၁၇၆ ဦး ရှိသော်လည်း ပင်မကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးခြင်းဟူသည့် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ၍

စာမျက်နှာ ၇ သို့

# ပြန်လည်စဉ်းစားသုံးသပ်သင့်သည့် ဘတ်ဂျက်အစ ရာသီလ

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

ပြီးခဲ့သည့် မေလနှင့်ဇွန်လအတွင်း နိုင်ငံပိုင်သတင်းစာများတွင် အများဆုံးတွေ့ရသည့်ကိစ္စမှာ ဌာနဆိုင်ရာများမှ တင်ဒါခေါ်ယူကြသည့် ကြော်ငြာများပင် ဖြစ်သည်။ ၎င်းတို့ ခေါ်ယူနေကြသည့်တင်ဒါများကို လေ့လာကြည့်သည့်အခါ ပြီးခဲ့သည့် ဧပြီလ ၁ ရက်နေ့တွင် စတင်ခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် အရအသုံးဆိုင်ရာဥပဒေအရခွင့်ပြုချက်ချမှတ်ခဲ့သည့် ခွင့်ပြုဘဏ္ဍာငွေစာရင်းများအရ ဆောက်လုပ်ကြမည့် အဆောက်အအုံများဆောက်လုပ်ရန်နှင့် ပစ္စည်းများဝယ်ယူရန်အတွက်ဖြစ်ကြောင်း တွေ့ရသည်။ ထိုကိစ္စမှာ နှစ်စဉ်နှစ်တိုင်းဆောင်ရွက်နေသည့် ကိစ္စဖြစ်ပြီး မည်သည့်အတွက် ယခုမှအဆန်းလုပ်၍ ပြောနေသနည်းဟူသည့် အမေးလည်းရှိလာနိုင်ပါသည်။

မှန်ပါသည်။ ဧပြီလ ၁ ရက်နေ့တွင် စတင်ခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် ဌာနဆိုင်ရာများအလိုက် ဝယ်ယူခွင့်ပြုထားခဲ့သည့် စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများနှင့်အခြားပစ္စည်းပေါင်းစုံအတွက် ထူးဆန်းပြီးမပြောလိုသော်လည်း ယခုတင်ပြလိုသည့်အကြောင်းမှာ တစ်နိုင်ငံလုံးရှိဒေသအမျိုးမျိုးတွင်ဆောက်လုပ်ကြမည့် အဆောက်အအုံများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာအသီးသီးမှ တင်ဒါခေါ်ယူကာ မြေပြင်တွင်ဆောက်လုပ်ကြရတော့မည့် ကိစ္စကိုသာ အဓိကပြောလိုရင်းဖြစ်သည်။

**၁၉၅၁-၅၂ဘဏ္ဍာရေးနှစ်ကတည်းကစခဲ့ကြသည့် ဘတ်ဂျက်အစ ရာသီလ**

လွန်ခဲ့သည့် ၁၉၅၂ ခုနှစ်ခန့်ကတည်းက ဘဏ္ဍာရေးနှစ်အတွက် အစကနဦးလရက်သည် ဧပြီလ ၁ ရက်နေ့ဖြစ်နေခဲ့ပြီး ထိုရက်ကိုပင် ယနေ့ထိတိုင်ပြောင်းလဲခဲ့သည့် အစိုးရအဆက်ဆက်ကျင့်သုံးနေဆဲဖြစ်သည်ဆိုသည်မှာ အများသိကြပြီး ဖြစ်မည်ထင်သည်။ ယခုဆောင်းပါးတွင် စာရေးသူတင်ပြလိုသည်မှာလည်း ထိုဘတ်ဂျက်နှစ်၏အစရာသီလကို ပြောင်းလဲကျင့်သုံးရန်ကိစ္စပင် ဖြစ်သည်။ ပြောချင်သည်မှာ ဧပြီလ ၁ ရက်နေ့တွင် ဘတ်ဂျက်နှစ်စတင်သည်ဆိုသော်လည်း နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ ရင်းနှီးမြှုပ်နှံကြမည့် စီမံကိန်းအသစ်များအရ အသစ်တည်ဆောက်ကြမည့်စက်ရုံ၊ အလုပ်ရုံများအတွက် ဧပြီလအတွင်း တစ်ခါတည်းစတင်ဆောက်လုပ်ကြရန်မဖြစ်နိုင်သေးပေ။ နိုင်ငံတော်မှရေးဆွဲထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအရ တင်ဒါခေါ်ယူရေးအတွက်ပထမဦးဆုံးသတင်းစာများတွင် စတင်ခေါ်ယူခြင်း၊ နောက်လျှောက်လွှာတင်သူများကို တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ကြရခြင်းနှင့် လုပ်ငန်းစီမံချက်များပြင်ဆင်ကြရခြင်းများကြောင့် အမှန်တကယ်မြေပြင်တွင်လုပ်ကိုင်ဆောင်ရွက်ကြရမည့်သူများမှာ ဇွန်လဆန်းပိုင်း(သို့မဟုတ်)ယခုလိုမိုးဦးကာလအစ ဇွန်လကုန်ပိုင်းတွင်မှ လုပ်ငန်းများစတင်နိုင်ကြမည်ဖြစ်သည်။

**ဒေသမျိုးစုံ မိုးရာသီနှင့်ကြုံကြရ**

ဇွန်လဆန်းပိုင်းနှင့်ဇွန်လကုန်ပိုင်းအချိန်လရာသီဆိုသည်မှာ ကျွန်ုပ်တို့နိုင်ငံ၏ရာသီစက်ဝန်းအရဆိုလျှင် အများသိကြသည့်အတိုင်း မိုးရာသီအစကိုချင်းနင်းဝင်ရောက်နေပြီဖြစ်သလို အချို့နေရာအတော်များများတွင် ဗွက်များ၊ ရွှံ့များဖြစ်ကာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အချိန်ဖြစ်နေမည်မှာ အသေအချာပင်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောမြို့၊ ရွာများကိုမဆိုလိုသော်လည်း အချို့တောင်ပေါ်ဒေသနှင့် ကျေးလက်ဇနပုဒ် ဒေသတောရွာများတွင် အကောင်အထည်ဖော်ဆောက်လုပ်ပေးကြရမည့် ပညာရေး၊ ကျန်းမာရေးအတွက် စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများအတွက် သောက်သုံးရေကန်များနှင့် ချောင်းကူးမြောင်းကူးတံတားများဆောက်လုပ်ရေးအတွက် ဆောက်လုပ်ရေးပစ္စည်းတွေသယ်ယူကြရန် ခက်ခဲသွားစေသလို အများစုအနေဖြင့်လည်း လယ်ယာလုပ်ငန်းခွင်များ စနေကြပြီဖြစ်သည့်အတွက် အလုပ်သမားလည်းရှားပါးသည့်အချိန်ကိုရောက်နေခဲ့ပါပြီ။ နောက်အခြားတစ်ဖက်ကကြည့်ရင်လည်း အင်ဂျင်နီယာစံနှုန်းများအရ အောက်ခံမြေသားလုပ်ငန်းပိုင်းဆိုင်ရာများတွင် မြေသားမတည်ငြိမ်မှုတွေကြုံနေကြရပါပြီ။

**ရွှေ့ကခင်း နောက်ကပျက် မိုးလေများကဖျက်**

လမ်းပန်းဆက်သွယ်ရေးကိစ္စများအတွက် လမ်းတွေကိုပြုပြင်ခင်းကျင်းကြသည့်နေရာတွင်လည်း မိုးရာသီအစတွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းများ၊ မိုးကြီးလေကြီးမှုနှင့်ရေကြီးရေလျှံမှု၊ မြေပြိုမှုများအကြားတွင်ဆောက်လုပ်ရေးလုပ်ငန်းများလည်း အမှန်တကယ်အရည်အသွေးစံချိန်မီလာနိုင်ပါ့မလားဆိုသည့် စဉ်းစားစရာများဖြစ်လာရမည်မှာ မလွဲပေ။ ထို့အပြင် ဆောင်ရွက်ကြရသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်ရွက်မှုစီမံကိန်းတွေတိုင်းသည်လည်း မိုးကြီးမှု၊ ရေကြီးရေလျှံမှုများကြောင့် လိုသလောက်ခရီးပေါက်ကြမည် မဟုတ်ဘဲ အစိုးရဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်ရှေ့တိုးပြီးလုပ်ငန်းများဆောင်ရွက်ကြရမည့်အစား ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်နေရာချထားပေးရေးလုပ်ငန်းများအကြားတွင်ပင် ဘဏ္ဍာငွေအမြောက်အမြားလေလွင့်ကာ ထပ်မံကုန်ကြရလေသည်။

**ဘတ်ဂျက်အစ လရက်ပြောင်းမှ အဆင်ပြေကြ**

သည့်အတွက်ပင် အထက်တွင်တင်ပြခဲ့သည့်အချက်များအပေါ် ခြုံငုံပြီးပြန်ကြည့်ရလျှင် ဘတ်ဂျက်လစသည့် လရက်သည် ဧပြီလတစ်ရက်ဟုသတ်မှတ်ခဲ့ကြခြင်းအတွက် အမှန်တကယ်မြေပြင်တွင် အကောင်အထည်ဖော်ဆောက်လုပ်ကြရမည့်အချိန်များသည် မိုးတွင်းကာလကိုရောက်ရှိသွားခဲ့ပြီးလုပ်ငန်းတိုင်းတွင်အခက်အခဲများစွာဖြင့် ကြုံတွေ့နေကြရသည်ဆိုတာကိုထောက်ပြလိုရင်းသာ ဖြစ်သည်။ ထို့အတွက် ထိုလရက်ကို ပြင်မှသာဆောက်လုပ်ရေးလုပ်ငန်းများနှင့် ထိုအတွက်လိုအပ်သည့် သံချောင်းများ၊ ဘိလပ်မြေများ၊ ကျောက်များ၊ သဲများနှင့် အခြားဆက်စပ်ပစ္စည်းများ၊ စက်ယန္တရားကြီးများ ရွှေ့ပြောင်းသယ်ဆောင်စုပုံရမည့် လုပ်ငန်းများနှင့်အောက်ခံမြေသားအတွက်ခိုင်ခံ့မှုလုပ်ငန်းများ အဆင်ပြေချောမွေ့လာနိုင်မည်ဟု သုံးသပ်ကြည့်ရမည်သာ ဖြစ်ပါသည်။

**ဖြစ်သင့်သည့်လရက် အကြံပြုချက်**

ဘဏ္ဍာရေးနှစ်အစ သတ်မှတ်သည့်လရက်အနေဖြင့် အမှန်ဖြစ်သင့်သည်မှာ နှစ်စဉ်နှစ်တိုင်း ဩဂုတ်လလောက်သာ ဖြစ်သင့်သည်။ ဩဂုတ်လတစ်ရက်နေ့တွင်စတင်သည်ဟု ဆိုငြားအံ့၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ပစ္စည်းဝယ်ယူရေးစည်းမျဉ်းများအကြား တင်ဒါခေါ်ယူစိစစ်ရေးလုပ်ငန်းများကို စက်တင်ဘာလတွင် ပြီးပြတ်အောင် ဆောင်ရွက်ကြမည်ဆိုလျှင်မိုးလေကင်းမည့် အောက်တိုဘာလအစ(သို့မဟုတ်) အောက်တိုဘာလလယ် နိုဝင်ဘာလဆန်းပိုင်းတွင်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပစ္စည်းများ စတင်သယ်ဆောင်ခြင်း၊ စုပုံခြင်းနှင့်မြေသားအောက်ခံမာသည့် ဒီဇင်ဘာလပိုင်းတွင်လုပ်ငန်းများစတင်နိုင်ကြမည်ဖြစ်သည်။ ထိုမှတစ်ဖန် ဆောင်းရာသီနှောင်းပိုင်းနှင့် နွေရာသီကာလတွင် အဆောက်အအုံများကို ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်နေနိုင်ကြပြီး မပြီးပြတ်သေးနိုင်သည့် ဆေးလုပ်ငန်းများ၊ မီးနှင့်အလှဆင်ခြင်းလုပ်ငန်းများကိုသာ မိုးရာသီအစပိုင်းတွင် အပြီးသတ်အချောကိုင်ခြင်းများဆောင်ရွက်နိုင်ခြင်းဖြင့် အမှန်တကယ်အကျိုးဖြစ်ထွန်းလာစေမည်လည်း ဖြစ်သည်ဟုအကြံပြုချင်ပါသည်။

**အရည်အသွေးများ စံချိန်မီကာ ကုန်ကျမှုနည်းလာ**

သို့မှသာဆောက်လုပ်သည့် အဆောက်အအုံများသည် အောက်ခံဖောင်ဒေးရှင်းခိုင်ခံ့ခြင်း၊ လျော့ကျကွဲအက်မှုမရှိခြင်း၊ ပစ္စည်းသယ်ယူစရိတ်ယာဉ်ရထားခများဈေးနှုန်းသက်သာခြင်းနှင့် အရည်အသွေးစံချိန်မီခြင်းများဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက ဘတ်ဂျက်ကာလအစ ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးရာသီကာလတွင် စတင်ဆောက်လုပ်ထားသည့်အဆောက်အအုံများဖြစ်သဖြင့် အရည်အသွေးဆန်းစစ်လက်ခံမည့်အဖွဲ့များအနေဖြင့် ပြီးစီးစဉ်တွင် စစ်ဆေးစဉ်ကကောင်းမွန်စွာတွေ့ရှိ၍လက်ခံထားကြသော်လည်း အချိန်အနည်းငယ်အကြာတွင် မြေသားများလျော့ကျမှုကြောင့်ဖောင်ဒေးရှင်း အုတ်လိုင်းများကွဲအက်ခြင်း၊ တံခါးများပိတ်မရခြင်း၊ နံရံများကွဲအက်ခြင်းနှင့် တံတားတိုင်များနိမ့်ဆင်းခြင်းများကို ကြုံတွေ့နေကြရမည်မှာ မလွဲဧကန်ပင်ဖြစ်ပြီး ယနေ့တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကြုံတွေ့နေရသည်မှာလည်း ထိုကိစ္စပင် ဖြစ်ပါသည်။

အစိုးရသစ်တစ်ရပ်အနေဖြင့် ၎င်းတို့အပေါ်သတ်မှတ်ထားသည့် သက်တမ်းငါးနှစ်အတွင်းတွင် ၎င်းတို့ဖော်ဆောင်လုပ်ကိုင်ကြရမည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အများအပြားရှိနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ခေတ်အဆက်ဆက်ကသတ်မှတ်ပြဋ္ဌာန်းထားသည့် ဘတ်ဂျက်ဥပဒေတွင်သတ်မှတ်ထားသော ဧပြီလအစနှင့် အစိုးရတစ်ရပ်၏တာဝန်လွှဲပြောင်း လက်ခံရယူခြင်းဆိုင်ရာ ကာလရက်များ၏ အားနည်းချက်များအကြားတွင် နောင်လာမည့်နှစ်စဉ်နှစ်တိုင်းဘဏ္ဍာရေးနှစ်အစတွင် မိုးရာသီအစမိုးများသည့်ကာလများနှင့် တိုးနေရတော့မည်မှာ အမှန်ပင်ဖြစ်သည်။

**ကမ္ဘာလုံးဆိုင်ရာရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကိုလည်း ထည့်စဉ်းစားသင့်**

ထို့အပြင် ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေကြရသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ် (Globilization of Weather Changes) အတွင်း ရင်ဆိုင်ကြရမည့် ဘတ်ဂျက်နှစ်ကာလအစတွင် ဖြစ်ပေါ်လာမည့် မိုးကြီးရေကြီးရေလျှံမြေပြိုမှုများအကြားတွင် ယခုသတ်မှတ်ထားသည့် ဘတ်ဂျက်လရာသီအစအနေဖြင့် အမှန်တကယ်အလုပ်ဖြစ်ပါတော့မည်လားဆိုသည်ကိုလည်း ပြန်လည်သုံးသပ်စဉ်းစားကြရတော့မည်ဖြစ်သည်။

အချုပ်အားဖြင့်တင်ပြလိုရင်းမှာ ယခင်အစိုးရအဆက်ဆက်မှရေးဆွဲပြဋ္ဌာန်းခဲ့ကြသည့် ဘဏ္ဍာရေးဥပဒေပါအတိုင်း၊ လမ်းဟောင်းကြီးအတိုင်းဆက်မသွားကြတော့ဘဲ ပြင်ဆင်သင့်ပြင်ဆင်ထိုက်သည့်အချက်များကို ရဲရဲဝံ့ဝံ့ပြင်ဆင်ကြရမည်သာဖြစ်သည်။ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း မြေပြင်တွင် အမှန်တကယ်ကြုံတွေ့နေကြရသည့် ယခုကျွန်ုပ်တင်ပြသည့် အခြေအနေများကို ထိမ်ချန်ထားကြခြင်းမျိုးမလုပ်ကြဘဲ စိတ်ရင်းစေတနာကောင်းများထားပြီး အထက်လူကြီးများသိအောင်တင်ပြကြရမည်လည်း ဖြစ်သည်။ ပြောင်းလဲပြင်ဆင်ထိုက်သည့်ကိစ္စများအပေါ် ပြောင်းလဲကျင့်သုံးမှုသာ ယခုကာလမှာရော နောက်နောင်ကာလအစိုးရသစ်များ အဆက်ဆက်အတွက်ပါအဆင်ပြေချောမွေ့သွားစေမည်မှာအမှန်ပင်ဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

## စာပေသုတ၊ ရသ ဆိုင်ရာ စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း (အင်းစိန်မြို့နယ်) စာပေကော်မတီအဖွဲ့မှ ကြီးမှူးကျင်းပသော (၇)ကြိမ်မြောက် မိုးရာသီ စာပေဟောပြောပွဲနှင့် ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကို အင်းစိန်မြို့နယ်အတွင်းရှိ ဝါရင့်စာရေးဆရာကြီးများ၏ စာပေခရီး ဖြတ်သန်းမှုနှင့် ဘဝအတွေ့အကြုံ သုတ၊ ရသများကို နောင်မျိုးဆက်သစ်လူငယ်များ၊ စာပေဝါသနာပါသူများ ပေါ်ထွန်းလာစေရန် ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း စာပေကော်မတီအဖွဲ့မှ ဆရာ ဦးတင်ဌေး (ရန်မိုးအောင်-အင်းစိန်) က ပြောကြားသည်။

ထို့နောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက မုဒိတာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ အတွင်းရေးမှူး မောင်မောင်ဝင်းမြင့်(မှူခင်း)၊ မောင်နွယ်မြင့်(စာပေဗိမာန်စာမူဆုရ)တို့က "စာပေမြင့်မှ လူမျိုးတင့်မည်" အကြောင်းအရာတို့ကို အမှတ်တရစကားများ ပြောကြားခဲ့သည်။ "ကျွန်တော်ကြည်ညိုအလေးစားရဆုံး ပုဂ္ဂိုလ်များ" ခေါင်းစဉ်ဖြင့် ဆရာကြီးဦးရန်နောင် (ရန်နောင်-ပညာရေး)က လည်းကောင်း၊ "စကားအကြောင်း၊ စာအကြောင်း" ခေါင်းစဉ်ဖြင့် စကားလုံးပေါင်း (၁၀၀၀)ရှိရင် အရုပ်ပေါင်းတစ်ခုဖြင့် စကားအဓိပ္ပာယ်မှန်ကန်အောင် စကားအရေးကြီးပုံ၊ စကားအကြောင်းစနစ်တကျဖွဲ့စည်းထားသည့် စာအကြောင်းအရာတို့ကို ပြည့်ပြည့်စုံစုံ ဟောပြောသူ ဦးသက်တင်(မောင်သာတင့်)ကလည်းကောင်း၊ "မေတ္တာ၊ သစ္စာ၊ သီလ" ခေါင်းစဉ်ဖြင့် ဆရာမောင်တင်လှိုင်(အင်းစိန်)ကလည်းကောင်း၊ "ကျွန်တော့်ဘဝနှင့် စာပေ"ခေါင်းစဉ်ဖြင့် ဒေါက်တာဗိုလ်သံမဏိ (တောင်တွင်းကြီး)ကလည်းကောင်း၊ ဘဝအတွေ့အကြုံများနှင့် သုတ၊ ရသ၊ စာပေ အကြောင်းအရာတို့ကို ဟောပြောခဲ့ကြသည်။

**(၆၈၄)**

## မြန်မာ့စာပို့လုပ်ငန်းမှတစ်ဆင့်ငွေလွှဲ/ငွေထုတ်ဝန်ဆောင်မှု တိုးချဲ့ဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၂၁**

၂၀၁၇ ခုနှစ် ဇွန်လမှစ၍ မြန်မာ့စာပို့လုပ်ငန်းမှတစ်ဆင့် ငွေလွှဲ၊ ငွေထုတ်ဝန်ဆောင်မှုပေးခြင်းကို တိုးချဲ့ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စာပို့လုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ ဦးသောင်းခိုင်စိုးက ပြောသည်။

"အရင်တုန်းက ဝန်ဆောင်မှုပေးတဲ့အပြင် ဘဏ်လုပ်ငန်းတွေနဲ့ ငွေကြေးဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်သွားမှာပါ။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေ ကိုယ်နေတဲ့နေရာမှာ စာတိုက်လေးတစ်ခုရှိတယ်ဆိုတာနဲ့ ငွေလွှဲ/ငွေထုတ်လုပ်နိုင်မှာပါ။ ဘဏ်အကောင့်ရှိစရာ မလိုတော့ဘူး။ မြန်မာနိုင်ငံမှာ လူဦးရေငါးဆယ့်နှစ်သန်းကျော်ရှိတဲ့အထဲမှာ နှစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ ဘဏ်အကောင့်ရှိတယ်" ဟု မန်နေဂျာဦးသောင်းခိုင်စိုးက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နိုင်ရန် CB bank My Kyats Myanmar Mobile Money အစရှိသည့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူများနှင့် အကျိုးတူပူးပေါင်းရန် သဘောတူညီမှုရရှိကာ လက်ရှိတွင် ဝန်ထမ်းများအား လုပ်ငန်းပိုင်းဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးနေကြောင်း သိရသည်။

ထို့အပြင် မြန်မာ့စာပို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများကို ဝန်ဆောင်မှုနှင့် ရေးသားနည်းများကို လေ့လာနိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ နောက်ရက်များတွင် လှိုင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်း ပညာ တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာ တက္ကသိုလ်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။



**(ဇာနည်မောင်)**

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၂၁**

ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံသည်။




အလားတူ ပျက်ကျခဲ့သော လေယာဉ်တွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုး **(အပေါ်ပုံ)** က လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ်တင်သွင်းခွင့် စတင်ခွင့်ပြုချိန်မှ ယခုနှစ် မေလအထိ မော်တော်ယာဉ် ၅၈၇၄၀၂ စီး ပါမစ်ခွင့်ပြုပြီးဖြစ်

**နေပြည်တော် ဇွန် ၂၁**

မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၃/၂၀၁၇) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ်တင်သွင်းခွင့် စတင်ခွင့်ပြုချိန်မှ ယခုနှစ်မေလထိ စုစုပေါင်း မော်တော်ယာဉ်ပါမစ် ၅၈၇၄၀၂ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါကြောင်း၊ Car Sale Center နှင့် Show Room များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်နိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးအဖွဲ့များကို ဖွဲ့စည်းစစ်ဆေးခဲ့ပြီး စည်းမျဉ်းစည်းကမ်းလိုက်နာမှုမရှိသော Car Sale Center များ၊ Show Room များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းတိုးတက်ရန်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာအသီးသီးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုအပိုင်း၊ မှတ်ပုံတင်ခြင်းအပိုင်း၊ အခွန်ပေးဆောင်ခြင်း အပိုင်းများကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အခက်အခဲများအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ လုပ်သားအင်အားအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်း ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ လုပ်သားအင်အားအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းကို ဇွန် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယခုထုတ်ပြန်သည့် လုပ်သားအင်အားအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းတွင် လုပ်သားအင်အားပါဝင်မှု၊ လုပ်သားဈေးကွက်အခြေအနေနှင့် အလုပ်လက်မဲ့အခြေအနေ စသည့်အကြောင်းအရာများကို အသေးစိတ်လေ့လာဆန်းစစ်ရေးသားထားသည်။ သန်းခေါင်စာရင်း ရလဒ်များအရ မြန်မာနိုင်ငံ၏ လုပ်သားအင်အားစုတွင် လူငယ်လူရွယ်များစွာ ပါဝင်နေပြီး အမျိုးသမီးများထက် အမျိုးသားများပါဝင်မှုပိုမိုကြောင်း တွေ့ရှိရပြီး အသက်(၁၅)နှစ်မှ (၆၄)နှစ် ကြားအုပ်စုတွင် အမျိုးသားလုပ်သားအင်အားပါဝင်နှုန်း ၈၆ ရာခိုင်နှုန်းရှိ၍ အမျိုးသမီးလုပ်သားအင်အားပါဝင်နှုန်းသည် ၅၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သန်းခေါင်စာရင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် အလုပ်လုပ်သောကလေး များပြားလျက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူချိန်တွင် အသက်(၁၀-၁၄)အုပ်စုရှိ ကလေး ငါးသိန်းကျော်သည် အလုပ်လုပ်ကိုင်နေ၍ ကလေး ၇၇၀၀၀ သည် အလုပ်ရှာဖွေနေကြသူများဖြစ်ကြသည်။ အလုပ်လုပ်နေရသည့်ကလေးများ၏ ကျောင်းတက်ရောက်မှုမှာ နိမ့်ကျလျက်ရှိပြီး (၁၀)နှစ်အရွယ် အလုပ်လုပ်နေရသည့် ကလေး ၈၂ ရာခိုင်နှုန်းနှင့် (၁၂)နှစ်အရွယ် အလုပ်လုပ်နေရသည့်ကလေး ၉၁ ရာခိုင်နှုန်းသည် လုံးဝကျောင်းမနေဖူးသူများဖြစ်ကြသည်။

မြန်မာပြည်သူအများစုသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ မှီခိုလုပ်ကိုင်နေရပြီး လုပ်သားအင်အားစုတွင် ပါဝင်သူ ၄၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများဖြစ်ကြပြီး အဆိုပါ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း (Primary Sector) ကဏ္ဍတွင် လုပ်ကိုင်သူအများစုသည် ဆင်းရဲသူများဖြစ်ပြီး လေးရာခိုင်နှုန်းခန့်သာ ကြွယ်ဝချမ်းသာသည့် အိမ်ထောင်စုများတွင် ပါဝင်ကြသည်။

အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့အခြေအနေသည် လူငယ်လူရွယ်အုပ်စုတွင် အမြင့်မားဆုံးဖြစ်ပြီး အသက်(၂၀-၂၄)အုပ်စုတွင် မြို့ပြလူဦးရေ ၁၀ ရာခိုင်နှုန်းကျော်နှင့် ကျေးလက်လူဦးရေ ရှစ်ရာခိုင်နှုန်းတို့သည် အလုပ်လက်မဲ့များဖြစ်ကြသည်။ တိုင်းဒေသကြီး/ပြည်နယ်များအကြား အလုပ်လက်မဲ့နှုန်းကွာခြားချက် မြင့်မားနေပြီး ရခိုင်ပြည်နယ်တွင် ၁၀ ဦးလျှင် တစ်ဦးနှုန်းဖြင့် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်တွင် ၅၀ လျှင် တစ်ဦးနှုန်းဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်အခြေအနေသည် လာမည့်နှစ်များတွင် ဖွံ့ဖြိုးတိုးတက်လာသည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးရှုထောင့် စသည့် အခြေအနေများကြောင့် သိသာထင်ရှားစွာ ပြောင်းလဲလာမည်ဖြစ်ရာ ဤအစီရင်ခံစာတွင် ပြုစုတင်ပြထားသည့် သတင်းအချက်အလက်များနှင့် အကြံပြုချက်များသည် မူဝါဒရေးဆွဲသူများနှင့် မြန်မာနိုင်ငံ၏ နေထိုင်မှုဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ဦးတည်သည့် စီမံကိန်းရေးဆွဲမှုများအတွက် အထောက်အပံ့ဖြစ်နိုင်မည်ဖြစ်သည်။

ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ပြီးဖြစ်သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပင်မအစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာများ၊ အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာ၊ ကိုးကွယ်သည့်ဘာသာအစီရင်ခံစာနှင့် အသေးစိတ် သုတေသနစာတမ်းများဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ သားဖွားမိခင်သေဆုံးခြင်း၊ လူဦးရေပြောင်းလဲခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း၊ လူဦးရေခန့်မှန်းခြင်းနှင့် ယခုထုတ်ပြန်လိုက်သည့် လုပ်သားအင်အား အကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းများအား ပြည်သူ့အင်အားဦးစီးဌာနဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပေးခြင်းအလုပ်ရုံဆွေးနွေး

## ဒိုက်ဦးမြို့နယ်

မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်တွင် ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ၊ သန်းခေါင်စာရင်းကောက်ယူခဲ့မှုသမိုင်းကြောင်းအကျဉ်းကို ပြောကြားသည်။ အဆိုပါမြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

## မုံရွာမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်က မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်မှ ၂၀ ရက်ထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

❐ **စာမျက်နှာ ၅ မှ**

လာမည့်ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ချိန်တွင် အဆင့်တိုးမြှင့်ပေးနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ဥပဒေကြမ်းပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ကျစ်လျစ်ခိုင်မာရေးအတွက် ဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်းပြီး လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ဇွန် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# မြို့နယ်အတွင်း လမ်းနယ်ကျော် ပျံကျဈေးသည်စည်းကမ်းထိန်း

**ရန်ကင်း ဇွန် ၂၁**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်အတွင်းရှိ စက်မှု(၁)၊ ကံဘဲ့ဘူတာရုံလမ်း၊ ဘောက်ထော်ဘူတာရုံလမ်းများပေါ်တွင် လမ်းနယ်ကျော် ပျံကျဈေးသည်များ စည်းကမ်းထိန်းခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည်။

ပျံကျဈေးသည်တွေ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ရောင်းချပြီး မိသားစုစားဝတ်နေရေးအဆင်ပြေမှုဖြစ်စေရန်နှင့် စည်းကမ်းလိုက်နာတတ်သည့် ဈေးသည်များဖြစ်လာအောင် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ထွန်းဝင်း)**



အဝတ်အထည်များနှင့် လက်နက်ပစ္စည်းများ။



လေ့ကျင့်အသုံးပြုသော သေနတ်ပုံစံ သစ်သားချောင်းများ။



အသုံးပြုသော မျက်နှာဖုံးစွပ်များ။



သိုလှောင်ထားသော စားဆီပုံးများနှင့် ပဲအိတ်များ။



ဘူးသီးတောင်မြို့ ကျောင်းတောင်ကျေးရွာအုပ်စု သဲနီ(မြို့)ရွာအနီး ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများ။

**❂ မေယုတောင်ကြောပေါ်မှ**

မသင်္ကာသည့် လူသွားလမ်းကြောင်းများကို တွေ့ရှိသဖြင့် ၎င်းပတ်ဝန်းကျင် တစ်ဝိုက်အား ရှင်းလင်းရာ တစ်ပေခန့်ရှိ ဒေသန္တရလုပ်သေနတ် နှစ်လက်၊ ၉ မမကျည်တစ်တောင့်၊ အလျားပေ ၂၀၊ အနံ ၁၀ ပေခန့်ရှိ တဲတစ်လုံး၊ အလျားပေ ၄၀၊ အနံ ၁၀ ပေရှိ တဲတစ်လုံး၊ အလျားပေ ၄၀၊ အနံပေ ၃၀ရှိ တဲတစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေရှိ တဲတစ်လုံး စုစုပေါင်း လူနေတဲ ငါးလုံး၊ ယမ်းပျော့ (အညိုရောင်) ၅၀ ကျပ်သား တစ်ထုပ်၊ ယမ်းမှုန့်အနက်ရောင် တစ်ပိဿာခန့် တစ်ထုပ်၊ ဆန် ငါးအိတ်၊ ကြက်သွန်နီ တစ်အိတ်၊ အာလူး တစ်ပိဿာ၊ သစ်သားသေနတ် အချောင်း ၂၀၊ ပေါက်ပြား ငါးချောင်း၊ ဂေါ်ပြား ငါးချောင်း၊ ပေါက်ချွန်း သုံးချောင်း၊ အဝါရောင်ဝါယာကြိုးနှစ်ခွေ(ပေ ၄၀၀ ခန့်)၊ နှစ်ပင်လိမ်ဝါယာကြိုးနှစ်ခွေ (ပေ ၂၀ ခန့်)၊ Bushnell တံဆိပ်ပါ မှန်ပြောင်း တစ်လက်၊ ဂွမ်းစောင် ခြောက်ထည်၊ အမျိုးသားဝတ်အင်္ကျီ ၄၅ ထည်၊ ပုဆိုး ၄၅ ထည်၊ အမျိုးသမီးဝတ်အင်္ကျီအထည် ၂၀၊ မျက်နှာဖုံးစွပ်(အနက်) အထည် ၂၀ တို့ကို တွေ့ရှိရသည်။

**အသုံးပြုသော မျက်နှာဖုံးစွပ်များ**

လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းရာ တဲအနီးတွင် အကျယ် ငါးပေ၊ အမြင့် လေးပေခွဲ၊ အရှည်ပေ ၈၀ ခန့်ရှိ လူလုပ်လိုဏ်ခေါင်းတစ်ခုအား တွေ့ရှိရပြီး ဝင်ရောက်ရှင်းလင်းရာ လိုဏ်ခေါင်းအတွင်း အသက် ၃၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးက အရှည်တစ်ပေခွဲခန့်ရှိသည့် ဓားဖြင့် ထွက်ခုတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးမှ ပြန်လည်ခုခံခဲ့သဖြင့် အဆိုပါအမျိုးသားမှာ သေဆုံးသွားကြောင်း သိရသည်။

ဇွန် ၂၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထက်ပါလိုဏ်ခေါင်းအား ဝင်ရောက်ရှင်းလင်းရာ အနက်ရောင် မျက်နှာဖုံးစွပ်ထားသည့် အကြမ်းဖက်သမားတစ်ဦးက ပုန်းကွယ်နေရာမှ ရုတ်တရက်ထွက်လာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓားဖြင့် ခုတ်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရာ ယင်းမျက်နှာဖုံး စွပ်ထားသူအား ထိမှန်၍ နေရာတွင်ပင် သေဆုံးခဲ့သည်။ ဆက်လက်ရှင်းလင်းရာ လိုဏ်ခေါင်းအဆုံးကြမ်းပြင်၌ မြေကြီးများ ဖုံးအုပ်၍ ပုန်းကွယ်နေသည့် မျက်နှာဖုံးစွပ်တစ်ဦး၏ ဦးခေါင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးမှ နင်းမိခဲ့ရာ ပြန်လည်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံရှင်းလင်းခဲ့ရာ နေရာတွင်ပင် သေဆုံးခဲ့သည်။

အဆိုပါနေရာအား ဆက်လက်ရှင်းလင်းရာ ကုလားပဲ အိတ် ၁၀၀ ခန့်၊ ဆီ ၁၀ ပိဿာပုံး ငါးပုံး၊ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်၍ နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ လုပ်ကိုင်သွားလာနေထိုင်စားသောက်နိုင်ရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်နေမှုများကို မျက်ကွယ်ပြုလျက် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်ကိုသာ ဦးတည်ရည်ရွယ်၍ လျှို့ဝှက်ကြံစည်ဆောင်ရွက်နေမှုများကို တွေ့ရှိရပါသည်။


ဖြစ်စဉ်များမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းကလည်း မောင်ကြီးတောင်ကျေးရွာ၌ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူ ဂူမူရှူး (၁၉)နှစ်ပါ လေးဦးအား လုပ်သေနတ် ၁၃ လက်အပါအဝင် ဆက်စပ်ပစ္စည်းများ၊ မတ် ၇ ရက် ညနေပိုင်းက ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာအနီး လျှိုမြောင်အတွင်း၌ အကြမ်းဖက်သင်တန်းသား မော်လဝီအဒူလာမိန်အား ဖမ်းဆီးရမိပြီး လူနေတဲလေးလုံးနှင့် လူအသုံးအဆောင်ပစ္စည်းများ၊ မေ ၄ ရက် ညနေပိုင်းကလည်း ဘူးသီးတောင်မြို့နယ် သဲနီကျေးရွာ အနောက်ဘက်တောစပ်၌ ပေါက်ကွဲမှုဖြစ်ပွား၍ စာကိုင်းကျေးရွာနေ နိုအာလောင်(၂၅)နှစ်ပါ နှစ်ဦးသေဆုံးခဲ့ပြီး တောစပ်ပတ်ဝန်းကျင်မှ လက်လုပ်မိုင်းပြုလုပ်သည့် ယမ်း၊ ကန့်နှင့် ဆက်စပ်ပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ မေ ၂၆ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် သာဝန်ချောင်းကျေးရွာရှိ မာမတ်ရှော်ဖီ အိမ်ခြံဝင်းအတွင်းမှ အရှည်တစ်ပေခွဲခန့်ရှိ လုပ်သေနတ်သုံးလက်နှင့် ကျည်ဆန်များ၊ မေ ၁ ရက်နေ့ ရက်စွဲဖြင့် လူ ၂၀ အား လစာငွေထုတ်ပေးပြီးကြောင်း ပြေစာတစ်စောင်၊ မေ ၂၉ ရက် ညတွင် မောင်တောမြို့နယ် လေယာဉ်ကွင်းရွာနှင့် လေယာဉ်ကွင်းချောင်းအနီး မျက်နှာဖုံးစွပ်လျက် ချုံတောအတွင်း ပုန်းအောင်းနေသည့် သရေကုန်းတန်းအနောက်ရွာနေ အကြမ်းဖက်စစ်သင်တန်း တက်ရောက်ပြီးသူ အဒူရာမန်(၂၇)နှစ်ပါ နှစ်ဦးတို့အား ဖမ်းဆီးမိခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့ရာ ဘာသာရေးအစွန်းရောက်အဖွဲ့မှ ခေါင်းဆောင်ပါ ၁၂ ဦးတို့သည် ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးတို့အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေကြောင်း၊ တစ်ရွာတည်းနေ ဂျော်ဒီဟူဆောင်းနေအိမ်၌ စစ်သင်တန်းများ သင်ကြားပေးခြင်း၊ သိုင်းသင်တန်းသင်ခြင်း၊ ကျေးရွာသူ ကျေးရွာသားများအား အကြမ်းဖက်သင်တန်းများ တက်စေရန် စည်းရုံးခြင်း၊ ဖူတူးယာ(ခ) အေနာတူလာပါ ၁၂ ဦးအား လက်နက်ဖြင့် လေ့ကျင့်ပေးခြင်း၊ ကျေးရွာအမာခံ လူငယ်များအား ငါးလကြာ သင်တန်းပေးလျက်ရှိကြောင်း၊ တစ်ဦးလျှင် လစာငွေ နှစ်သိန်းပေးကြောင်း၊ သင်တန်းဆရာ ဟာဘတ်မာတောရ်လာအား ပြည်ပနိုင်ငံတို့မှ ငွေများ ပို့ပေးကြောင်း၊ မေ ၃၁ ရက် ညနေပိုင်းက ချောင်းကုလားမြောက်ရွာ နေအိမ်တစ်လုံးမှ စကားပြောစက် အလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများ၊ ဇွန် ၁၅ ရက် ညပိုင်းတွင် ဘူးသီးတောင်မြို့နယ် သေကရွာ၌ အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူ ကျောက်လှပြင်ကျေးရွာနေ ကာဒိလ်ဟူဆောင်း (၃၀)နှစ်အား တွေ့ရှိ၍ ဖမ်းဆီးခေါ်ယူစစ်ဆေးခဲ့သည်။

ဖမ်းဆီးထားသည့် ကာဒိလ်ဟူဆောင်းအား စစ်ဆေးမေးမြန်းခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လက်ဝဲဒက်ပြင်ရှည်ရွာဥက္ကဌ ဒီမာမောက်နေအိမ်အား ဓားပြတိုက်ရာ၌ ပါဝင်ခဲ့၍ ထောင်ဒဏ် ခုနစ်နှစ်ကျခံခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့တွင် ဘူးသီးတောင်အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဧပြီ ၂ ရက်မှ မေ ၁၄ ရက်နေ့အထိ မေယုတောင်၏ အနောက်ဘက်ခြမ်း တောင်အလယ်ခန့်တွင် တောင်နံရံအားထွင်း၍ ပေ ၁၁၀ ခန့်အကျယ်ရှိသည့် လိုဏ်ခေါင်းတစ်ခုနှင့် ရှေ့မျက်နှာတွင် ပေ ၂၀၀ ပတ်လည်ခန့် မြေပြင်၌ အကြမ်းဖက်သင်တန်းအား ကျောက်လှပြင်ကျေးရွာနေ ၎င်းနှင့် နိုရာမောက်(ဘ) အာလီယာဘော်တို့ပါ ငါးဦးအပါအဝင် အင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း၊ နည်းပြအဖြစ် မောင်တောမြို့နယ် ဟန်ဒက်ရွာနေ မော်လဝီအီလီယာစ် ဦးဆောင်၍ သင်တန်းသား ၁၀၀ ခန့်အား ကရာတေးတိုက်ခိုက်နည်းပညာများနှင့် လက်နက်ငယ်ပစ်ခတ်နည်း (သေနတ်အစားတုတ်ဖြင့်) သင်ကြားပေးကြောင်း၊ သင်တန်းချိန်အား နံနက် ၆ နာရီမှ နံနက် ၉ နာရီအထိ၊ ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်ကြောင်း၊ သင်တန်းဆင်းပွဲတွင် အကြမ်းဖက်သင်တန်းပေးသည့် ကိစ္စရပ်များအား လျှို့ဝှက်ထားရန် ကုရ်အာကျမ်းကိုင်ပြီး သစ္စာဆိုခဲ့ကြောင်း၊ မော်လဝီအီလီယာစ်မှ ၎င်းတို့အား တောထဲတွင် လှုပ်ရှားနေထိုင်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သင်တန်းဆက်လက်တက်ရောက်ရမည် ဖြစ်ကြောင်း၊ မော်လဝီအီလီယာစ်ပါ ငါးဦးမှ ကျေးရွာတွင် မိသားစုများရှိသဖြင့် ခေတ္တသွားရောက်ရန် ခွင့်တောင်းရာ ကျေးရွာတွင် လူသစ်စုဆောင်းရန်နှင့် ပြန်လာလျှင် တစ်ဦးလျှင် ၅၀၀၀၀ ကျပ်စီ ယူဆောင်ခဲ့ရန် မှာကြားခဲ့ကြောင်း၊ ကျေးရွာတွင် နေထိုင်စဉ် လူငယ်များအား အကြမ်းဖက်သင်တန်း တက်ရောက်ရန် စည်းရုံးလျက်ရှိရာ လူသစ်မရရှိသေးဘဲ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ဇွန် ၂၀ ရက် နံနက် ၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ကျွန်းဂေါင်းကျေးရွာအား ဝင်ရောက်ရှင်းလင်းရာ Arakan Rohigya Salvation Army-ARSA အဖွဲ့၏ ဘဏ္ဍာရေးတာဝန်ခံ မော်လဝီဂျိရာဘူရာမန်အား နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကို Aqua Mul Mujahidin–AMM အဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းအဖွဲ့အပြင် Rohingya National Security Committee – RNSA အဖွဲ့လည်းရှိကြောင်း သိရသည်။ အဆိုပါ အဖွဲ့နှစ်ဖွဲ့ပေါင်း၍ Arakan Rohigya Salvation Army-ARSA အဖွဲ့အဖြစ် ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်တွင် စတင်ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း သိရပြီး စစ်ရေးတာဝန်ခံမှာ Aqua Mul Mujahidin–AMM အဖွဲ့မှ ဟာဗစ်ဒူဟာဖြစ်ကြောင်း သိရသည်။

မောင်တော ဒေသအတွင်း အကြမ်းဖက်နည်းဖြင့် ခြိမ်းခြောက်ကာ ဩဇာလွှမ်းမိုး ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ကျေးရွာဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် စာကြည့်တိုက်မှူး အပါအဝင် အပြစ်မဲ့ပြည်သူ ၃၄ ဦးတို့အား နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူ ၂၂ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းများလည်း ပြုလုပ်ခဲ့သည်။

**(နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ)**



နေထိုင်သော တဲအိမ်များ။

ကြေးမုံ





# နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတွင် ဇူလိုင်လမှ စတင်ဆောင်ရွက်မည်

## ဝန်ထမ်းများတာဝန်ကျရာဒေသတွင် သက်သာသောနှုန်းထားဖြင့် ငှားရမ်းနေထိုင်ခွင့်ရမည်

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးသည့်အခါ နေထိုင်ရေး အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီနှင့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီတို့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ်(၁)၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံ့ဝန်ထမ်းများအားလုံး တာဝန်ထမ်းဆောင်နေစဉ်နှင့် တာဝန်ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူပါက ဘဝလုံခြုံစိတ်ချမှုရှိစေရန်၊ တာဝန်ထမ်းဆောင်ရာတွင်လည်း ကျေနပ်ဝမ်းမြောက်မှုရရှိစေရန် ရည်ရွယ်လုပ်ဆောင်ရသည့် စီမံကိန်းဖြစ်ပါကြောင်း၊ ကာလရှည်ကြာစွာနှင့် လုပ်ငန်းပမာဏကြီးမားစွာ ဆောင်ရွက်ရမည့် လုပ်ငန်းကြီးဖြစ်၍ အခက်အခဲများနှင့် စိန်ခေါ်မှုများလည်း ကြုံတွေ့နိုင်ပါကြောင်း၊ ကောင်းမြတ်သည့် အရင်းခံစိတ်ဖြင့် စုပေါင်းကြိုးစားဖြေရှင်းပါက မလွဲမသွေ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာများ တည်ဆောက်မည့်မြေနေရာ ရွေးချယ်ထားရှိမှုနှင့် အဆောက်အအုံပုံစံများကို ရှင်းလင်းဆွေးနွေးသည်။

နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ စီမံကိန်းများကို ပထမအဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ဇူလိုင်လအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးတို့နှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းသည် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအားလုံးက တာဝန်ကျရာနေရာတွင် အသက်သာဆုံးငှားရမ်းခဖြင့် ငှားရမ်းနေထိုင်ခွင့်ရှိမည်ဖြစ်ပြီး တာဝန်အရ ပြောင်းရွှေ့ခြင်း(သို့မဟုတ်) အလုပ်နုတ်ထွက်ခြင်းများအတွက် ငှားရမ်းထားသောအခန်းကို ပြန်လည်အပ်နှံခြင်း စသည်ဖြင့် ရိုးရှင်းလွယ်ကူစွာ စီမံထားခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းသည် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပင်စင်ယူသည့်အချိန်၌ မိမိတို့ အခြေချနေထိုင်လိုသည့် ဒေသတွင် ဝယ်ယူပိုင်ဆိုင်နေထိုင်နိုင်မည်ဖြစ်ပြီး ငွေပေးချေမှုစနစ်ကို ပုဂ္ဂလိကဘဏ်များနှင့် ပေါင်းစပ်စီမံထားသောစနစ်များအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောဒေသ အကြမ်းဖက်လှုပ်ရှားမှု၊ ဦးဟန်ညောင်ဝေ၏ ပြည်ဝင်ခွင့်ဗီဇာခွင့်ပြုပေးထားမှုနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီပြင်ဆင်ဖွဲ့စည်းရန် သတင်းများထွက်ပေါ်နေမှုတို့နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောအား အခြေပြု၍ အကြမ်းဖက်သင်တန်းများဖွင့်လှစ်နေမှုကို စုံစမ်းဖော်ထုတ်ရရှိမှုဖြစ်စဉ်နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ည ၇ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မောင်တောဒေသ အကြမ်းဖက်လှုပ်ရှားမှုဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ရရှိမှုအခြေအနေများအပြင် ဦးဟန်ညောင်ဝေ၏ ပြည်ဝင်ခွင့်ဗီဇာခွင့်ပြုပေးထားမှုနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)ပြင်ဆင်ဖွဲ့စည်းရန် သတင်းများထွက်ပေါ်နေမှုအပေါ် နိုင်ငံတော်အစိုးရ၏သဘောထားအား အသိပေးအကြောင်းကြားထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။




ဦးဟန်ညောင်ဝေ၏ ပြည်ဝင်ခွင့်ဗီဇာနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဦးဟန်ညောင်ဝေအား ဗီဇာပိတ်သည်ဟု သတင်းများထွက်ပေါ်နေပါကြောင်း၊ ဦးဟန်ညောင်ဝေအား အစိုးရအနေဖြင့် ဗီဇာပိတ်ပင်ထားခြင်းမရှိပါကြောင်း၊ ဦးဟန်ညောင်ဝေသည် EURO- Burma Office အနေဖြင့် ယခင်က Myanmar Peace Center နှင့်ပူးပေါင်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် Multiple Visa ကို ခွင့်ပြုပေးထားပါကြောင်း၊ ယခုအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးကိစ္စများဆောင်ရွက်သည့်အခါတွင် EURO- Burma Office နှင့် သဘောတူညီချက်များ ပြုလုပ်ထားခြင်းမရှိပါကြောင်း၊

မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလည်း မရှိပါကြောင်း၊ ၎င်းကို ဗီဇာမပိတ်ပါကြောင်း၊ သို့သော် ယခင်ကပေးထားသည့် Multiple Visa မရတော့ပါကြောင်း၊ ဦးဟန်ညောင်ဝေအနေဖြင့် မြန်မာနိုင်ငံကို အချိန်မရွေး ဝင်နိုင်၊ ထွက်နိုင်ပါကြောင်း၊ အဝင်/အထွက်လုပ်သည့်အခါတွင် အခြားသူများ ဝင်ထွက်သည့်အတိုင်း Social Visa ဖြင့်ဝင်၍ ရနိုင်ပါကြောင်း၊ သံရုံးများကိုလည်း အသိပေးပြောကြားထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)နှင့်စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက UNFC မှ အစည်းအဝေးလုပ်နေပါကြောင်း၊ အစည်းအဝေးတွင် UNFC အား ပြင်ဆင်ဖွဲ့စည်းရန်ရှိသည်ဟုလည်း သတင်းများကြားသိရပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့၏သဘောထားကို ငြိမ်းချမ်းရေးကော်မရှင်မှ ဒေါက်တာမင်းဇော်ဦးအား ယင်းအစည်းအဝေးသို့ တက်ရောက်၍ပြောကြားရန် စေလွှတ်ထားပါကြောင်း၊ UNFC ပြင်ဆင်ဖွဲ့စည်းပြီးမှ အစိုးရ၏သဘောထားကို လက်ခံနိုင်ခြင်း၊ လက်မခံနိုင်ခြင်းအခြေအနေများ ရှုပ်ထွေးသွားမည်ဆိုး၍ ညီလာခံမတိုင်ခင်ကတည်းက ကြိုတင်၍ ကိုယ်စားလှယ်စေလွှတ်ကာ ပြောရခြင်းဖြစ်ပါကြောင်း။

ထိုသို့ပြောရာတွင် ယခင်အစိုးရ၊ တပ်မတော်နှင့် NCA ညှိနှိုင်းခဲ့စဉ်က ပါဝင်ခဲ့သည့် အဖွဲ့ ၂၁ ဖွဲ့ရှိပါကြောင်း၊ အဆိုပါအဖွဲ့ ၂၁ ဖွဲ့အား အစိုးရအနေဖြင့် အသိအမှတ်ပြုလက်ခံပါကြောင်း၊ ကြားကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့- အဖွဲ့အသစ်များပေါ်လာပြီး UNFC တွင် နောက်ထပ်ထပ်တိုးအနေဖြင့် ပါလာမည်ဆိုပါက မိမိတို့အနေဖြင့် လက်ခံရန်ခက်ခဲမည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ UNFC, DPN တို့မှ တောင်းဆိုချက် (၉) ချက်အပေါ်တွင် ညှိနှိုင်းနေပါကြောင်း၊ ညှိနှိုင်းဆွေးနွေးပွဲ(၅)ကြိမ် ကျင်းပခဲ့ပြီး (၆)ကြိမ်မြောက်ကို ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားရန်ရှိပါကြောင်း၊ (၆)ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးရာတွင် နှစ်ဖက်အခက်အခဲများမဖြစ်ရန် ငြိမ်းချမ်းရေးကော်မရှင်မှ ကိုယ်စားလှယ်စေလွှတ်ပြီး အစိုးရ၏သဘောထားအား ပေးပို့ခြင်းဖြစ်ပါကြောင်း၊ ယင်းသဘောထားမှာ NCA ဆွေးနွေးညှိနှိုင်းစဉ်က ပါဝင်ခဲ့သည့် အဖွဲ့ ၂၁ ဖွဲ့ကိုသာ လက်ခံပါကြောင်း၊ ကျန်သောအဖွဲ့အသစ်များ ပေါ်ပေါက်လာခြင်းနှင့် အဖွဲ့သစ်များ တိုးလာခြင်းကို လက်ခံမည်မဟုတ်ကြောင်းကို ရှင်းရှင်းလင်းလင်းဖြစ်ရန် ကြိုတင်ပြောကြားထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောအား အခြေပြု၍ အကြမ်းဖက်သင်တန်းများဖွင့်လှစ်နေမှုကို စုံစမ်းဖော်ထုတ်ရရှိမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**





တင်းမေကျေးရွာအနီး အကြမ်းဖက်သင်တန်းလေ့ကျင့်သူများ၏ အသုံးပြုခဲ့သည့် တဲများ။



တင်းမေကျေးရွာအနီး အကြမ်းဖက်သင်တန်းလေ့ကျင့်သူများ၏ အသုံးအဆောင်ပစ္စည်းများ။

# နှုတ်ခမ်းနီကလေးတို့၏အသည်းစွဲ စာရေးဆရာတင့်တယ် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အမှတ်တရ

**ခင်မောင်ထွေး၊ နန္ဒာဝင်း**

ယခုနှစ်ပိုင်းအတွင်းဝယ် ၁၉၁၅၊ ၁၉၁၆၊ ၁၉၁၇ ခုနှစ်ဖွား တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားသူ လူပုဂ္ဂိုလ်များ၏ နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် အခမ်းအနားများက သမိုင်းတစ်ပတ် ပြန်လည်ပတ်လာခဲ့ချေပြီ။၁၉၁၅ ခုနှစ်ဖွား မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဝှဲချီးခမ်းနားစွာ ကျင်းပနိုင်ခဲ့သည်။ ထို့အတူ ၁၉၀၇ ခုနှစ်ဖွား တစ်ချိန်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ နှစ်(၁၁၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကိုလည်း ကျင်းပခဲ့ပြန်ပါသည်။ယခုတစ်ဖန် တစ်ခေတ်တစ်ခါက နှုတ်ခမ်းနီကလေးတို့၏ အသည်းစွဲ စာရေးဆရာ၊ သတင်းစာဆရာ၊ ရုပ်ရှင်ဇာတ်ညွှန်းနှင့် ဒါရိုက်တာ တင့်တယ်၏ နှစ် (၁၀၀) ပြည့် မွေးနေ့အခါတော်ကျရောက်လို့ လာခဲ့ချေပြီ။ ဆရာတင့်တယ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုခြင်းနှင့် အမှတ်တရ စာအုပ်ထုတ်ဝေခြင်း အခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းတွင် စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အလားတူ ဆရာတင့်တယ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲကိုလည်း ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာတင့်တယ်နှင့်ပတ်သက်၍ ရေးသားပြုစုထားသော စာပေ၊ ဘဝဆက်နွှယ်ပုံစာတမ်း၊ ကလောင်ခွဲများစာတမ်း၊ စာစုံရေးသားမှု ဝေဖန်သုံးသပ်ချက်စာတမ်း၊ ဘာသာပြန်ဆိုမှု အတတ်ပညာပိုင်းဆိုင်ရာ စာတမ်းနှင့် နိုင်ငံရေးစာပေရေးသားခဲ့သော ဆရာတင့်တယ် စာတမ်းများကို ဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာမောင်ခင်မင် (ဓနုဖြူ)၊ ဆရာမောင်ခေတ်ထွန်း၊ ဆရာဟိန်းလတ်နှင့် ဆရာသူရဇော် တို့က ဖတ်ကြားကြမည်ဖြစ်သည်။

"စာရေးသက်နှစ်(၄၀)ကျော်ရေးသားခဲ့ပြီး မြန်မာ့စာပေသမိုင်းမှာ မပါမဖြစ်တဲ့ စာရေးဆရာဖြစ်ပါတယ်။ သူ့ရဲ့နှစ် (၁၀၀) ပြည့်ပွဲကို မိသားစုအနေနဲ့ အမှတ်တရ ဂုဏ်ပြုချင်တာပါ။ နောင်လာနောက်သားတွေ သမိုင်းကြောင်းအချက်အလက် အမှန်ကျန်ခဲ့အောင် ကျွန်မတို့မှာတာဝန်ရှိပါတယ်။ အဲဒါကြောင့် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အနေနဲ့ ဒီပွဲကိုလုပ်ပြီး စာအုပ်ထုတ်ဝေရခြင်းဖြစ်ပါတယ်။ သူနဲ့ဆက်နွှယ်သူတွေက ပါဝင်ရေးသား ဂုဏ်ပြုကြတာဖြစ်ပါတယ်" ဟု ဆရာတင့်တယ်၏သမီးဖြစ်သူ ဒေါ်ခင်မျိုးဝင်း(သမီးတင့်တယ်)က ပြောသည်။




ဦးဝင်းစိန်(တင့်တယ်)ကို ၂၉ ဇွန် ၁၉၁၇ ခုနှစ်တွင် ပြည်ခရိုင် ရွှေတောင်မြို့ ကင်းမွန်းခြံလမ်း၌ အဖ ဦးဘစိန်၊ အမိ ဒေါ်တင်မေတို့က ဖွားမြင်ခဲ့ပြီး တစ်ဦးတည်းသောသား ဖြစ်သည်။

ဦးဝင်းစိန်(တင့်တယ်)သည် ၁၉၄၆ ခုနှစ်တွင် စာပဒေသာ၊ ၁၉၄၇ ခုနှစ်တွင် ရှုမဝ၊ ၁၉၄၈ ခုနှစ်တွင် ပဒေသာ၊ ၁၉၆၉ ခုနှစ်တွင် စန္ဒာမဂ္ဂဇင်းတို့တွင် စာတည်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ၁၉၅၂ ခုနှစ်ကာလအတွင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း မြန်မာပိုင်းအစီအစဉ်တွင် သုတေသနအရာရှိအဖြစ် သွားရောက်အမှုထမ်းခဲ့သည်။

ပထမဆုံးလက်ရာမှာ ကလောင်အမည် အတပ်မခံရသည့် ရွှင်ပျော်ပျော် တိုက်ထုတ် မရှက်လို့လား(၁၉၃၆)ဝတ္ထုဖြစ်သည်။ တစ်နေဝင်(၁၉၃၇)တွင် "အောင်ကျော်" ကလောင်အမည်ယူသည်။ စာပဒေသာမဂ္ဂဇင်း(၁၉၄၆)တွင် "တင့်တယ်"အမည် စသုံးသည်။ ရွှေချစ်ငွေချစ်(၁၉၄၇)သည် "တင့်တယ်" အမည်ဖြင့်ရေးသည့် ပထမဆုံးဝတ္ထုဖြစ်သည်။ ချစ်နိုင်ငံ(၁၉၄၇)၊ ဖြေလျှော့ခွေ(၁၉၄၉)၊ ချစ်သက်လက်ဆောင်(၁၉၅၀)၊ ကမ္ဘဖလ(၁၉၅၁)၊ လာလုလုငေး(၁၉၅၄)၊ ထား(၁၉၅၇) တို့မှာ ထင်ရှားသည်။ ချစ်လင်(၁၉၄၇)၊ အိုဘယ့်ကံ(၁၉၅၄)၊ အဏ္ဏဝါနှင့် အဘိုးအို(၁၉၆၄)၊ လစန္ဒာနှင့် ခြူးပိုက်ဆံ(၁၉၆၄)၊ ရောမကိုအာခံသူ(၁၉၆၅)တို့မှာ ထင်ရှားသည့် ဘာသာပြန်လက်ရာများဖြစ်ကြသည်။ "လာလုလုငေး"၊ "မကြင်သာသည်"၊ "ကျွန်မ အနုပညာသည်" နှင့် "ထား"တို့ကို ရုပ်ရှင်ဒါရိုက်တာအဖြစ် လည်းကောင်း၊ "ဖြေလျှော့ခွေ"၊ "အကျော်အမော်"နှင့် "ဖိုးပြုံးချို"တို့ကို ဇာတ်ညွှန်းရေးသူအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

အချစ်ဝတ္ထုများစွာရေးခဲ့သည့်အပြင် ဘာသာပြန်ဝတ္ထုများ၊ သိပ္ပံပညာရပ်၊ သုတပညာ၊ ဘာသာပြန်စာအုပ်များစွာကို ကလောင်အမျိုးမျိုးဖြင့် ရေးသားခဲ့သည့်အပြင် ကျောင်းသုံးစာအုပ်များဖြစ်သော ကမ္ဘာ့သမိုင်း(ဒုတိယပိုင်း)နှင့် ကမ္ဘာ့အရှေ့ဖျား စာအုပ်များ ပြုစုခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးကြေညာစာတမ်း ကြေညာနိုင်ရန် ဆရာဇော်ဂျီ၊ ဆရာတက်တိုး၊ ဆရာဇေယျ၊ ဒေါက်တာမောင်မောင်တို့နှင့်အတူ ပူးပေါင်းပြုစုခဲ့သည်။

အထူးသဖြင့် ဆရာတင့်တယ်သည် စာအလွန်ရေးနိုင်သူတစ်ဦးဖြစ်သည်။

တင့်တယ်၏ ဝတ္ထုများကို လူတွေကအတော်ကြိုက်လာကြ၏။ "လာလုလုငေး"ကို မိန်းကလေးပရိသတ်က အတော်ကြိုက်၏။ "လာလုလုငေး" နှင့်ပတ်သက်၍ မိန်းကလေးများက ချီးမွမ်းသြဘာပြုသော စာများဖိုင်တွဲတစ်တွဲအမောက်ကို ဖတ်ရဖူး၏။ စာရေးခြင်းဖြင့် သူသည်တစ်လလျှင်တစ်ထောင်နီးပါးခန့်ရသည်ဟု သိရ၏ စသဖြင့် ဆရာဒဂုန်တာရာက ဆရာတင့်တယ်၏ ရုပ်ပုံလွှာကို သူ၏ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ စာအုပ်၌ ရေးဖွဲ့ထားသည်။

ဆရာတင့်တယ်နှင့် အရင်းနှီးဆုံးမိတ်ဆွေရင်းချာဖြစ်သူ ဆရာသော်တာဆွေကမူ "တင့်တယ်၏ ဘဝခရီးလမ်းကို Graph ခေါ် သရုပ်ပြမျဉ်းကြောင်းဆွဲမည်ဆိုပါက အတက်မြင့်မြင့်၊ အကျကြမ်းကြမ်းကို တွေ့ရပေမည်။ သူသည် တင့်တယ်ဟု နာမည်ကြီးလျက် လူကြိုက်အများဆုံး မြန်မာပြည်၏ ထိပ်သီးစာရေးဆရာဖြစ်ခဲ့၏။ ထို့နောက်အင်္ဂလန်ရှိ ဘီဘီစီတွင် အလုပ်လုပ်၍ လေးနှစ်နေခဲ့၏။ ကိုယ်ပိုင်ကား စီးခဲ့၏။ ပုံနှိပ်စက် ပိုင်ဆိုင်ခဲ့ဖူး၏။ သို့ရာတွင် ပစ္စည်းဥစ္စာကို မက်မောသူမဟုတ်၊ ငွေကြေးကို မခင်တွယ်၊ ရရသုံးသုံး သောက်သောက်စားစားနှင့် နောက်ဆုံးမှာ ရှိတာတွေကုန်၏"ဟု ကျွန်တော့်ဘဝဇာတ်ကြောင်းစာအုပ်တွင် ရေးဖွဲ့ခဲ့ပြန်ပါသည်။

ဆရာတင့်တယ်သည် ၁၉၈၀ ဇန်နဝါရီ ၄ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်အထိ စန္ဒာမဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

ဆရာတင့်တယ်သည် အသက် ၆၃ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော်လည်း နှောင်းလူတို့အတွက် သူ၏အနုပညာပစ္စည်းများစွာကို အမွေကောင်းအဖြစ် ချန်ရစ်ထားနိုင်ခဲ့သူ ဖြစ်သည်။

## စိန်စီထားသောစက္ကန့်များခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကျင်းပ

**ကလေး ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်တောအတွင်း ဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုကော်မတီဝင် စာရေးဆရာ ခင်မောင်ငြိမ်း(မြန်ဂုဏ်ဆောင်)မှ ဇွန်၂၀ ရက် ည ၇ နာရီက စာပေဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် စာရေးဆရာခင်မောင်ငြိမ်းက ဘဝတစ်ခု၏ တန်ဖိုးကို သိရှိနားလည်စေရန်နှင့် တိုတောင်းလှသည့်လူ့ဘဝတွင် အချိန်ကို အကျိုးရှိရှိအသုံးချတတ်စေရန်အတွက် စိန်စီထားသောစက္ကန့်များခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

"ဒီလိုမဟာမြိုင်တောကြီးထဲမှာ ဒေသခံကလေးတွေအတွက် စေတနာ၊ မေတ္တာနဲ့တည်ထောင်ဖွင့်လှစ်ထားတဲ့ ဆရာတော်ကြီးရဲ့စေတနာကိုကြည်ညိုပြီး စာငတ်နေတဲ့ကျောင်းသား ကျောင်းသူတွေ စာဖတ်ချင်စိတ်ဖြစ်လာအောင် ရည်ရွယ်ချက်နဲ့ လာရောက်ဟောပြောပေးတာပါ"ဟု စာရေးဆရာခင်မောင်ငြိမ်း(မြန်ဂုဏ်ဆောင်)က ပြောသည်။

ဟောပြောပွဲတွင် မူလတန်းမှအထက်တန်းအဆင့်ကျောင်းသား ကျောင်းသူများသာမက သံဃာတော်များ၊ သီလရှင်များနှင့်ယောဂီများပါ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို မဟာမြိုင်တောကြီးအတွင်း ကြွရောက်၍ သာသနာပြုလုပ်ငန်းများဆောင်ရွက်နေသည့် သဲဖြူဆရာတော် အရှင်ပညာဇောတမှ တည်ထောင်ဖွင့်လှစ်ထားပြီး သင်ကြားရေးဆရာ ဆရာမများငှားရမ်းကာ မေတ္တာဖြင့်သင်ကြားပေးလျက်ရှိကာ အထက်တန်းအဆင့်မှ တက္ကသိုလ်ကျောင်းအထိတိုးချဲ့ဖွင့်လှစ်ရန် ရည်ရွယ်လုပ်ဆောင်နေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိုးညှင်းမြို့တွင် တိုက်ပွဲရှောင်များအတွက် ဆောက်လုပ်ထားသော ယာယီတဲအိမ်များသို့ ပြောင်းရွှေ့

**မိုးညှင်း ဇွန် ၂၁**

မိုးညှင်းမြို့နယ် အုတ်ကျင်းရပ်ကွက်တွင် ရှမ်းပြည်မြောက်ပိုင်းမှ တိုက်ပွဲရှောင်များအတွက် ဆောက်လုပ်ထားသော ယာယီတဲအိမ်များသို့ ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။



မိုးညှင်းမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းနှင့် လူမှုကူညီရေးအသင်းတို့မှ မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက်တွင် မြေကွက် ၁ ဒသမ ၅ ဧကအား စုပေါင်းရန်ပုံငွေကျပ်သိန်း ၁၄၀ ဖြင့်ဝယ်ယူ၍ ကချင်ပြည်နယ် မိုးညှင်းမြို့သို့ မတ် ၁၇ ရက်တွင် ရောက်ရှိလာသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် မန်မော်ကျေးရွာမှ တိုက်ပွဲရှောင်များအတွက် သွပ်မိုး၊ ဝါးထရံကာ၊ ဝါးထရံကြမ်းခင်း၊ ၁၈ ပေအကျယ်ရှိ ယာယီတဲလူနေအိမ် ၁၇ လုံးကို တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့ ယာယီတဲအိမ်မှာ တိုက်ပွဲရှောင်တွေကို နေရာချထားပေးတာပါ။ ခုဆောက်ထားတာက အားလုံး ၁၇ လုံးပါ။ အားလုံးပြီးလို့ ဒီနေ့ရွှေ့ပြောင်းကြတာပါ"ဟု ဝိုင်းဝန်း ကူညီပေးနေသည့် တစ်ကွင်းကျေးရွာမှ ဦးစိုင်းကျော်ခိုင်က ပြောသည်။

အဆိုပါ ယာယီတဲအိမ်များကို ဘေးပတ်ဝန်းကျင် ကျေးရွာများမှ ခွဲတမ်းကျ လာရောက်ဆောက်လုပ်ပေးထားကြောင်း သိရသည်။

အဆိုပါ တိုက်ပွဲရှောင်များသည် ၎င်းတို့ဒေသတွင် ၂၀၁၅ ခုနှစ်ကတည်းက နယ်မြေမငြိမ်းချမ်းမှုများဖြစ်ခဲ့ကာ ငြိမ်းချမ်းသည့်နေရာသို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ထွက်ပြေး တိမ်းရှောင်လာခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ ဒီမှာ ရောက်နေပြီဆိုတော့ သေတဲ့အထိ ဒီမှာပဲဆက်နေဖို့ပါပဲ။ အိမ်ပြန်ပြီးတော့ သွားမနေတော့ဘူး။ ဟိုမှာက တိုက်ပွဲမဖြစ်တော့ဘူး ဆိုပေမယ့် မသေချာဘူး။ အချိန်မရွေး တိုက်ပွဲပြန်ဖြစ်လာနိုင်တယ်။ ဒီမှာပဲ တစ်သက်လုံးနေသွားတော့မယ်" ဟု တိုက်ပွဲရှောင်လာသူ မော်နေကျေးရွာအတွင်းရေးမှူး ဦးထွန်းဆာက ပြောသည်။

မိုးညှင်း ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှဦးစီးပြီး တိုက်ပွဲရှောင်ပြည်သူများကို နေအိမ် ၁၇ လုံးတွင် နေရာချထားပေးပြီး ပြည်သူလူထုမှ လှူဒါန်းထားသော စားနပ်ရိက္ခာနှင့် အိမ်အသုံးအဆောင် ပစ္စည်းများကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**(မင်းမင်းဦး)**



## လမ်းနှင့်မလွတ်ကင်းသည့်ဓာတ်တိုင်များ ပြောင်းရွှေ့၊ ပြည်သူများ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ပြီဖြစ်

**ကျောက်ဆည် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ကျောက်ဆည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မန်နေဂျာ ဦးဝင်းနောင်လင်းနှင့် ဝန်ထမ်းများသည် ဇွန် ၁၄ ရက်မှစတင်ပြီး ကျောက်ဆည်မြို့ မြို့မရဲစခန်းရှေ့ရှိ အမှတ်(၁၅)လမ်းအား လမ်းအကျယ်ချဲ့ပြီး ကွန်ကရစ်လမ်းခင်းရာတွင် မလွတ်ကင်းသော ကြက်မင်းတွန်ခွဲရုံနှင့် ဥက္ကတောင်ခွဲရုံမှ သွယ်တန်းထားသော 20 MVA/ 10MVA ဓာတ်တိုင်ရှစ်တိုင်အား ပြည်သူများဓာတ်အားပြတ်တောက်မှု မရှိစေရေးပြောင်းရွှေ့ခဲ့ရာ ဇွန် ၂၀ ရက်တွင် အပြီး စိုက်ထူနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါဓာတ်တိုင်များတွင် ၃၃ ကေဗွီဓာတ်အား ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းထားရှိပြီး ဓာတ်တိုင်များပြောင်းရွှေ့စဉ်က ဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိခဲ့သော်လည်း ယခုအခါ ပြည်သူများ ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ပြည်တွင်းရေးရာ

# ကမ္ဘာလုံးဆိုင်ရာကာကွယ်ဆေးပူးပေါင်းဆောင်ရွက်မှုဘုတ်အဖွဲ့ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်




**နေပြည်တော် ဇွန် ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၁၃ ရက်မှ ၁၅ ရက်အထိကျင်းပခဲ့သော ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးပူးပေါင်းဆောင်ရွက်မှုဘုတ်အဖွဲ့ အစည်းအဝေး(Gavi Alliance Board Meeting) သို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးသို့ Gavi Board Member များ၊ WHO UNICEF Global Fund နှင့် World Bank စသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ ကနေဒါ၊ UK၊ နယ်သာလန်၊ ဂျပန်၊ ဩစတြေးလျ၊ ဆွီဒင်၊ ကိုရီးယား၊ အမေရိကန်နိုင်ငံ စသည့် အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ Bill and Melinda Gates Foundation မှ ကိုယ်စားလှယ်များ၊ CSO ကိုယ်စားပြုကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၃ ရက်တွင် ကျင်းပသည့် ဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ အစုအဖွဲ့ကိုယ်စားပြု Board Meeting၊ Gavi Board Member များနှင့် Alternative Board Member များပါဝင်သည့် တံခါးပိတ် အစည်းအဝေးပွဲများသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက ကာကွယ်ဆေးများ အာနိသင်မပျက်စီးစေရန် အအေးလမ်းကြောင်းထိန်းသိမ်းစောင့်ရှောက်ရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် များစွာတာဝန်ကြီးပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်း အခက်ခဲများစွာ တွေ့ကြုံရကြောင်း၊ ဝေးလံခေါင်ဖျားဒေသများနှင့် သွားလာရန်ခက်ခဲသော ဒေသများတွင် စာရင်းအရ ကာကွယ်ဆေးလုံခြုံမှုရာခိုင်နှုန်း ကောင်းမွန်သော်လည်း အဆိုပါ ဒေသများတွင် ကာကွယ်ဆေးဖြင့် ကာကွယ်နေသည့် ရောဂါများ (ဥပမာ- ဝက်သက်ရောဂါ၊ ကြက်ညှာ ချောင်းဆိုးရောဂါများ) ကြိုကြားကြိုကြား ကပ်ရောဂါအသွင်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိနေရသေးသည့်အတွက် အအေးလမ်းကြောင်း ထိန်းသိမ်းသည့်စနစ်အား အမြဲတမ်းကောင်းမွန်စေရန် တာဝန်ရှိသူအဆင့်ဆင့်မှ ပိုမိုကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဇွန် ၁၄ ရက်တွင် အဆိုပါ Gavi Board Meeting အား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ Intercontinental Hotel ၌ ဆက်လက်ကျင်းပရာ အစည်းအဝေး သဘာပတိအဖြစ် Gavi Board ၏ ဥက္ကဋ္ဌ Mrs. Ngozi Okonjo-Iweala က ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်ပြီးမြောက်မှုကိုတိုင်းတာရာတွင် (၅)နှစ်အောက်ကလေးသေဆုံးနှုန်းကိုကြည့်၍ တိုင်းတာခြင်းထက် ကာကွယ်ဆေးထိုး၍ ကာကွယ်လျက်ရှိသော ရောဂါများ ဖြစ်ပွားမှုအခြေအနေဖြင့် တိုင်းတာပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်း။

ရည်ရွယ်ချက်တူရာ လုပ်ဆောင်နေကြသည့် WHO၊ UNICEF နှင့် Gavi အဖွဲ့များအတွင်း ယုံကြည်မှုရှိရန် လိုအပ်ကြောင်း၊ သို့မှသာ အခက်အခဲများကျော်လွှားနိုင်ပြီး လုပ်ငန်းများ ပိုမိုလွယ်ကူမည်ဖြစ်သည့်အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုရရှိရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် Gavi လုပ်ငန်းဆိုင်ရာ တာဝန်ခံများ ပြောင်းလဲသွားပါက လုပ်ငန်းများ အရှိန်အဟုန်မပျက် လုပ်ဆောင်သွားနိုင်ရေး General Framework on Governance ရေးဆွဲထားနိုင်ရန် လိုအပ်ကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ စာရင်းဇယားများကို သတင်းအချက်အလက်များအဖြစ် ပြောင်းလဲ၍ စိစစ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် သက်ဆိုင်ရာသို့ တင်ပြခြင်းများ လုပ်ဆောင်တတ်သည့် အလေ့အကျင့်များ ရရှိရန် လိုအပ်သည့်အတွက် Gavi အဖွဲ့အနေဖြင့် အဆိုပါ လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေအကူအညီပေး၍ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ တာဝန်ရှိသူအဆင့်ဆင့်အား သက်ဆိုင်ရာသင်တန်းများပို့ချပေးရန် စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဇွန် ၁၅ ရက်တွင် အစည်းအဝေးများ ဆက်လက်ကျင်းပရာ ပိုလီယိုရောဂါကင်းစင်ပပျောက်ရေးအတွက် ပါးစပ်မှအစက်ချသုံးမျိုးစပ် ပိုလီယိုဆေး (Oral Polio Vaccine) တိုက်ကျွေးခြင်းမှ နှစ်မျိုးစပ်ဆေးထိုးသည့် ပိုလီယိုကာကွယ်ဆေး (Injection Polio Vaccine) စနစ်သို့ ပြောင်းလဲရာတွင် ရင်ဆိုင်ရသည့် အခက်အခဲများ၊ ပြဿနာများ၊ Oral Polio Vaccine မှ Injection Polio Vaccine သို့ အသွင်ကူးပြောင်းရေးစီမံချက် အဆင်ပြေစွာရေးဆွဲနိုင်ရေး ကိစ္စရပ်များနှင့် ကမ္ဘာပေါ်တွင် "ပိုလီယိုရောဂါအမြစ်ပြတ်ချေမှုန်းရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှစ်" သတ်မှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ဆေးများ အဆက်မပြတ်ရရှိနေစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ အလှူရှင်အသစ်များ ပိုမိုဆွဲဆောင်နိုင်ရေးကိစ္စရပ်များနှင့် Gavi ရန်ပုံငွေများ အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် အလွဲသုံးစားပြုမှုကာကွယ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဇွန် ၁၆ ရက်တွင် ကနေဒါနိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းအဖွဲ့ရုံး၌ ကျင်းပသည့် The Multilateral Organization Performance Assessment Network (MOPAN) အစည်းအဝေးနှင့် သုတေသနတွေ့ရှိချက်ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီးက တက်ရောက်ဆွေးနွေးရာတွင် MOPAN အဖွဲ့၏ သုတေသနတွေ့ရှိချက်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများရှိ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့များနှင့် တိကျသည့်လုပ်ငန်းစဉ်များချမှတ်၍ သုတေသနတွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများအား အသိပေးပြီး ပြုပြင်စရာရှိသည်များကို အချိန်မီပြုပြင်နိုင်ရန် ပြန်လည်အကြောင်းကြားသည့်စနစ်ပြုလုပ်ထားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# ကြေးမုံသတင်း အတိုအထွာများ

### ဘားကပ်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်ရန် ဆွေးနွေး

**ဘားအံ ဇွန် ၂၁**

ဘားအံမြို့နယ် ဘားကပ်ကျေးရွာ သံလွင်မြစ်ကမ်းနဖူးတွင် ဘားကပ်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဘားကပ်ဆိပ်ကမ်းစီမံကိန်းသည် ဘားအံမြို့နယ် ဘားကပ်ကျေးရွာ သံလွင်မြစ်ကမ်းဘေးတွင် ဆောင်ရွက်မည်ဖြစ်ကာ ငွေကျပ်သန်း ၁၃၀၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး သုံးနှစ်စီမံကိန်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

### ဝန်ထမ်းများနေထိုင်ရန် တန်ဖိုးနည်းအိမ်ရာနှင့် ဆိုလာပါဝါများ လွှဲပြောင်းပေးအပ်

**မြဝတီ ဇွန် ၂၁**

မြဝတီခရိုင် ဝေါလေမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနေထိုင်အသုံးပြုရန်နှင့် စုကလိမြို့ DKBA ငြိမ်းချမ်းရေးနယ်မြေဒေသတွင် DKBA တပ်ဖွဲ့ဝင်မိသားစုများ နေထိုင်အသုံးပြုရန်နိုင်ရန်အတွက် တန်ဖိုးနည်းအိမ်ရာ ၂၅ လုံးနှင့် ဆိုလာပါဝါ ၂၅ လုံး လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တန်ဖိုးနည်းအိမ်ရာတစ်လုံးလျှင် ငွေကျပ်ငါးသန်းနှုန်းဖြင့် စုစုပေါင်းအိမ်ရာ ၂၅ လုံးအတွက် ကျပ်သန်းပေါင်း ၁၂၅ သန်းဖြင့်လည်းကောင်း၊ ဆိုလာပါဝါ တစ်စုံလျှင် ငွေကျပ် ၂၆၀၀၀၀ နှုန်းဖြင့် ၂၅ စုံအတွက် ငွေကျပ် ၆၅ သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**သီပေါ ဇွန် ၂၁**

လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက သီပေါမြို့ ရွှေကျောင်းရိပ်သာ၌ကျင်းပရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှသင်တန်းသူ ၂၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ကျောက်မဲ)ကျောင်းအုပ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားသည်။

**စိုင်း(သီပေါ)**

### အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်


**ရွှေတောင် ဇွန် ၂၁**

ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု လက်ချုပ်တန်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်(ဆပ်ပြာချက်နည်း) သင်တန်းဆင်းပွဲကို ဇွန်ဒုတိယပတ်က လက်ချုပ်တန်းကျေးရွာ ဓမ္မာရုံ၌ကျင်းပရာ တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့သည်။

**(၄၉၇)**

# အသက် (၉၂)နှစ်အရွယ် သက်ကြီးပင်စင်စားတစ်ဦး၏ ပီတိဆုတောင်း

၁၉၇၉ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် တနင်္ဂနွေနေ့က စာရေးသူ၏မိခင် မွေးနေ့၊ မွေးရက်၊ မွေးလ တိုက်သည့် အသက်(၉၂)နှစ်ပြည့် မွေးနေ့ဖြစ်သည်။ မိခင်ကြီးက သူ၏မွေးနေ့မှာ ဘုန်းကြီးငါးပါး ဆွမ်းကပ်ချင်သည်ဟု ပြောခဲ့သည်။ သားသမီးများကလည်း မိခင်ကြီးစိတ်ချမ်းသာအောင် ပြုလုပ်ပေးပါမည်ဟု ပြောထားသည်။ အသက်(၉၂)နှစ်အရွယ် မိခင်ကြီးက သတိလွတ်တစ်ချက် မလွတ်တစ်ချက်ဖြင့် တွေ့သည့်သားသမီးတိုင်းကို မွေးနေ့လုပ်ချင်သည့်အကြောင်း ကြိမ်ဖန်များစွာ ပြောသည်။ သားသမီးများကလည်း "လုပ်ပေးပါ့မယ် မေမေဟု" ကြိမ်ဖန်များစွာ ပြန်ပြောကြသည်ချည်းသာ။



မွေးနေ့မပြုလုပ်ခင်တစ်ပတ်မှာ တိုက်တိုက်ဆိုင်ဆိုင် စာရေးသူငွေကြေး ကူညီထားသူ ညီမလေးတစ်ယောက် တိမ်းပါးသွားခဲ့သည်။ သူ့သမီးကြီးက ဖုန်းဆက်လာသည်။ "အန်တီ အန်တီ့ကို မေကြီးပိုက်ဆံဘယ်လောက်ပေးစရာရှိလဲ၊ သမီးပေးချင်လို့၊ မေကြီးလည်း စိတ်ဖြောင့်ဖြောင့်သွားရအောင် သမီးပေးချင်တယ်'ဟု ပြောလာသည်။ စာရေးသူ စိတ်မကောင်းဖြစ်ရသည်။ ချက်ချင်းပင် "ပေးစရာမလိုတော့ဘူးသမီး၊ အန်တီအိမ်မှာ သမီးနဲ့တောင် ပြောထားသေးတယ်။ မပေးနဲ့တော့ သမီးတို့ညီအစ်မနှစ်ယောက်ထဲ ဒုက္ခရောက်မယ်၊ မပေးနဲ့လို့" ပြောလိုက်စဉ် ကလေးမလေးက "ပေးပါရစေ အန်တီ၊ အမေကြီးစိတ်ဖြောင့်အောင်လို့ပါ"ဟု ထပ်ပြောလာရာ သူ့အမေအတွက် သူစဉ်းစားတာပဲလေ ပေးပါစေတော့ဟု နှုတ်ဆိတ်နေလိုက်သည်။

အဲဒီပိုက်ဆံကို သူ့အမေလည်း ကုသိုလ်ရ စာရေးသူလည်း ကုသိုလ်ဖြစ်အောင် မေမေ့မွေးနေ့မှာ အလှူလုပ်ဖို့ ငွေကျပ်တစ်သိန်း မေမေ့ကို ပေးလှူလိုက်သည်။ အသက်(၉၂)နှစ်ပြည့် မိခင်ကြီး၏ မွေးနေ့အလှူကို ဒါနပြုလိုက်နိုင်ပြီးသည်နှင့် တစ်ဆက်တည်း ယမန်နှစ်က နိုင်ငံတော်၏ "လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်တစ်ရပ်"အဖြစ် အသက်(၉၀)နှင့်အထက် အဘိုး၊ အဘွားများအား နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်သော ယမန်နှစ်က ကျပ်တစ်သောင်းတိတိ လူမှုရေးပင်စင်ကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လမ်းအတွင်း ရပ်မိရပ်ဖများက အိမ်တိုင်ရာရောက် လာရောက်ပေးအပ်စဉ် မိခင်ကြီး၏ တာဝန်ရှိသူများသို့ ပို့သသောဆုတောင်းမေတ္တာသံသည် စာရေးသူတို့ တစ်အိမ်လုံးကြားနေရသည်။ ယခု ကလေးမလေး၏ ပေးအပ်ငွေဖြင့် မတည်၍ မိခင်ကြီး၏ဆန္ဒအရ ဖြစ်တည်လာသော အသက် (၉၂)နှစ်ပြည့်မွေးနေ့တွင် မိခင်ကြီး၏ပီတိသည် မြင်တွေ့ရသူ သားသမီး၊ မြေး၊ မြစ်များ၏ နှလုံးစိတ်ဝမ်းသို့ ကူးစက်လာခဲ့သည်မှာ ကြည်နူးမဝဖြစ်ခဲ့ကြရသည်။

ယခု ၂၀၁၇ ခုနှစ် ဇွန် ၁၇ ရက်(စနေနေ့)တွင် နေအိမ်သို့ ရပ်ကွက်အတွင်းက တာဝန်ရှိသူများ ရပ်မိရပ်ဖများက နိုင်ငံတော်၏ "လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်"တစ်ရပ်ကို ဆက်လက်အကောင်အထည်ဖော်သည့်အနေဖြင့် စာရေးသူ၏မိခင် အသက်(၉၂)နှစ်ရှိရာသို့ အိမ်တိုင်ရာရောက် လူမှုရေးပင်စင် လာရောက်ပေးအပ်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလစာအတွက်ငွေကျပ် သုံးသောင်းတိတိကို လာပေးခြင်းဖြစ်သည်။ တစ်ဦးလျှင် တစ်လငွေကျပ် တစ်သောင်းနှုန်းဆိုသော်လည်း နိုင်ငံတစ်ဝန်းအရေအတွက်ဆိုပါက နည်းမည်မဟုတ်၊ တာဝန်ရှိသူများက သက်ကြီး အဘိုး၊ အဘွားများအတွက် စဉ်းစားပေးသောရည်ရွယ်ချက်သည် ကောင်းမွန်လှပေသည်။ မိခင်ကြီးသည် ရွှေ တစ်ကျပ်သား ကျပ် ၂၀၀ ခန့်တွင် လူဖြစ်လာခဲ့ရသည်ဖြစ်၍ သူ့အတွက် တစ်လလျှင်ငွေကျပ် တစ်သောင်းနှုန်းဖြင့် ငွေကျပ်သုံးသောင်းသည် အလွန်များပြားသော ငွေကြေးဖြစ်၍ နေခဲ့သည်။

ရရှိသည့် ကျပ်ငါးထောင်တန် ခြောက်ရွက်ကို ရှေးလူကြီးတို့ထုံးစံအတိုင်း အကျႌတွင် တွယ်ချိတ်ဖြင့်ချိတ်၍ ဝင်လာသမျှသော သားသမီးတိုင်းကို "ငါ့ကိုပိုက်ဆံတွေ လာပေးသွားတယ်။ ဒီမှာကြည့်"ဟု သူ့အကျႌမှ ပိုက်ဆံများကို ပြရသည်မှာ မမောနိုင် မပန်းနိုင်၊ မိခင်ကြီး၏ ထိုနေ့တစ်နေ့လုံးဖြစ်ပေါ်နေသည့် ပီတိနှင့် တာဝန်ရှိသူများသို့ ပို့သနေသော ဆုတောင်းမေတ္တာပို့သသံများ "မယ်မင်းကြီးမလေး အသက်ရှည်ပါစေ၊ အနာကင်းပါစေ၊ အန္တရာယ်အပေါင်း ကင်းဝေးပါစေ၊ တာဝန်ရှိသူများလည်း အသက်ရှည်ကြပါစေ၊ အန္တရာယ် ကင်းကြပါစေ၊ ငါတို့ကိုလည်း ဒီထက်ပိုပြီး ထောက်ပံ့ပေးနိုင်ပါစေ" ဆိုသည့် ဆုတောင်းမေတ္တာပို့သသံများသည် ယင်းနေ့တစ်နေ့လုံး စာရေးသူတို့ တစ်အိမ်လုံးထုံမွှမ်း၍ နေခဲ့ပေပြီ။

**မမနိုင်**

# မန္တလေးမြို့ပေါ်၌ ဆိုင်ကယ်များဖြင့် အုပ်စုဖွဲ့ရန်ဖြစ်ဟန်ဆောင်ကာ လုယက်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးအမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

မန္တလေးမြို့ပေါ်၌ ဆိုင်ကယ်များဖြင့် အုပ်စုဖွဲ့ရန်ဖြစ်ဟန်ဆောင်ကာ လုယက်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဇွန် ၁၇ ရက် နံနက် ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၈)နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်နေစဉ် (၃၄) လမ်း၊ (၇၄×၇၅)လမ်းကြားအရောက် ချမ်းမြသာစည်မြို့နယ်နေ ဟိန်းထက်(၁၉)နှစ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ၎င်းသည် ချမ်းမြသာစည်မြို့နယ်နေသူများဖြစ်သည့် ထက်ဝေတိုး(ခ)ထက်ကြီး(၁၇)နှစ်၊ စွမ်းထက်ရန်နိုင်(ခ)စွမ်းထက်(၁၇)နှစ်၊ စန်းသူရ(ခ) မိဝါ(ခ)ဝါဝါ(၁၆)နှစ်၊ ဇော်လင်းထွန်း(ခ) ဇော်ကြီး(၁၆)နှစ်၊ သက်နိုင်မြင့်(ခ) သက်ကြီး(၁၇)နှစ်၊ ကျော်မင်းထွန်း(ခ)ကျော်ကြီး(၁၇)နှစ်၊ ကျော်ကျော်ဖြိုး(ခ)ကုလားလေး (၁၇)နှစ်၊ တင်ထွန်းအောင် (၁၇)နှစ်၊ ကျော်ကျော်နိုင်(၁၇)နှစ်နှင့် လှဝင်းထွဋ်(၁၆) နှစ်တို့နှင့်အတူ မြို့ပေါ်၌ ဆိုင်ကယ်များဖြင့် အုပ်စုဖွဲ့ရန်ဖြစ်ဟန်ဆောင်ကာ လုယက်မှုများကို ကျူးလွန်ခဲ့သည်ဟု သိရသဖြင့် ပါဝင်သူ ၁၀ ဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

၎င်းတို့အား ဖော်ထုတ်စစ်ဆေးချက်များအရ (၂၆×၆၆) လမ်းထောင့်ဆီဒိုးနားဟိုတယ်အနီး၌ ထိုင်နေသည့် လူငယ်သုံးဦးထံမှ SAMSUNG J2 Prime အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ မနော်ဟရီလမ်း၊ (၆၀×၆၁) လမ်းကြား၊ ABC စတိုးဆိုင်က ထွက်လာသူသုံးဦးထံမှ Vivo အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ Ocean Center အနီး၌ ဆိုင်ကယ်စီးလာသူနှစ်ဦးကို ဆိုင်ကယ်ချင်း ချိတ်မိအောင်ပြုလုပ်ပြီး ဆိုင်ကယ်လဲကျသွားစဉ် လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း လုယူခဲ့ကြောင်း သိရသည်။

၎င်းတို့ထံမှ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆိုင်ကယ်မျိုးစုံငါးစီး၊ လုယက်မှု ကျူးလွန်ရာမှ ရရှိထားသည့် ဖုန်းများကိုသိမ်းဆည်းပြီး သက်ဆိုင်ရာရဲစခန်းများ၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# အုပ်စုဖွဲ့၍ လုယက်မှုကျူးလွန်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၁**

အုပ်စုဖွဲ့၍ လုယက်မှုကျူးလွန်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇွန် ၁၉ ရက် ည ၉ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ကိုမျိုးသူသည် ညီဝမ်းကွဲတော်စပ်သူနှင့်အတူ ပြည်လမ်းအတိုင်းဒဂုံမြို့နယ်ဘက်မှ စမ်းချောင်းမြို့နယ်ဘက်သို့ ပြန်လာစဉ် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့အရောက်၌ Probox အဖြူရောင် အငှားယာဉ်တစ်စီးရောက်ရှိလာပြီး ၎င်းယာဉ်ပေါ်မှ လူငယ်လေးဦးခန့်ဆင်းလာကာ ၎င်းတို့ကို လက်သီးဖြင့်ထိုးကြိတ်၍ SAMSUNG Glaxy J5 အမျိုးအစား လက်ကိုင်ဖုန်းကို လုယူစဉ် ကိုမျိုးသူ၏ သူငယ်ချင်းဖြစ်သူများရောက်ရှိလာပြီး ပြန်လည်ခုခံဖမ်းဆီးခဲ့ရာ တောင်ဥက္ကလာပမြို့နယ်နေ ကျော်ဇင်လတ်(ခ)မွှေးနီ(၂၆)နှစ် အားဖမ်းဆီးရမိခဲ့ကြောင်း။



ကျန်လူများမှာ မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ကျော်ဇင်လတ် (ခ)မွှေးနီပါ လူငယ်များအား အရေးယူပေးပါရန် တိုင်တန်းချက်အရ ဒဂုံမြို့မရဲစခန်းက ထွက်ပြေးလွတ်မြောက်သွားသူများကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ကျော်ဇင်လတ်(ခ)မွှေးနီအား စစ်ဆေးချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူများအနက် တောင်ဥက္ကလာပမြို့နယ်နေ ရန်နိုင်(ခ)ဇင်မင်းဦး (၂၀)နှစ် ကို ဇွန် ၂၀ ရက် နံနက် ၆ နာရီတွင် ဗဟန်းမြို့နယ်အတွင်း၌ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးရာ အခင်းမဖြစ်မီ ဇွန် ၁၉ ရက် ညနေပိုင်းတွင် ဗိုလ်တထောင်ဘုရားအနီးရှိ ထမင်းဆိုင်တွင် Probox ယာဉ်ဖြင့် ထမင်းဝင်ရောက် စားသောက်စဉ် ကျသင့်ငွေကျပ် ၃၅၀၀၀ ကို မရှင်းနိုင်သဖြင့် ၎င်းယာဉ်၏ ဗီဒီယိုတက်နှင့် ယာဉ်မောင်းလိုင်စင်တို့အားပေးကာ နောက်ရက်တွင်လာရောက်ရွေးမည်ဟုပြောဆို၍ ဆိုင်မှထွက်ပြီး ယာဉ်ပေါ်တွင် ၎င်းပါ ၁၁ ဦးတို့က ပိုက်ဆံမရှိသဖြင့် လမ်းပေါ်တွင် တွေ့ရှိသူများကို လုယက်ရန်တိုင်ပင်ခဲ့ကြကြောင်း၊ ထို့နောက် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့အရောက်တွင် လူငယ်နှစ်ဦးကို တွေ့ရှိသောကြောင့် လုယက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

လုယက်ရာတွင်ပါဝင်သူများကို ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ဗိုလ်တထောင်ဘုရားအနီး ထမင်းဆိုင်၌ ၎င်းတို့ထားခဲ့သော ဗီဒီယိုတက်နှင့် ယာဉ်မောင်း လိုင်စင်အား လာရောက်ရွေးမည်ဟု သုံးသပ်ရရှိသဖြင့် အဆိုပါထမင်းဆိုင်အနီး၌ စောင့်ဆိုင်းနေစဉ် ဇွန် ၂၀ ရက် နံနက် ၈ နာရီ ခွဲခန့်တွင် ကမာရွတ်မြို့နယ်နေ ကြက်ဖ(ခ)ဇော်ရှိန်း(၂၂)နှစ်၊ ဝေယံ(ခ)ဖွဲ့ညီ(ခ)ဝက်ကလေး(၁၈)နှစ်၊ သာကေတမြို့နယ်နေ အုန်းကျော်(ခ)ဝင်းမင်းထွန်း(၁၈)နှစ်၊ တစ်မြို့နယ်တည်းနေ စိုးမင်းနိုင်(ခ) ရခိုင်(ခ)ရဲရင့်(၂၁)နှစ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ သန့်ဇင်ထွေး(ခ)ဖိုးထောင်(၂၆)နှစ်၊ဗဟန်းမြို့နယ်နေ ခန့်ငြိမ်းသူ(ခ) အိကြူစံ(၁၅)နှစ်၊ တစ်မြို့နယ်တည်းနေ မဆင့်ဆင့်နိုင်(ခ) သားသား(၁၇)နှစ်၊ သန်လျင်မြို့နယ်နေ မအေးစုစံ(ခ) သံစဉ်ချို(၁၆)နှစ် နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ မမြတ်သူစံ(ခ) သျှားနဒီ(၁၇)နှစ် တို့သည် Probox ယာဉ်ဖြင့်ရောက်ရှိလာစဉ် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ အမှုအား အတူကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ကျော်ဇင်လတ်(ခ)မွှေးနီပါ ၁၁ ဦးတို့ကို အရေးယူဆောင်ရွက်လျက်ရှိသည့် အပြင် အခြားအမှုများ ကျူးလွန်ခြင်းရှိ/မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၁

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၄၄ စီး၊ သွင်းကုန် ၅၈၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကိုစစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်တွင် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၀ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Mark II နှစ်စီးနှင့် Toyota Wish တစ်စီးတို့ကို မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉ သန်းခန့်)ကို တွေ့ရှိရ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Toyota Mark II နှင့် Toyota Wish ယာဉ်။**

# မန္တလေးတံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ မီးခိုးများထွက်လာမှုဖြစ်ပွား

**မန္တလေး ဇွန် ၂၁**

မန္တလေးတံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယနေ့မွန်းလွဲ ၂ နာရီမိနစ် ၅၀ တွင် လေဆိပ်အပေါ်ထပ် စားသောက်ဆိုင်တစ်ဆိုင်၌ ဂက်စ်အိုးမှတစ်ဆင့် မီးခိုးများထွက်လာမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

“ဖြစ်စဉ်ကတော့ စားသောက်ဆိုင်ရဲ့ စားဖိုခန်းမှာ ဂက်စ်မီးဖိုနဲ့ ဂက်စ်အိုးကို သွယ်တန်းထားတဲ့ ပိုက်လိုင်းက တစ်လက်မခန့်ဟနေပြီး စိမ့်ပေါက်နေတဲ့ အတွက် မီးငွေ့ထွက်လာတာပါ။ လေဆိပ်ရဲ့ အလိုအလျောက်ငြိမ်းသတ်တဲ့စနစ်ကြောင့် ငြိမ်းသတ်နိုင်ခဲ့ပါတယ်”ဟု လေဆိပ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယင်းသို့ဖြစ်ပွားမှုကြောင့်လေယာဉ်ခရီးသည်များ၊ လေဆိပ်အတွင်း ဈေးဆိုင်ခန်းများရှိလူများနှင့်ပြည်သူများ အထိတ်တလန့်ဖြစ်ပွားခဲ့ပြီး လူများအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာများရရှိမှုမရှိခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လေဆိပ်နယ်မြေရဲစခန်းမှ Cafe De Mandalar ဆိုင်မန်နေဂျာ ဦးသက်ဦးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖

# ဖိတ်ခေါ်ပွဲများနဲ့ ခြောက်သွေ့သွားခြင်းမရှိတဲ့ ရာသီကြိုကာလ




ရှိုင်းမင်းမင်း




လက်ရှိအချိန်မှာ ကလပ်အသင်းပြိုင်ပွဲတွေ ပြီးဆုံးသွားခဲ့ပြီးတဲ့နောက်မှာ နိုင်ငံတကာပြိုင်ပွဲအဖြစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို ရုရှားနိုင်ငံမှာ ကျင်းပနေပြီဖြစ်တယ်။ ဒါပေမယ့် ဒီပြိုင်ပွဲက ဇွန် ၁၇ ရက်မှာ စတင်ကျင်းပနေပြီး ဇူလိုင် ၂ ရက်မှာပြီးဆုံးမယ်။ ဒါ့အပြင် လာမယ့်ရာသီသစ်ဆိုတာက လည်း ဩဂုတ်လမှစမှာဆိုတော့ ဒီကြားကာလမှာ ဘယ်လိုပွဲစဉ်တွေရှိနိုင်မလဲ။ ဘယ်လိုစိတ်ဝင်စားဖွယ်ကောင်းတဲ့ အားပြိုင်မှုတွေရှိနိုင်မလဲဆိုတာက စိတ်ဝင်စားဖို့ ကောင်းသထက် ကောင်းလာတယ်။

ကလပ်အသင်းတွေရဲ့တစ်ရာသီစာ အားပြိုင်မှုက ပြီးဆုံးခဲ့ပြီဆိုတာမှန်ပေမယ့် လာမယ့်ရာသီသစ်အတွက် အဆိုပါအသင်းတွေအနေနဲ့ ရာသီအကြိုကာလမှာ ဘာတွေပြင်ဆင်ကြမှာလဲ၊ ကလပ်အသင်းတိုင်းဟာ အသင်းကိုရာသီဟောင်းကထက် ပိုမိုတောင့်တင်းစေဖို့ ကစားသမားသစ်တွေခေါ်ယူကာ အားဖြည့်နေကြတဲ့အပြင် ခြေစမ်းပွဲတွေ၊ ဖိတ်ခေါ်ပြိုင်ပွဲတွေမှာပါဝင်ကစားပြီး အသင်းရဲ့ခြေစွမ်းကိုလည်း သုံးသပ်အကဲဖြတ်ကြရင်းနဲ့ ရာသီကြိုကြားကာလကို ကုန်ဆုံးစေမှာကတော့ သေချာတယ်။ ဒီတော့ ကလပ်အသင်းတွေအနေနဲ့ ဘယ်လိုကစားသမားတွေကို ခေါ်မှာလဲ၊ ဘယ်လိုဖိတ်ခေါ်ပြိုင်ပွဲတွေနဲ့ ခြေစမ်းပွဲတွေကိုကစားကြမှာလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းလာတယ်။

ကစားသမားသစ်တွေ ရောက်ရှိလာခြင်းနဲ့အတူ ရာသီကြိုကာလမှာ ကလပ်အသင်းတွေအနေနဲ့ ဘယ်လိုခြေစမ်းပွဲတွေနဲ့ ဘယ်လိုဖိတ်ခေါ်ပြိုင်ပွဲတွေကိုယှဉ်ပြိုင်ပြင်ဆင်ကြမလဲဆိုတာက ပိုမိုစိတ်ဝင်စားဖို့ကောင်းလာတယ်။

မန်ယူဟာ ဒီရာသီအကြိုကာလမှာ ဗယ်လီရင်ဂါ၊ ဆမ်ဒိုးရီးယားတို့နဲ့ ခြေစမ်းကစားသွားဖို့ရှိနေသလို ချယ်လ်ဆီးနဲ့ အာဆင်နယ်ဆိုရင်လည်း ဇူလိုင် ၂၂ ရက်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ထိပ်တိုက်ဆုံတွေ့ခြေစမ်းကစားသွားမှာဖြစ်ပြီး အင်တာမီလန်ဆိုရင်လည်း နူရင်ဘတ်၊ ရှော်လ်ကေးတို့နဲ့ ခြေစမ်းကစားသွားဦးမှာဖြစ်တယ်။ ဒါ့အပြင် ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်၊ မန်စီးတီးတို့လို ဥရောပထိပ်တန်းကလပ်တွေအနေနဲ့လည်း ဒီရာသီအကြိုကာလမှာ ခြေစမ်းပွဲတွေ အပြိုင်အဆိုင်ကစားကြမှာဖြစ်တာကြောင့် ဒီရာသီအကြိုကာလဟာ စိတ်ဝင်စားစရာတွေနဲ့ ပြည့်နှက်နေတယ်လို့ ဆိုရမှာဖြစ်ပြီး အဆိုပါ ခြေစမ်းပွဲတွေအပြင် စိတ်ဝင်စားစရာကောင်းတဲ့ ဖိတ်ခေါ်ပြိုင်ပွဲတွေလည်း ဒီရာသီအကြိုကာလမှာ အများအပြားယှဉ်ပြိုင်ကစားသွားကြမှာဖြစ်လို့ ဒီရာသီအကြိုကာလဟာ ပိုမိုစိတ်ဝင်စားစရာကောင်းလာတယ်လို့ ဆိုရမယ်။

**အင်တာနေရှင်နယ် ချန်ပီယံဖလား**

အထူးသဖြင့် ဒီရာသီကြိုကာလမှာ ဖိတ်ခေါ်ပြိုင်ပွဲတွေအနက် အကြီးကျယ်ဆုံးနဲ့ စိတ်ဝင်စားဖွယ်အကောင်းဆုံးလို့ သတ်မှတ်နိုင်တာက အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲဖြစ်တယ်။ ဒီပြိုင်ပွဲကိုတော့ နှစ်စဉ်ရာသီကြိုကာလတိုင်း ကျင်းပခဲ့တာဖြစ်သလို ဒီနှစ်မှာဆိုရင်လည်း ဇူလိုင် ၁၈ ရက်မှာ စတင်ကစားမှာဖြစ်ပြီး အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့မှာ ဇုန်သုံးဇုန် ခွဲခြားယှဉ်ပြိုင်သွားမှာဖြစ်ပြီး အမေရိကန်မှာကျင်းပမယ့်ပြိုင်ပွဲကိုတော့ ဇူလိုင် ၁၉ ရက်မှာ စတင်မှာဖြစ်ပြီး ပီအက်စ်ဂျီ၊ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ မန်ယူ၊ မန်စီးတီး၊ စပါး၊ ရိုးမား၊ ဂျူဗင်တပ်တို့ပြိုင်ပွဲဝင်သွားမှာဖြစ်တယ်။

ဒါ့အပြင် အဆိုပါအမေရိကန်ပြိုင်ပွဲမှာ မန်ချက်စတာဒါဘီပွဲပါဝင်နေသလို ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်တို့ရဲ့ အယ်ဂလက်စီကိုပွဲလို ပွဲကောင်းတွေများစွာပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းနေကာ တရုတ်နိုင်ငံမှာ ကျင်းပမယ့်ပြိုင်ပွဲကိုတော့ ဇူလိုင် ၁၈ ရက်မှာ စတင်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်တယ်။ အဆိုပါပြိုင်ပွဲမှာလည်း အင်တာမီလန်၊ ဘိုင်ယန်၊ ဒေ့မွန်၊ အာဆင်နယ်တို့လိုအသင်းကောင်းတွေ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်တယ်။ ဒါ့အပြင် စင်ကာပူပြိုင်ပွဲကိုလည်း ဇူလိုင် ၂၅ ရက်မှာ စတင်ကျင်းပမှာဖြစ်ပြီး အဆိုပါပြိုင်ပွဲမှာတော့ ဘိုင်ယန်၊ အင်တာမီလန်၊ ချယ်လ်ဆီးတို့ ပါဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်တယ်။

ဒါကြောင့်လည်း အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲဟာထိပ်တန်းအသင်းကောင်းတွေ အများအပြားပါဝင်နေသလို ပွဲကောင်းတွေလည်း အများအပြားပါဝင်နေတာကြောင့် စိတ်ဝင်တစားစောင့်ကြည့်ရမယ့် ပြိုင်ပွဲတစ်ခုလို ဖြစ်နေပါတယ်။

**အော်ဒီဖလား**

ဒါ့အပြင် ဒီရာသီအကြိုကာလမှာ အော်ဒီဖလားပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ကစားသွားမှာဖြစ်တယ်။ အဆိုပါပြိုင်ပွဲဟာ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိတာဖြစ်ပြီး မနှစ်ကကျင်းပခြင်းမရှိခဲ့ဘဲ ဒီနှစ်မှသာ ပြန်လည်ကျင်းပခဲ့တာဖြစ်တယ်။ ဒီနှစ် အော်ဒီပြိုင်ပွဲကို ဘိုင်ယန်မြူးနစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပြီး ဘိုင်ယန်မြူးနစ်နဲ့အတူ အက်သလက်တီကို၊ လီဗာပူး၊ နာပိုလီတို့လိုအသင်းကောင်းတွေ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ကာ အဆိုပါပြိုင်ပွဲဝင် လေးသင်းကိုရှုံးထွက်စနစ်နဲ့ အကြိုဗိုလ်လုပွဲအဆင့်ကနေ စတင်ကစားစေပြီး အနိုင်ရတဲ့နှစ်သင်းကို ဗိုလ်လုစေမှာဖြစ်တယ်။ ဒီပြိုင်ပွဲကိုတော့ ဩဂုတ် ၁ ရက်မှာ စတင်ယှဉ်ပြိုင်စေမှာဖြစ်တယ်။

ဒါ့အပြင် မနှစ်ကကျင်းပခြင်းမရှိခဲ့တဲ့ ပရီမီယာလိဂ် အာရှဖလားပွဲကို ဒီနှစ်မှာလည်း ကျင်းပသွားမှာဖြစ်လို့ ဒီနှစ်ရာသီကြိုကာလဟာ မနှစ်ကရာသီကြိုကာလထက် ပိုမိုပြည့်စုံလာတယ်လို့ တောင်ဆိုနိုင်ကာ အဆိုပါ ပရီမီယာလိဂ် အာရှဖလားပြိုင်ပွဲကို ဒီနှစ် ဟောင်ကောင်မှာ ကျင်းပမှာဖြစ်ပြီး ပရီမီယာလိဂ်ကလပ်တွေဖြစ်တဲ့ လီဗာပူး၊ ပဲလေ့စ်၊ လက်စတာ၊ ဝက်စ်ဘရွန်းတို့လေးသင်း ပြိုင်ပွဲဝင်သွားမှာဖြစ်ပြီး ပြိုင်ပွဲကိုတော့ရှုံးထွက်စနစ်နဲ့ အကြိုဗိုလ်လုပွဲကနေ စတင်ကစားစေမှာဖြစ်တယ်။ ဒီပရီမီယာလိဂ် အာရှဖလားပွဲကိုတော့ ဇူလိုင် ၁၉ ရက်မှာ ကျင်းပသွားမှာဖြစ်တယ်။

**တစ်ကျော့ပြန် အမ်းမရိတ်ဖလား**

ဒီနှစ်ရာသီအကြိုကာလမှာ မနှစ်ကမကျင်းပခဲ့တဲ့ အဆိုပါ အော်ဒီဖလားပွဲ၊ ပရီမီယာလိဂ်အာရှဖလားပွဲတွေအပြင် အမ်းမရိတ်ဖလားပွဲကိုလည်း ကျင်းပသွားမှာဖြစ်တယ်။

အဆိုပါ အမ်းမရိတ်ဖလားပွဲကိုတော့ ဇူလိုင် ၂၉ ရက်မှာ စတင်ကျင်းပမှာဖြစ်ပြီး အိမ်ရှင်အာဆင်နယ်နဲ့အတူ ဂျာမနီကလပ် လိုက်ပဇစ်၊ စပိန်ကလပ် ဆီဗီလာ၊ ပေါ်တူဂီကလပ် ဘင်ဖီကာတို့ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ကာ ပြိုင်ပွဲကို အမှတ်ပေးစနစ်နဲ့ ကျင်းပမှာဖြစ်ပြီး သွင်းဂိုးတစ်ဂိုးအတွက်ပါ တစ်မှတ်ပေးတဲ့ စနစ်ကို အသုံးပြုလေ့ရှိတာကြောင့် ဒီပြိုင်ပွဲက စိတ်ဝင်စားဖို့ပိုကောင်းနေတယ်။

**တယ်လီကွန်ဖလားပွဲ**

ဒါ့အပြင် ဒီရာသီအကြိုကာလမှာ ဂျာမနီအခြေစိုက်ပြိုင်ပွဲတစ်ခုဖြစ်ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိတဲ့ တယ်လီကွန်ဖလားပွဲကိုလည်း ကျင်းပသွားမှာဖြစ်တယ်။ အဆိုပါ တယ်လီကွန်ဖလားပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပတာဖြစ်ပေမယ့် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာတော့ ဆောင်းရာသီပြိုင်ပွဲအဖြစ်နဲ့ ကျင်းပခဲ့ကာ ဘိုင်ယန်က ဗိုလ်စွဲခဲ့ပြီး အခုပြိုင်ပွဲကိုတော့ ၂၀၁၇ ခုနှစ် နွေရာသီပြိုင်ပွဲအဖြစ်နဲ့ ကစားသွားမှာဖြစ်ကာ လက်ရှိချန်ပီယံဖြစ်တဲ့ ဘိုင်ယန်နဲ့အတူ အိမ်ရှင်ဂလာဘတ်၊ ဟော့ဖန်ဟိမ်း၊ ဝါဒါဘရီမင်တို့ ပါဝင်သွားမှာဖြစ်တယ်။ ဒီပြိုင်ပွဲကိုလည်း ရှုံးထွက်စနစ်နဲ့ အကြိုဗိုလ်လုပွဲက စတင်ကစားစေမှာဖြစ်ပြီး ဇူလိုင် ၁၅ ရက်မှာ စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒါတင်မကဘဲ ဒီနွေရာသီမှာ ဘာစီလိုနာအသင်းက ကြီးမှူးကျင်းပတဲ့ ဂျိုဟမ်ဂမ်ပါဖလားပွဲကိုလည်း ဘာစီလိုနာရဲ့ နျူးကမ့်ကွင်းအတွင်းမှာ ကျင်းပသွားမှာ ဖြစ်တယ်။ ဘာစီလိုနာရဲ့ဥက္ကဋ္ဌဟောင်း ဂျိုဟမ်ဂမ်ပါကို ဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတဲ့ဒီပွဲဟာ နှစ်စဉ်ကျင်းပခဲ့တာဖြစ်ပြီး ဘာစီလိုနာနဲ့ဖိတ်ခေါ်ခံရတဲ့ အသင်းတစ်သင်းသာ ယှဉ်ပြိုင်ကစားစေတဲ့ပွဲဖြစ်လို့ အရင်ကစိတ်ဝင်စားမှုသိပ်မရှိခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ ဘာစီလိုနာဖိတ်ခေါ်ထားတဲ့ အသင်းက လေယာဉ်ပျက်ကျမှုကြောင့် တစ်သင်းလုံးနီးပါးအသက် ဆုံးရှုံးခဲ့ရတဲ့ ဘရာဇီးကလပ်ချာပီကို အန်စီအသင်း ဖြစ်နေတာကြောင့် ဒီဂျိုဟန်ဂမ်ပါဖလားကလည်း တစ်မျိုးစိတ်ဝင်စားဖို့ ကောင်းလာတယ်လို့ဆိုရမယ်။

ဒါ့အပြင် ဒီရာသီအကြိုကာလမှာ နောက်ထပ်ပြိုင်ပွဲတစ်ပွဲကိုလည်း ကျင်းပသွားမှာဖြစ်တယ်။ ဒီပြိုင်ပွဲကိုတော့ Super Copa Tecate လို့အမည်ပေးထားကာ အဆိုပါပြိုင်ပွဲကိုတော့ ဇူ လိုင် ၁၇၊ ၁၈၊ ၁၉ ရက်တွေမှာ မက္ကဆီကိုနိုင်ငံမှာ ကျင်းပသွားမှာဖြစ်ပြီး မက္ကဆီကို ကလပ်အသင်းတွေဖြစ်တဲ့ မွန်တာရေး၊ တီဂါ၊ ခရုဇ်အဇူ၊ ဂွါဒါလာဂျာရာတို့နဲ့ အီတလီချန်ပီယံဂျူဗင်တပ်က ခြေစမ်းကစားသွားမှာဖြစ်တယ်။ ဒီပြိုင်ပွဲမှာ ဂျူဗင်တပ်အပြင် ပေါ်တူဂီကလပ် ပေါ်တိုကပါဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး ဒီပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှာ စတင်ကျင်းပသွားမှာ ဖြစ်တယ်။

ဒါကြောင့်လည်း ဒီနှစ်ရာသီအကြိုကာလဟာ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲပြီးဆုံးခဲ့ရင်တောင် ခြောက်သွေ့သွားမှာမဟုတ်ဘဲ ကလပ်အသင်းတွေရဲ့ ခြေစမ်းပွဲတွေ၊ ဖိတ်ခေါ်ပြိုင်ပွဲတွေအပြင် မနှစ်ကရာသီကြိုကာလမှာ မကျင်းပခဲ့တဲ့ပွဲတွေပါ ကျင်းပလာမှုနဲ့အတူ ဒီရာသီအကြိုကာလဟာ ဆက်လက်စိုပြည်နေဦးမှာ ဖြစ်တယ်လို့သာဆိုချင်မိပါတယ်။

## လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ

➢ ***လီဝန်ဒေါ်စကီးကို ချိတ်ဆက်လာတဲ့ ချယ်လ်ဆီး***

ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူးကော်စတာနေရာတွင် အစားထိုးရန်အတွက် ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒေါ်စကီးကို ချိတ်ဆက်နေကြောင်း မေရာ သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ လီဝန်ဒေါ်စကီးသည် ဘွန်ဒက်စ်လီဂါဂိုးသွင်းဘုရင်ဆု လွဲချော်ခဲ့ရသည့်အတွက် အသင်းဖော်များကို ဒေါသထွက်နေသည်ဟု သတင်းများထွက်နေခြင်းကလည်း ချယ်လ်ဆီး၏ အာရုံကို ပိုမိုဆွဲဆောင်နိုင်သည့် အကြောင်းတရားဖြစ်ခဲ့သည်။

➢ ***ဘယ်လာရင်က အရောင်းစာရင်းမှာ မပါဝင်ဘူးလို့ အာဆင်နယ် တုံ့ပြန်***

အာဆင်နယ်အသင်းက နောက်ခံလူ ဘယ်လာရင်မှာ အရောင်းစာရင်းတွင် ပါဝင်သည့် ကစားသမားမဟုတ်ခြင်းကြောင့် မည်သည့်ကြေးကို ရရ ထုတ်ရောင်းမည်မဟုတ်ကြောင်း ဘယ်လာရင်ကို တောက်လျှောက်ချိတ်ဆက်နေသည့် ဘာစီလိုနာအသင်းကို တုံ့ပြန်လိုက်ပြီဖြစ်သည်။ ဘာစီလိုနာနည်းပြသစ်ဗယ်လ်ဗာဒီက ဘယ်လာရင်မှာ ဘာကာ၏ ယခုနှစ်နွေဈေးကွက် ထိပ်တန်းပစ်မှတ်အဖြစ် သတ်မှတ်ထားသော်လည်း အာဆင်နယ်က နွေဈေးကွက်အတွင်းမည်သည့်နည်းနှင့်မျှ ထွက်ခွာခွင့်ပေးမည်မဟုတ်ဟု ပြောကြားခဲ့သည်။

➢ ***စီရိုနယ်လ်ဒိုထက် မိုရာတာကိုပဲ မော်ရင်ဟို ပိုမိုလိုလားတယ်လို့ သတင်းထွက်***

မန်ယူအသင်းနှင့် ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ အပြောင်းအရွှေ့ကိစ္စရပ်များ သတင်းထွက်နေသော်လည်း မန်ယူနည်းပြမော်ရင်ဟိုကမူ စီရိုနယ်လ်ဒိုထက် မိုရာတာကိုရရှိရေးသာ ပိုမို ဦးစားပေးဆောင်ရွက်ရန် လိုလားနေသည်။ မော်ရင်ဟိုက အသက်(၃၂)နှစ်အရွယ် စီရိုနယ်လ်ဒိုအားပေါင်သန်း ၁၈၀ ပေးချေခေါ်ယူခြင်းထက် အသက်(၂၄)နှစ် မိုရာတာကို ပေါင် ၆၅ သန်း အသုံးပြုခေါ်ယူခြင်းကို ပြီးပြတ်အောင်ဆောင်ရွက်ရန်ဆန္ဒရှိနေခြင်းဖြစ်သည်။

(မေလှဲ့သင်း)

■

## မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြု၊ ညောင်ဦးတွင် စုပေါင်းအမှိုက်ကောက်

**ညောင်ဦး ဇွန် ၂၁**

၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင့်တင့်ဝေဦးဆောင်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပုဂံ (Plastic Cammping) အဖွဲ့၊ ရန်ကုန်မြို့ ပါဝါရိန်းဂျား ပရဟိတ အသင်းအဖွဲ့တို့နှင့် ပူးပေါင်း၍ ဇွန် ၁၇ ရက် နံနက် ၇ နာရီက ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတောင်ဘက်စောင်းတန်းမှ မဏိစည်သူစည်ပင်သာယာဈေးအထိ သွားရောက်ပြီး စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ညောင်ဦးမြို့ ရွှေစည်းခုံဘုရား တောင်ဘက်စောင်းတန်းမှ မဏိစည်သူစည်ပင်သာယာဈေးအထိ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင့်တင့်ဝေနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပုဂံ (Plastic Cammping) အဖွဲ့၊ ရန်ကုန်မြို့ ပါဝါရိန်းဂျားပရဟိတအသင်းအဖွဲ့တို့နှင့် ပူးပေါင်း၍ နံနက် ၇ နာရီမှ ၉ နာရီအထိ ပြည်သူ့အကျိုးပြုလုပ်ငန်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်မှလုပ်ငန်းများ ဆောင်ရွက်မှု ပြန်လည်သုံးသပ်ဆွေးနွေး



**မန္တလေး ဇွန် ၂၁**

မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ၂၀၁၅-၂၀၁၇ မူဘောင်ချမှတ်ကာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးနှင့် ပြည်သူများအတွက်ထိရောက်သည့် စနစ်ယန္တရားများပေါ်ပေါက်လာစေရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် အားကောင်းခိုင်မာသည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတစ်ခုဖြစ်ထွန်းပေါ်ပေါက်လာစေရေး ရည်ရွယ်ဆောင်ရွက်ခဲ့သည်

၂၀၁၅-၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ်မှ မန္တလေးတိုင်းဒေသကြီးတွင် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ ရေကြီးရေလျှံမှုနှင့်မြေပြိုမှုပြန်လည်ထူထောင်ရေး၊ ကျေးလက်မီးလင်းရေး၊ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေရေး၊ လူထုဗဟိုပြုစီမံကိန်းစိုက်ပျိုးရေး၊ ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေး၊ မိုက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်စေရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် အားကောင်းခိုင်မာသည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းများအား အမေရိကန်ဒေါ်လာ ၁၇၁၆ သန်းလျာထား ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်မှ လုပ်ငန်းများဆောင်ရွက်မှု ပြန်လည်သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်ရှိ ဟိုတယ်မန္တလေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာစကားပြောကြားပြီး ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံတာဝန်ခံက မန္တလေးတိုင်းဒေသကြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြောကြားသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လူဦးရေတိုးတက်လာသော ကျေးလက်ဒေသများတွင် လမ်းတံတားအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခြင်း၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့်လမ်းအရှည် ကီလိုမီတာ ၂၀၀ ပြန်လည်တည်ဆောက်ခြင်း၊ တောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာများဖြန့်ဝေခြင်း၊ ဧရာဝတီမြစ်ဝှမ်းဘက်စုံလေ့လာဆန်းစစ်ခြင်း၊ ကျွမ်းကျင်သားဖွားဆရာများအကူအညီဖြင့် မွေးဖွားသည့်ကလေးဦးရေများပြားလာခြင်း၊ မွေးကင်းစကလေးငယ်များနှင့် မိခင်များအတွက် မီးဖွားပြီးကျန်းမာရေးစောင့်ရှောက်မှုတိုးတက်ရရှိလာခြင်း၊ ကျောင်းသား၊ ကျောင်းသူနှစ်သိန်းခန့် ပညာသင်ထောက်ပံ့ကြေးပေးနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ၃၄၀ မီဂါဝပ် တိုးတက်ထုတ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဌာန်းနိုင်ခြင်း၊ အမေရိကန်ဒေါ်လာသန်းတစ်ထောင်နှင့်ညီမျှသော SME အသေးစားချေးငွေအတွက် ငွေရေးကြေးရေးအကူအညီများပေးနိုင်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြန်မာ့ရိုးရာမှန်ပန်းချီအနုပညာတည်တံ့ရေး စာတမ်းဖတ်ကြား



**မန္တလေး ဇွန် ၂၁**

မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်တို့ပူးပေါင်း၍ မြန်မာ့ရိုးရာမှန်ပန်းချီအနုပညာတည်တံ့ရေး စာတမ်းဖတ်ပွဲနှင့် ပြပွဲဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် သုတေသနစင်တာ၌ ကျင်းပခဲ့သည်။

မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သမိုင်းဌာနပါမောက္ခနှင့် တွဲဖက်ပါမောက္ခများ၊ သမိုင်းအထူးပြုဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် အီလီနွိုက်တက္ကသိုလ်မှ Dr.Catherine Raymond ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ၊ အီလီနွိုက်တက္ကသိုလ်မှ သမိုင်းသုတေသီများပူးပေါင်း၍ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော မြန်မာ့ရိုးရာမှန်ပန်းချီပညာနှင့် သမိုင်းပူးတွဲလေ့လာမှုစာတမ်းငါးစောင်ကို ဖတ်ကြားကြသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓစာပေကျမ်းဂန်လာဖြစ်တော်စဉ်များနှင့် ဗုဒ္ဓယဉ်ကျေးမှုဓလေ့များကို ထင်ဟပ်ရေးဆွဲဖော်ပြရာတွင် အများနှစ်သက်သည့် အနုပညာလက်ရာတစ်မျိုးဖြစ်သော မြန်မာ့ရိုးရာမှန်ပန်းချီအနုပညာသည် ခရစ်နှစ် ၁၇ ရာစုမှ ကိုလိုနီခေတ် ၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ခေတ်စားခဲ့သည်။

အယုဒ္ဓနန်းတွင်းတွင် ဒတ်ချ်ထံမှ မှန်ပန်းချီရေးဆွဲနည်းအတတ်ပညာကို သင်ကြားခဲ့ဟန်တူသော ယိုးဒယားအနုပညာရှင်များ၏ ညွှန်ပြပေးမှုဖြင့် မြန်မာ့လက်မှုအနုပညာရှင်များသည် ပုဂံခေတ် (၁၁-၁၃)ရာစုကပင် တိုးတက်ထွန်းကားခဲ့သော မြန်မာတို့၏ အနုလက်ရာများကို မှန်ပန်းချီများအသွင်ဖြင့် တန်ဆာဆင်ရေးဆွဲခဲ့ကြသည်။

စီးပွားဖြစ်ပုံနှိပ်လုပ်ငန်းများနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရုပ်ပုံကားချပ်များကို စက္ကူပေါ် အမြောက်အမြား ပုံနှိပ်ထုတ်ဝေမှုထွန်းကားပြန့်ပွားလာခြင်းနှင့်အတူ မှန်ပန်းချီရေးဆွဲခြင်းအနုပညာသည်လည်း ပျောက်ကွယ်လုဖြစ်ခဲ့ရသည်။ မှန်ပန်းချီများသည် အိမ်ဘုရားစင်၊ နတ်စင်နှင့် ကျေးရွာဘုရားစေတီကျောင်းတော်များတွင် အလှဆင်သည့် ဈေးကွက်ဝင်အမှတ်တရလက်ဆောင်ပေးသည့်ပစ္စည်းတစ်ခု ဖြစ်လာခဲ့သည်။

မဟာမုနိရုပ်ရှင်တော်၊ ရွှေတိဂုံ၊ သမ္ဗုဒ္ဓေဘုရားပုံတော်များသည် အများကြိုက်နှစ်သက်သည့် မှန်ပန်းချီပုံများဖြစ်သည်။ မျိုးဆက်သစ်ပန်းချီပညာရှင်များသည် ရှင်သီဝလိကိုယ်တော်ကဲ့သို့ ရဟန်းပုဂ္ဂိုလ်ကျော်များ၊ ဘိုးဘိုးအောင်နှင့် နတ်မင်းများ၊ သုရသတီမယ်တော်ပုံများလည်း ရေးဆွဲပုံဖော်ခဲ့သည်။ မြန်မာ့ရိုးရာမှန်ပန်းချီပြပွဲကို ဇွန်၂၀ ရက်မှ ၂၂ ရက်အထိ ပြသမည်ဖြစ်ပြီး မှန်ပန်းချီပညာရှင် ဦးချစ်မြနှင့် ဦးမောင်ရှမ်းတို့က မှန်ပန်းချီများကို လက်တွေ့ရေးဆွဲပြသကြကြောင်း သိရသည်။

**မောင်ပြည်သူ**

## မန္တလေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသော်လည်း သေဆုံးမှုမရှိ

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသော်လည်း သေဆုံးမှုမရှိသေးကြောင်း အဆိုပါတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"ကျွန်မတို့ဌာနအနေနဲ့ မနှစ်ကအဖြစ်များတဲ့ မြို့နယ်တွေကို စာရင်းပြုစုလိုက်တဲ့အခါ မန္တလေးမှာ အများဆုံးဖြစ်တယ်။ ဒါကြောင့် မန္တလေးမြို့ပေါ်ကို ဦးစားပေးလုပ်ဆောင်ပါတယ်။ TMO(မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး) တွေက အဖြစ်အများဆုံးနေရာတွေကိုရွေးပြီးတော့ အဖွဲ့သုံးဖွဲ့နဲ့ ကြိုတင်ကာကွယ်နိုင်ဖို့ မေလကစပြီး အဘိတ်ဆေးခတ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်" ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရောဂါနှိမ်နင်းရေး) ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာသင်းသင်းနွယ်က ပြောသည်။

အဆိုပါဌာနအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း၊ Fogging ဆေးမှုတ်ခြင်း၊ Case Base Management ပြုလုပ်ခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းလုပ်ငန်းများကို မေလမှစတင်လုပ်ဆောင်ခဲ့ပြီး ဩဂုတ်နှင့် စက်တင်ဘာလများတွင်လည်း အဘိတ်ဆေးခတ်ခြင်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

"ကျွန်မတို့ဆေးခတ်တဲ့နမူနာအတိုင်း သူတို့လည်း လုပ်ဆောင်လို့ရပါတယ်။ သက်ဆိုင်ရာမြို့နယ်တွေမှာ အဘိတ်ဆေးလုံလုံလောက်လောက်ပေးထားပါတယ်။ ဝယ်စရာမလိုပါဘူး။ ဒီလိုဖြစ်ရင် ဒီလိုကာကွယ်လို့ရတယ်ဆိုတဲ့အသိကို ကျွန်မတို့လည်း အသိပညာပေးတွေ လုပ်ဆောင်နေပါတယ်။ ပြည်သူတွေလည်း ပူပေါင်းပါဝင်စေချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ စုစုပေါင်း ၂၉၂ ဦးရှိပြီး မန္တလေးခရိုင်အတွင်းဖြစ်ပွားသူ ၂၂၃ ဦးရှိကာ ဇွန်လ ၂၀ ရက်နေ့အထိ သေဆုံးသူဦးရေမရှိသေးကြောင်း ယင်းဌာန၏ မှတ်တမ်းများအရ သိရသည်။

**နဒီလှိုင်း**

## ကျောင်းသုံးပစ္စည်းများလှူဒါန်း

**သာစည် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာရှိ ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်နှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့မှ ဒေသခံပြည်သူများ၏ ကျောင်းနေအရွယ်ကလေးများ ပညာရေးတွင် အခက်အခဲမရှိ ပညာသင်ယူနိုင်ရေးအတွက်ရည်ရွယ်ပြီး ဇွန် ၁၉ ရက်က ပြည်ညောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ကူပြင်ကျေးရွာမူလတန်းလွန်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းတွင် ပြည်ညောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်း ၄၈၄ ဦး၊ အလယ်တန်း ၃၂၃ ဦးနှင့် အထက်တန်း ၉၉ ဦး စုစုပေါင်း ၉၀၆ ဦးနှင့် မွန်းလွဲပိုင်းတွင် ကူပြင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်း ၇၂ ဦးနှင့် အလယ်တန်း ၃၂ ဦး စုစုပေါင်း ၁၀၄ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၁၀ တို့ကို ငွေကျပ် ၈၆၇၅၄၇၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများဖြစ်သော ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်၊ ပေတံ၊ ဘောပင်ထည့်အိတ်၊ ကျောပိုးအိတ်၊ မိုးကာ၊ ထီးစသည့်ပစ္စည်းများကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီများသည် ဒေသခံကျောင်းသား၊ ကျောင်းသူများ ပညာရေးအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ နှစ်စဉ်လှူဒါန်းခဲ့ရာ ယခုနှစ်တွင် (၅) ကြိမ်မြောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးတွင် အရိပ်ရသစ်ပင်များစိုက်ပျိုးမည်

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခဦးဆောင်သော နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) မှကြီးမှူး၍ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာတွင် အရိပ်ရသစ်ပင် ၁၀၀၀ အား ဇူလိုင်လဆန်းတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီသစ်ပင်တွေစိုက်တဲ့ ဆရာတော်ကြီးရဲ့ရည်ရွယ်ချက်က အမြန်လမ်းဘေးဝဲယာမှာ အရိပ်ရအပင်တွေ၊ ပန်းပင်တွေနဲ့ ကျေးငှက်တိရစ္ဆာန်တွေ၊ လူတွေ အပန်းဖြေနားနေနိုင်အောင်လို့ပါ။ ကျွန်တော်တို့အသင်းကြီးက အမြန်လမ်းမကြီးဘေးမှာ အရိပ်ရသစ်ပင်စိုက်တာ စတုတ္ထအကြိမ်မြောက်ပါ။ ၂၀၁၄ ခုနှစ် ဇွန်လက မိုင်တိုင် ၃၆၅/၆ မှ ၃၅၇ ထိ ကုက္ကိုပင် ၁၇၅၀၊ ၂၀၁၅ ခုနှစ် ဇွန်လမှာ မိုင်တိုင် ၃၅၇ မှ ၃၅၃ ထိ မယ်ဇယ်ပင် ၁၂၅၀၊ ၂၀၁၆ ခုနှစ်မှာ မိုင်တိုင် ၃၅၃ မှ ၃၄၅/၆ ထိ မယ်ဇယ်ပင်၊ ကုက္ကိုပင်၊ ပိတောက်ပင်၊ စိန်ပန်းပင်၊ ငုပင် ၁၅၀၀နဲ့ ယခု ၂၀၁၇ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် မိုင်တိုင် ၃၄၅/၆ မှ မယ်ဇယ်ပင်၊ ကုက္ကိုပင်၊ ပိတောက်ပင်၊ စိန်ပန်းပင်၊ ငုပင်၊ အော်ရေးရှားပိတောက် အစရှိတဲ့ အရိပ်ရပင် ၁၀၀၀ ပင်စိုက်ပါမယ်" ဟု နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

ရန်ကုန်-မန္တလေးလမ်းမကြီး လမ်းဘေးဝဲယာ အရိပ်ရသစ်ပင်များ စိုက်ပျိုးရေးစီမံကိန်းအား ယခုနှစ်တွင် အပင် ၁၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများအနေဖြင့် အရိပ်ရသစ်ပင်တစ်ပင်လျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး) ရုံး ဖုန်း-၆၈၃၀၅၊ ၀၉ ၄၀၂၆၉၂၅၂၂ သို့ မည်သူမဆို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၁**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အမျိုးသားလွှတ်တော်ရုံး အတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌဦးကျော်ဇင်မိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ်က ယခုပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ပြည်သူများ ပိုက်ကျော်ခြင်းအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရန်နှင့် မြန်မာ့ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ရည်ရွယ်ကျင်းရခြင်း ဖြစ်ပါကြောင်း၊ ပိုက်ကျော်ခြင်း အားကစားနည်း၏ "အဖိုးနည်းဝန်ပါ သင်ကျန်းမာဖို့ ပိုက်ကျော်ခြင်းကစားကြစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်လူရွယ်များ စိတ်ပါဝင်စားစွာ ဖြင့်ကစားနိုင်သည့် အားကစားနည်းတစ်ရပ်ဖြစ်ပြီး အာရှပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်သော အားကစားနည်း ဖြစ်ပါကြောင်း၊ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်ကစားကြပြီး နိုင်ငံတော်မှ အားထားရသော နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ထူးချွန်သော အားကစားသမားကောင်းများဖြစ်အောင်ကြိုးစား ယှဉ်ပြိုင်သွားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ ၂၀၁၇ တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းအားကစား ပြိုင်ပွဲတွင် အမျိုးသား နှစ်ယောက်တွဲ၊ သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ၊ သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲများပါဝင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်၍ စုစုပေါင်း အားကစားသမား ၂၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင် ကစားကြပြီး ဇွန် ၂၀ ရက်မှ ၃၀ ရက် အထိ နေ့စဉ် နံနက် ၈ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B)တွင် ယှဉ်ပြိုင်ကစားသွား ကြမည်ဖြစ်ပြီး ပိုက်ကျော်ခြင်းအားကစားကို စိတ်ပါဝင်စားသော မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# သင်ခန်းစာများအမှန်တကယ်တတ်မြောက်မှုရှိစေရေး၊ ဆရာဆရာမများစေတနာထားသင်ကြားနိုင်ရေး ကျောင်းအုပ်ကြီးများကစီမံဆောင်ရွက်

**ပုလဲ ဇွန် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်သာကြည်ခန်းမ၌ ဇွန် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပညာရေးဝန်ထမ်းများ၏ အပြောင်းအရွှေ့၊ ရာထူးတိုး ကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျခန့်အပ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ မကြာသောကာလတွင် အပြောင်းအရွှေ့၊ ရာထူးတိုးများ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်စအချိန်ဖြစ်သောကြောင့် ကျောင်းပြောင်းလက်မှတ်များနှင့် ပတ်သက်၍ ငွေကြေးကောက်ခံခြင်း မပြုလုပ်ရန်နှင့် ကျောင်းသား ကျောင်းသူများထံမှငွေကြေးကောက်ခံခြင်း မပြုလုပ်ရန် အထူးမှာကြားလိုကြောင်း၊ စာသင်ခန်းအတွင်းမှာပင် ဘာသာရပ်အလိုက် သင်ခန်းစာများကို ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်အမှန်တကယ် တတ်မြောက်မှုရှိစေရေးအတွက် ဆရာ ဆရာမများက စေတနာထား သင်ကြားနိုင်အောင် ကျောင်းအုပ်ကြီးများက စီမံဆောင်ရွက်ဖို့လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အခြေခံပညာကျောင်းများမှကျောင်းအုပ်ကြီးများက ပညာရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည့် အချက်များကို တင်ပြဆွေးနွေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ယင်းမာပင်ခရိုင်ပညာရေးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး(စီမံ ) ဦးကျော်ဌေးဝင်း၊ ပုလဲမြို့နယ်ပညာရေးမှူး ဦးတိုးငွေနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများက ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**မြင့်သိန်းစိုး(ပုံတောင်မြေ)**

# ကလေးသူငယ်တရားစီရင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၁**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ယူနီဆက်ဖ်(မြန်မာ)တို့၏ Multi-Year Work Plan (၂၀၁၇) ခုနှစ် အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ယူနီဆက်ဖ်(မြန်မာ)တို့ ပူးပေါင်း၍ ကလေးသူငယ် တရားစီရင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်း (Master Trainer)နှင့် တရားသူကြီးများအတွက် ကလေးသူငယ် တရားစီရင်ရေး သင်တန်းများကို နေပြည်တော် အမရာဟိုတယ်၌ ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းများတွင် ကလေးသူငယ် တရားစီရင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်း (Training for Master Trainers-TOT) ပို့ချပုံနည်းလမ်း၊ တရားစီရင်ရေးကဏ္ဍတွင် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးနှင့် ကလေးသူငယ်အပေါ် စာနာနားလည်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ပို့ချမည်ဖြစ်သည်။

ကလေးသူငယ် တရားစီရင်ရေးဆိုင်ရာဆရာဖြစ်သင်တန်း (Training for Master Trainers-TOT) ကို ဇွန် ၂၀ ရက် မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တရားရေးအရာရှိများ၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီး ၂၀ တက်ရောက်လျက်ရှိပြီး တရားသူကြီးများအတွက် ကလေးသူငယ်တရားစီရင်ရေးသင်တန်းသို့ ဇွန် ၂၂ ရက် မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး မှ တရားရေးအရာရှိများ၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ ၃၅ ဦးတို့ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။ **သူရအောင်(ပြည်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

**သာစည် ဇွန် ၂၁**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အသိပညာဗဟုသုတများရရှိစေရန် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက မရွေးကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။



ရှေးဦးစွာ ကျောင်းသား ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များကို ခင်းကျင်းပြသသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အိအိသန်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို အသိပညာပေးဟောပြောပြီး ရုပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေးက စာဖတ်ခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**



# မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းနှင့်ကျောက်မျက်များ လွယ်ကူစွာဝယ်ယူနိုင်ရေး စပေါ်ငွေများလျှော့ချပေးရန်စီစဉ်

**မန္တလေး ဇွန် ၂၁**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေးကော်မတီက ကျင်းပမည့် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းကျောက်မျက်များ ပိုမိုလွယ်ကူစွာ လာရောက်ဝယ်ယူနိုင်ရန်အတွက် နိုင်ငံခြားသားကျောက်မျက်ကုန်သည်များပေးသွင်းရ သည့် ယူရို စပေါ်ငွေများကို လျှော့ချပေးရန်စီစဉ်လျက်ရှိသည်။

ယခင်ကနိုင်ငံခြားသား ကျောက်မျက်ကုန်သည်များ ကျောက်စိမ်းအရိုင်းတုံးဝယ်ယူမည်ဆိုပါက ယူရိုငါးသောင်းစပေါ်တင်ရပြီး ကျောက်မျက်ဝယ်ယူမည်ဆိုပါက ယူရိုနှစ်သောင်းစပေါ်တင်ရသည်။ (၅၄) ကြိမ်မြောက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစတင်ပြီး နိုင်ငံခြားသားကျောက်မျက်ကုန်သည်များ ကျောက်စိမ်းအရိုင်းတုံးများဝယ်ယူလိုပါက ယူရို ငါးသောင်းအစား ယူရို နှစ်သောင်းသို့လည်းကောင်း၊ ကျောက်မျက်အတွဲများဝယ်ယူလိုပါက ယူရို နှစ်သောင်းအစား ယူရို တစ်သောင်းသို့ စပေါ်လျှော့ချ၍ ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြပွဲတွင် ကချင်ပြည်နယ် ဖားကန့်၊ လုံခင်းကျောက်စိမ်းလုပ်ကွက်များမှ ထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံးများ၊ ကျောက်စိမ်းအချောထည်များ၊ မိုးကုတ်ရတနာမြေမှထွက်ရှိသော ပတ္တမြား၊ မြ၊ နီလာကျောက်မျက်များအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပကျောက်မျက်ကုန်သည်များ လာရောက်လေ့လာဝယ်ယူကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ များသို့ တရုတ်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့မှ ရတနာကုန်သည်များ အများဆုံး လာရောက်ဝယ်ယူကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# အစိုးရအဖွဲ့နှင့် လွှတ်တော်အကြား ဘတ်ဂျက်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေး

**ပဲခူး ဇွန် ၂၁**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီခွဲက အစိုးရအဖွဲ့နှင့် လွှတ်တော်အကြား ဘတ်ဂျက်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ နည်းပညာများ၊ ဘတ်ဂျက်ရေးဆွဲရာတွင် ပါဝင်ရမည့်ကဏ္ဍအသီးသီးမှ စီမံကိန်းခေါင်းစဉ်များ၊ ဦးစားပေးလုပ်ငန်းစီမံကိန်းများ၊ ဘတ်ဂျက်စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ အစိုးရနှင့် လွှတ်တော်ကြား ပွင့်လင်းမြင်သာမှုရှိစေရန်၊ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိန်းကျောင်းသွားနိုင်ရန်အတွက် The Asia Foundation မှ ယခုလို လာရောက်ဆွေးနွေး ရှင်းလင်းတင်ပြပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် The Asia Foundation မှ Dr.Matthew Arenold က ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပညာရပ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် အစိုးရအဖွဲ့၏ ဦးစားပေးကဏ္ဍများကို ဦးတည်ဖော်ထုတ်နိုင်ရေးအားလည်းကောင်း၊ Mr. Ildrim က ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ လေ့လာသုံးသပ်ချက်များ၊ ဘတ်ဂျက်ဆိုင်ရာ မူဝါဒရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်၊ ပို၍ကောင်းမွန်သည့် ဝန်ဆောင်မှုပံ့ပိုးပေးနိုင်ရန်စသည့် အချက်အလက်များကိုလည်းကောင်း၊ ဦးစိန်ငြေးက ဘတ်ဂျက်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် ဦးစားပေးကဏ္ဍများ ရွေးချယ်ခြင်းနှင့် မူဝါဒများချမှတ်ခြင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍ (အသေးစား၊အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး)၊ လယ်ယာမြေ၊ သစ်တော၊ ရေသယံဇာတနှင့် အခြားသဘာဝသယံဇာတများစီမံခန့်ခွဲမှု၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်၊ မြို့ပြဖွံ့ဖြိုးရေး၊ အခွန်အကောက်တိုးမြှင့်ရရှိရေး၊ ဒေသတွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ မိတ်ဖက်ပါဝင်သူများ (Stakeholder) ပါဝင်ပူးပေါင်း ဆောင်ရွက်မှု တိုးတက်မြင့်မားရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အထူးစီးပွားရေးဇုန်များ ပေါ်ထွန်းလာရေး စသည့် အချက် (၁၂) ချက်အား အုပ်စုလေးစုခွဲ၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



## နားမကြားသောကလေးများကျောင်း(ရန်ကုန်)မှ ကျောင်းသား/သူနှင့်ဝန်ထမ်းများအား ဘီ၊စီပိုးရှိ–မရှိစစ်ဆေး

**တာမွေ ဇွန် ၂၁**
ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၏စီစဉ်ပေးမှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာမွေမြို့နယ်နှင့် အသည်းဖောင်ဒေးရှင်း သံစစ်ကုသိုလ်ဖြစ်ဆေးခန်းတို့ပူးပေါင်းကာ ဇွန် ၂၀ ရက် နံနက်က မေတ္တာညွန့်ရပ်ကွက်ရှိ နားမကြားသောကလေးများကျောင်း (ရန်ကုန်)၌ ကျောင်းသား ကျောင်းသူနှင့်ဆရာ ဆရာမများ၊ ဝန်ထမ်းများစုစုပေါင်း ၁၂၃ ဦးတို့ကို အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုး ရှိ၊ မရှိစစ်ဆေးခြင်းနှင့် ဘီပိုးရှိသူတို့အား (အခမဲ့) ကာကွယ်ဆေးထိုးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

**မောင်မောင်**

# ဘားအံပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်း

**ဘားအံ ဇွန် ၂၁**
ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင်အစည်းအဝေးခန်းမဆောင်၌ ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂) ပြည့် မွေးနေ့ဂုဏ်ပြုအထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သွေးလှူရှင်အသင်းအဖွဲ့များ၊ သွေးလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"ဒီနေ့အစီအစဉ်အတွက် ပြည်သူကို ကြိုတင်အသိမပေးနိုင်ခဲ့ဘူး။ ဒါပေမယ့် သွေးလှူရှင်စာရင်းတွေ ရောက်လာပါတယ်။ ဘားအံပညာရေးကောလိပ်က ၈၀၊ ဘားအံတက္ကသိုလ်က ၅၀၊ အရပ်ဘက်လူငယ်လေးတွေက ၂၆ ဦး ၊ရဲတပ်ဖွဲ့ဝင် ငါးဦးနဲ့ မီးသတ်တပ်ဖွဲ့ဝင်ကိုးဦး မနေ့ကတည်းက စာရင်းပေးခဲ့ပြီး ဒီနေ့မှသိလို့ စာရင်းလာပေးတာနဲ့ဆိုရင် သွေးလှူဖို့ ရောက်ရှိနေကြတာ ၁၈၆ ဦးရှိပါတယ်" ဟု အခမ်းအနားဖြစ်မြောက်ရေး ဦးဆောင်သူ ဦးအောင်ငွေက ပြောသည်။

ယင်းနေ့သွေးလှူပွဲသို့ လာရောက်သည့် ဘားအံတက္ကသိုလ် ကြက်ခြေနီအသင်းမှ ကျောင်းသား/သူများ၊ ဘားအံပညာရေးကောလိပ်မှ ကျောင်းသား/သူများ၊ သံဃာတော်များ၊ ရဲတပ်ဖွဲ့ဝင်များစုစုပေါင်း ၁၆၀ ခန့်က သွေးလှူဒါန်းနိုင်ရန် လိုအပ်သည့် သွေးစစ်ချက်များဆောင်ရွက်၍ စုပေါင်းသွေးလှူဒါန်းကြရာ အေသွေးအမျိုးအစား ၃၃ လုံး၊ ဘီသွေးအမျိုးအစား ၂၉ လုံး၊ အိုသွေးအမျိုးအစား ၅၇ လုံး၊ အေဘီသွေးအမျိုးအစား ခြောက်လုံး သွေးပုလင်း စုစုပေါင်း ၁၂၅ လုံးအား စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် တစ်လပျမ်းမျှသွေးပုလင်းလိုအပ်မှု ၄၀၀၊ ၅၀၀ ဝန်းကျင်ခန့်ရှိပြီး ယခုလို သွေးလွန်တုပ်ကွေးရာသီတွင် အခြားအရေးပေါ်လူနာများ၊ ခွဲစိတ်လူနာများ၊ သားဖွားလူနာများအား ယခုကဲ့သို့ အစုလိုက် အဖွဲ့လိုက်သွေးလှူဒါန်းကြခြင်းသည် လူနာများ၊ လူနာရှင်များအတွက် များစွာအထောက်အကူရစေသည့်အတွက် အလားတူအစုအဖွဲ့လိုက် သွေးလှူဒါန်းခြင်းများကို ပြည်နယ်ပြည်သူ့ဆေးရုံကြီးအနေဖြင့် လိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးရဲ့ တစ်လပျမ်းမျှသွေးပုလင်းလိုအပ်မှု ၄၀၀၊ ၅၀၀ လောက်ရှိတယ်။ ခုချိန်က သွေးလွန်တုပ်ကွေးရာသီ ဖြစ်တဲ့အပြင် အရေးပေါ်လူနာတွေ၊ ခွဲစိပ်လူနာတွေ၊ သားဖွားလူနာတွေအနေနဲ့ ပိုပြီးလိုအပ်နိုင်ပါတယ်။ ဒီနေ့အခမ်းအနားနဲ့ အစုအဖွဲ့တွေသွေးလှူဒါန်းကြတဲ့အတွက် လူနာတွေ လူနာရှင်တွေမှာ အများကြီး ကျေးဇူးရှိသလို သွေးဆိုတာ စက်နဲ့ဖန်တီးထုတ်ယူလို့ရတာမျိုးမဟုတ်လို့ စေတနာ သွေးလှူရှင်တွေ ဆက်လက်လှူဒါန်းကြဖို့လည်း မျှော်လင့်ပါတယ်" ဟု သွေးလှူဘဏ်တာဝန်ခံ၊ ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာဘုန်းမိုးဝင်းကပြောသည်။

ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်နှင့် ပုံမှန်သွေးလှူဒါန်းလျက်ရှိသည့် မြိုင်ကလေး အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ စေတနာဖြူစင်သွေးလှူရှင်အဖွဲ့၊ မာဃလူမှုကူညီရေးအဖွဲ့ စသည့် သွေးလှူရှင် အဖွဲ့များရှိသော်လည်း ပုံမှန်သွေးလိုအပ်မှုမှာရှိနေဆဲဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံပြည်သူ့ဆေးရုံကြီးရှိရောဂါဗေဒဌာန သွေးလှူဘဏ်တွင်ဝေဒနာရှင်များနှင့် အရေးပေါ်လူနာများအားသွေးသွင်းကုသမှုများ ပိုမိုအဆင်ပြေစေရေးအတွက် ဌာနဆိုင်ရာများနှင့် အရပ်ဘက်ပရဟိတ လူမှုအဖွဲ့အစည်းများက အစုအဖွဲ့လိုက်သော်လည်းကောင်း၊ အရေးပေါ်သွေးလိုအပ်ချက်များအရသော်လည်းကောင်း စဉ်ဆက်မပြတ် စေတနာရှင်များက သွေးလှူဒါန်းမှုများရှိရာ လက်ရှိရောဂါဗေဒဌာနနေရာသည် ကျဉ်းမြောင်းလျက်ရှိနေခြင်းကြောင့် သွေးလှူရှင်များအဆင်ပြေစွာသွေးလှူနိုင်ရေးနှင့် နားနေနိုင်ရန်နေရာလည်း လိုအပ်လျက်ရှိနေပြီး စေတနာရှင်များ၏ သွေးများကို ပိုမိုသိုလှောင်သိမ်းဆည်းထားနိုင်ရေးအတွက် ရေခဲသေတ္တာထပ်မံဖြည့်ဆည်းရန်လည်း လိုအပ်လျက်ရှိသည်။

ထိုသို့ အခြေခံလိုအပ်ချက်များအပြင် ပိုမိုကောင်းမွန်သော ခေတ်မီစက်ကိရိယာများလည်းလိုအပ်နေခြင်းကြောင့် ဘားအံပြည်သူ့ဆေးရုံကြီးရှိ ရောဂါဗေဒဌာနအား ထပ်မံတိုးချဲ့ရန်လိုအပ်နေကြောင်း ယင်းဌာနတာဝန်ခံ ဒေါက်တာဘုန်းမိုးဝင်းထံက သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**



# စမိုးချောင်းနှင့်လှေကွဲမြောင်းအချိန်မီတူးဖော်ပြီးစီး၍ မြို့ရပ်ကွက်၊ လယ်မြေများ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်

**ရေတာရှည် ဇွန် ၂၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အနီး အနောက်မှအရှေ့သို့စီးဆင်းသော စမိုးချောင်းငယ်သည် နှစ်စဉ်မိုးရာသီကာလရောက်တိုင်း ရေများပြည့်လျှံကာ ရေတာရှည်မြို့ အမှတ် (၆) ရပ်ကွက်၊ အမှတ် (၁) ရက်ကွက်များနှင့် ချောင်းစီးဆင်းရာတစ်လျှောက်ရှိ လယ်မြေများရေဝင်နစ်မြုပ်ခံရလေ့ရှိသည်။ ယခုနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စမိုးချောင်းနှင့် လှေကွဲမြောင်းများအား စစ်တောင်းမြစ်အထိ စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ဒီရက်ပိုင်းရွာတဲ့မိုးက ဆွာချောင်းတမံမှာ မိုးရေချိန် ၃ ဒသမ ၉၁ လက်မနဲ့ ရေတာရှည်မြို့မှာက မိုးရေချိန် ၃ ဒသမ ၇၀ လက်မဆိုတော့ အတော်များတယ်လို့ပြောလို့ရတယ်။ ဒါပေမယ့် စမိုးချောင်းနဲ့လှေကွဲမြောင်းတွေကို ကြိုတင်ဆောင်ရွက်ထားလို့ ရေကြီးရေလျှံမှု ကာကွယ်ပြီးသားဖြစ်သွားတယ်" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က ပြောကြားသည်။

ရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်းကြောင့် ပေါက်ချောင်း၊ ခင်တန်း၊ ဘိုးတော်ကုန်း၊ ကြံသနွယ်၊ မော်ဝါကျေးရွာအုပ်စုများ၌ မိုးရာသီကာလ စိုက်ပျိုးထားသော စပါးခင်းများ ရေဝင်နစ်မြုပ်ပျက်စီးခြင်းမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်၍ တောင်သူများအတွက်များစွာ အဆင်ပြေနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်ရောဂါကာကွယ်ထိန်းချုပ်နှိမ်နင်းရေး မြို့နယ်အဆင့် အသိပညာပေးဆွေးနွေး

**အလုံ ဇွန် ၂၁**
သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်ရောဂါကာကွယ်ထိန်းချုပ်နှိမ်နင်းရေး မြို့နယ်အဆင့် အသိပေးဆွေးနွေးညှိနှိုင်းပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာလဲ့ညိုဝင်းက သွေးလွန်တုပ်ကွေး ဇီကာဗိုင်းရပ်ရောဂါသည် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ကြောင်း၊ ရောဂါမဖြစ်ပွားရန်အတွက် ခြင်ကျားလောက်လန်းတစ်ကောင်မကျန် နှိမ်နင်းပေးဖို့လိုကြောင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို နေ့စဉ်လုပ်ဆောင်ပြီး ဘယ်အချိန် အိပ်-အိပ် ခြင်ထောင်ထောင်အိပ်ပြီး ခြင်ထောင်ကို ခြောက်လတစ်ကြိမ် ဆေးစိမ်ဖို့လိုကြောင်းနှင့် သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလဲ့ညိုဝင်းနှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းဆရာဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်မောင်ဦး (အလုံ)**

# ကယားပြည်နယ် သို့မဟုတ် ကန္တာရဝတီ ငွေတောင်ပြည်ခရီးစဉ်

## မောင်လူမွန်(သုတေသန)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနဟု ဦးစီးဌာနနှစ်ခု ရှိပါသည်။ လူသားတို့၏ ဘဝအစမိခင်ဝမ်းတွင်းပဋိသန္ဓေ တည်သည့်အချိန်မှသည် ဆံဖြူ သွားကျိုး၊ ပါးရေနားရေတွန့်ကာ ဘဝနေဝင်ချိန်ကို လျှောက်လှမ်းနေသည့် ဘိုးဘွားများအရွယ်အထိ (FROM WOMB TO THE GRAVE) လူသားတိုင်းလိုအပ်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး (OCIAL PROTECTION) ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး (DISASTER MANAGEMENT) နှင့် သဘာဝဘေး အန္တရာယ်လျော့ပါးရေး (DISASTER RISK REDUCTION) ဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိပါသည်။

**တက်ညီ လက်ညီ ဆောင်ရွက်သည်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူတိုင်းအခြေခံလူ့အခွင့်အရေးများကို ဒီမိုကရေစီ စံနှုန်းများနှင့်အညီရရှိပြီး လူ့ဂုဏ်သိက္ခာပြည့်ဝစွာ ရပ်တည်နိုင်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များဖြင့် ဆောင်ရွက်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုစနစ်များဖြင့် သဘာဝဘေးဒဏ်များကို ရင်ဆိုင်တုံ့ပြန်၊ ကြံ့ကြံ့ခံနိုင်သောလူ့အဖွဲ့အစည်း ဖြစ်ပေါ်စေရေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တက်ညီလက်ညီ အကောင်အထည်ဖော်လျက်ရှိပါသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများအတွက် အကျိုးရှိထိရောက်စေရေး၊ ပွင့်လင်းမြင်သာသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကွင်းဆင်းလေ့လာ၍ မှတ်တမ်းတင်ရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန်လိုအပ်လာပါသည်။

**M & E အဖွဲ့ဘာကြောင့်ဖွဲ့**

လူမှု/ကယ်ဆယ်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများ၏ အကူအညီပေးရေး လုပ်ငန်းအစီအစဉ်များ၊ မြေပြင်အခြေအနေများကို သိရှိနိုင်စေရန်၊ မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီပေးရေးဝန်ဆောင်မှုများတွင် လက်ခံရရှိသည့် ပြည်သူလူထု၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိ၊ မရှိ၊ ပြည်သူလူထု၏ လိုအင်ဆန္ဒများအား သိရှိနိုင်စေရန်နှင့် Monitoring and Evaluation Team (M&E) အဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းများနှင့် လူထုအကြား လိုအပ်ချက်များကို မျက်မြင်သိရှိပြီး ပေါင်းစပ်ကူညီဆောင်ရွက်ပေးရန်၊ MoUသက်တမ်းတိုးနိုင်ရန် ရည်ရွယ်၍ ကွင်းဆင်းလေ့လာရေးအဖွဲ့ M & E Team များ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ဝန်ကြီးဌာနက ဖွဲ့စည်းထားရှိသည့် ကွင်းဆင်းလေ့လာရေး M & Eအဖွဲ့နှစ်ဖွဲ့အနက် မိမိဦးဆောင်သည့်အဖွဲ့ (၁)မှာ ကယားပြည်နယ်သို့ ကွင်းဆင်းလေ့လာရေးခရီးသွားရောက်ရန် တာဝန်ပေးခြင်းခံရသည်။ ကယားပြည်နယ်သည် နာမည်ကျော်သုခနေမင်းသားနှင့် ဒွေးမယ်နော်တို့ စံပျော်ရာ ကန္တရဝတီခေါ် ငွေတောင်ပြည်ဖြစ်သည်။ မိမိတို့နှင့် MoU ရေးထိုးထားကာ ကယားပြည်နယ်အတွင်း ရပ်ရွာလူထု အဖွဲ့အစည်းများအား ဖွံ့ဖြိုးမှု အကူအညီပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့အစည်းများမှာ Mercy Crops၊ AVSI နှင့် World Education တို့ ဖြစ်သည်။

**ကယားတို့ပြည် ခရီးချီပြီ**

၂၀၁၇ ခုနှစ် နွေရာသီကား ယခင်ထက် ပိုပူသည်ဟု ထင်ရသည်။ မိမိတို့လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ M & E အဖွဲ့သည် ကယားပြည်နယ်သို့ မေလပထမပတ်အတွင်း ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ ရာသီဥတုက ပူပြင်းခြောက်သွေ့သော်လည်း ငွေတောင်ပြည်ခရီးစဉ်ကား ထူးထူးခြားခြား၊ သာသာယာယာပင်။ ကယားပြည်နယ်ခရီးစဉ်အတွင်း လွိုင်ကော်မြို့ သိင်္ဂဟတည်းခိုခန်းတွင် တည်းခိုနေထိုင်ခဲ့ကြသည်။ အစစ စီစဉ်ဆောင်ရွက်ပေးသည့် ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်ခရီးစဉ်တစ်လျှောက် ပူးပေါင်းဆောင်ရွက်ပေးသည့် Mercy Crops AVSI နှင့် World Education တို့မှ တာဝန်ခံအရာရှိများနှင့် ဝန်ထမ်းများအား အထူးကျေးဇူးတင်မိပါသည်။

**ကွင်းဆင်းဆောင်ရွက် တွေ့ရှိချက်**

ပထမနေ့ မနက်ပိုင်းတွင် World Education၏ အထောက်အပံ့ဖြင့် ဝက်မွေးမြူကာ အသက်မွေးဝမ်းကျောင်းလျက်ရှိသည့် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် အုပ်စု(၇)မှ ဦးမြသိန်းအိမ်သို့ သွားရောက်မေးမြန်းခဲ့သည်။ ၎င်းမှာ ဆယ်စုနှစ်နှစ်စုဝန်းကျင်ခန့်က ပေါ်တာအဆွဲမခံရစေရေးထွက်ပြေးခဲ့ရာမှ လက်နက်ငယ်မှန်၍ ညာခြေသလုံးဖြတ်ခဲ့ရကြောင်း၊ ဝက်သုံးကောင်မွေးမြူထားသော်လည်း အရင်းအနှီးနည်းပါး၍ ထပ်မံလိုအပ်ကြောင်း၊ World Educationအဖွဲ့အစည်း၏ လုပ်ငန်းများကို ကျေနပ်အားရ၍ အဆင်ပြေကြောင်း ပြောဆိုပါသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ဒေါနံခါးရပ်ကွက်ရှိ မြေပြုပိ၍ ခါးအောက်ပိုင်းမလှုပ်ရှားနိုင်သော ဦးဒယ်နီကိုအား သွားရောက်တွေ့ဆုံခဲ့ရာ World Education၏ အထောက်အပံ့ဖြင့် ဝက်နှစ်ကောင်မွေးမြူထားကြောင်း၊ ဝက်စာလိုအပ်ချက်ရှိကြောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်သော လျှပ်စစ်သင်တန်းအား တက်ရောက်လိုကြောင်း၊ ယခုအသုံးပြုနေသော Wheel Chair မှာ အဆင်မပြေသဖြင့် အသစ်ရလိုကြောင်း ပြောကြားသဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြလဲကျေးရွာရှိ World Education၏ အစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေသော ကယားပြည်နယ် ရွှေမင်းသားမသန်စွမ်းသူများအဖွဲ့ထံ သွားရောက်ခဲ့ကြသည်။ ဝက်၊ နွားများမွေးမြူကြောင်း၊ တစ်ဦးချင်းစီအားလည်း ထောက်ပံ့ကြောင်း၊ အဖွဲ့လိုက်အဖြစ်လည်း ထောက်ပံ့ကြောင်း၊ စားဝတ်နေရေးအဆင်မပြေဖြစ်ကြောင်း၊ သောက်သုံးရေလွန်စွာခက်ခဲကြောင်း၊ အနီးအနားတွင် မသန်စွမ်းကျောင်းဖွင့်လှစ်ပေးစေလိုကြောင်း၊ အဖွဲ့က သက်ကြီးရွယ်အိုများနှင့် ဘာသာရေးကိစ္စများတွင် ကူညီပေးလိုကြောင်း လေ့လာသိရှိရပါသည်။ သောက်သုံးရေကိစ္စအား AVSI က ကူညီပံ့ပိုးပေးရန် တစ်ဆက်တည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် AVSI၏ အကူအညီဖြင့် ဖွင့်လှစ်ထားသော မောဒီကလားမေးဟိုး ဘော်ဒါသို့သွားရောက်လေ့လာခဲ့ပါသည်။ ရွာပေါင်း ၁၇ ရွာမှ ကလေး ၈၂ ဦး၏ ကျောင်းတက်ရန် စီစဉ်ပေးခြင်း၊ အသုံးအဆောင်ပစ္စည်းများ လှူဒါန်းပေးခြင်း၊ မိန်းကလေးသီးသန့်၊ ယောကျာ်းလေးသီးသန့် ဘော်ဒါဆောင်များထားရှိကြောင်း၊ ကျောင်းပြီးသွားသည့်ကလေးများအား သက်မွေးသင်တန်းများ ဆက်လက်သင်ကြားပေးကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချသည့် သဘာဝဘေးသင်တန်းများလည်း တက်ဖူးကြကြောင်း၊ သဘာဝဘေးကြိုတင်သတိပေးသည့် သတင်းအချက်အလက်ဆိုင်ရာ (Disaster Alert Notification(DAN) Application) လည်း ဖုန်းများတွင် ထည့်သွင်းထားကြကြောင်း၊ ဆရာမများတွင် ECCDသင်တန်းတက်ထားသူများလည်းပါကြောင်း၊ သူငယ်တန်းမှ စတင်ထောက်ပံ့၍ ပဉ္စမတန်းမှ နဝမတန်းအထိ ဘော်ဒါတွင် လက်ခံကြောင်း၊ ယောကျာ်းလေး ၂၉ ဦးနှင့် မိန်းကလေး ၄၂ ဦးရှိကြောင်း၊ အဆောက်အအုံလိုအပ်ချက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

ဆက်လက်၍ Mercy Corps က ဆောက်လုပ်ပံ့ပိုးထားသည့် ဒီးမော့ဆိုမြို့ ဆော်ပထန်းကျေးရွာ ဆရာဆရာမဝန်ထမ်းအိမ်ရာသို့သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံလူထုနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ လူဦးရေ ၃၆၀ ဦးရှိ၍ မူလတန်းကျောင်းတစ်ကျောင်းသာရှိကြောင်း၊ ကျောင်းသား ၆၁ ဦးနှင့် ဆရာဆရာမခြောက်ဦးသာရှိကြောင်း၊ လျှပ်စစ်မီးလိုအပ်ကြောင်း၊ ကလေးများအတွက် စာဖတ်ဝိုင်းလုပ်ရန်ဆန္ဒရှိကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ဒုတိယနေ့ နံနက်ပိုင်းတွင် AVSI၏ အကူအညီဖြင့် ဖရူဆိုမြို့ ထီးတော်ကူးရွာမှ စက်ချုပ်သင်တန်း တက်ရောက်ပြီးစီးသည့် သင်တန်းသူများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ စက်ချုပ်သင်တန်းအား လေးလ တက်ရောက်ခဲ့ကြောင်း၊ စားဝတ်နေရေးစီစဉ်ပေးကြောင်း၊ သင်တန်းပြီးစီးလျှင်လည်း အပ်ချုပ်စက်ပါထည့်ပေးကြောင်း၊ အခြေခံသာ တက်ရောက်ခဲ့ရသဖြင့် အဆင့်မြင့်သင်တန်းတက်လိုကြောင်း၊ လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ရန်လိုသဖြင့် လွိုင်ကော်မြို့ အပ်ချုပ်ဆိုင်တွင် သွားရောက်လုပ်ကိုင်နေကြောင်း တွေ့ရှိခဲ့ရပါသည်။ ဆက်လက်၍ ဒီးမော့ဆိုမြို့ပေါ်ရှိ AVSI အထောက်အပံ့ဖြင့် ဆိုင်ကယ်ပြင်သင်တန်း တက်ရောက်ခဲ့သူ လုပ်ကိုင်သည့် ဦးမိုးဇက်ဆိုင်ကယ်ဝပ်ရှော့သို့ သွားရောက်ခဲ့ရာ အလုပ်ခွဲ၍ လုပ်နေပြီဖြစ်ကြောင်း၊ ဝါယာရိန်းနည်းပညာအနည်းငယ်လိုနေကြောင်း လေ့လာသိရှိခဲ့ရပါသည်။ မွန်းလွဲပိုင်းတွင် ရူဆိုဒေါတရို့ (ရွာသစ်) ရှိကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် သွားရောက်တွေ့ဆုံခဲ့ပါသည်။ AVSIအဖွဲ့က ကျေးရွာပေါင်းခုနစ်ရွာမှ ပြောင်းရွှေ့လာသောကလေးများအား ဆန်၊ ဆီ၊ ဆား၊ အဝတ်အစားများထောက်ပံ့လျက်ရှိကြောင်း၊ ဒုတိယတန်းမှ ပဉ္စမတန်းအထိ ထောက်ပံ့ပေးကြောင်းနှင့် မူလွန်ကျောင်း လိုအပ်ကြောင်းတွေ့ရှိခဲ့ရသည်။ ထို့နောက် Mercy Corps နှင့် AVSI ရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ အကူအညီပေးရေးလုပ်ငန်းများတွင် လက်တွေ့လုပ်ကိုင်နေမှုများနှင့် အခက်အခဲများအား မေးမြန်းခဲ့ပါသည်။

တတိယနေ့ နံနက်ပိုင်းတွင် World Education၏ အထောက်အပံ့ဖြင့် အသက်မွေးဝမ်းကျောင်းနေသည့် လောပိတ၊ ရှမ်းရွာရှိ မသန်စွမ်းသူ စိုင်းကျော်ရဲအောင်၏ နေအိမ်သို့ သွားရောက်လေ့လာခဲ့ကြသည်။ ၎င်းမှာ ကိုယ်ပိုင်ဖုန်းပြင်ဆိုင် ဖွင့်လှစ်ထား၍ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ဖွင့်လှစ်သော လျှပ်စစ်သင်တန်းအား ၂၀၁၅ ခုနှစ် မေလတွင် တက်ရောက်ခဲ့သူဖြစ်သည်။ ဖုန်းပြုပြင်ရန် အနီးအနားရှိ ရွာများမှလည်း လာရောက်အပ်နှံကြသည်။ ၎င်းအနေဖြင့် လုပ်ငန်းအတွက် Computer အရေးတကြီးလိုအပ်နေကြောင်း၊ လွိုင်ကော်နှင့် ရခိုင်မှသူငယ်ချင်းဖြစ်သူများလည်း လာရောက်လေ့လာကြောင်း၊ ဖုန်းပြင်စဉ်လာရောက်အပ်နှံသောဖုန်းများအား DANApplication ထည့်သွင်းပေးမည်ဖြစ်ကြောင်း တက်ကြွစွာပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် World Education၏ အထောက်အပံ့ဖြင့် ဝက်မနှစ်ကောင်မွေးမြူထားသည့် ချီကယ်ရွာ မလဲမြာ၏ နေအိမ်သို့သွားရောက်လေ့လာခဲ့ရာ အရင်းအနှီး မပျောက်သဖြင့် လုပ်ငန်းအဆင်ပြေကြောင်း၊ သားပေါက်လျှင်လည်း ဆယ်ကောင်၊ ဆယ့်နှစ်ကောင်အထိရှိကြောင်း၊ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်လျှင်လည်း တိ/ကုအား ခေါ်ယူကုသကြောင်း သိရှိရပါသည်။ ထို့နောက်World Education ရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ အကူအညီပေးရေးလုပ်ငန်းများတွင် လက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများအား မေးမြန်းခဲ့ပါသည်။ မွန်းလွဲပိုင်းတွင် M & E အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ပြည်သူများ ယခုထက် ပိုမိုအကျိုးရှိထိရောက်စေရန် ပူးပေါင်းဆောင်ရွက်သင့်သည့် ကိစ္စများအား ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ကွင်းဆင်းလေ့လာရာတွင် မြန်စွာဆောင်ရွက် ပြည်သူ့အတွက် ကွင်းဆင်းဆောင်ရွက်မှုတွင် မိတ်ဖက် NGOs အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များမှာ ထပ်တူကျသော်လည်း အချို့လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အခြားဝန်ကြီးဌာနများနှင့် ဆက်စပ်လျက်ရှိကြောင်း တွေ့ရပါသည်။ Mercy Corps အဖွဲ့သည် လူထုအခြေပြုဒေသတွင်းအဖွဲ့များ ခိုင်မာအားကောင်းစေရေး ဆောင်ရွက်လျက်ရှိသောကြောင့် ဒေသအတွက်များစွာအကျိုးရှိပါသည်။ စီမံကိန်းတာဝန်ခံသည် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသလူနေမှုစရိုက်အတွေ့အကြုံရှိသူ ဖြစ်ပါသည်။ စီမံချက်ဧရိယာများအတွင်း လုပ်ငန်းများစနစ်တကျဆောင်ရွက်ကြောင်း တွေ့ရပါသည်။

AVSI အဖွဲ့သည် ရပ်ရွာနှင့်လူထုနှင့်နီးကပ်စွာ ဆောင်ရွက်လျက်ရှိပါသည်။ မိသားစုအပြင် ကလေးသူငယ်များ၏ ပညာရေးနှင့်အတူ သဘာဝဘေးအသိပညာပေးမှုများလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေပါသည်။ သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပြီး မိသားစုဗဟိုပြု ဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းစဉ်များ ကောင်းမွန်ပါသည်။ ကယားပြည်နယ်သည် သဘာဝဘေးကျရောက်မှုနည်းပါးသောဒေသဖြစ်သဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းပါသည်။ World Education အဖွဲ့၏ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းနှင့် ဘဝရပ်တည်ချက်ခိုင်မာစေရေးဆောင်ရွက်ပေးမှုများ ထူးခြားကောင်းမွန်ပါသည်။ ရန်ပုံငွေ ပိုမိုဖြည့်ဆည်းနိုင်ပါက ထောက်ပံ့မှုများပိုမိုတိုးမြှင့်သင့်သည်ဟု ယူဆမိပါသည်။

INGOs အဖွဲ့အစည်းများ၏လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မှုတွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးဦးစီးမှူးများ လိုက်ပါဆောင်ရွက်ခြင်းအားဖြင့် MoU သက်တမ်းတိုးမည့်အချိန်တွင် သဘောထားမှတ်ချက်များ ရှင်းရှင်းလင်းလင်းပေးနိုင်ပြီး ပြည်နယ်၊ တိုင်းဒေသကြီး ဦးစီးမှူးများအနေဖြင့်လည်း Leading Role အဖြစ် ဦးဆောင်ဦးရွက်ပြုနိုင်မည် ဖြစ်ပါသည်။ အချုပ်ဆိုရသော် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ စီမံချက်ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်ရေး၊ ပြည်သူများ ယခုထက်ပိုမိုအကျိုးရှိ ထိရောက်စေရေး စာရေးသူတို့၏ M&E အဖွဲ့က ကွင်းဆင်းစောင့်ကြည့်လေ့လာကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**လူတိုင်းအခြေခံလူ့အခွင့်အရေးများကို ဒီမိုကရေစီစံနှုန်းများနှင့်အညီရရှိပြီး လူ့ဂုဏ်သိက္ခာပြည့်ဝစွာရပ်တည်နိုင်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များဖြင့် ဆောင်ရွက်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုစနစ်များဖြင့် သဘာဝဘေးဒဏ်များကို ရင်ဆိုင်တုံ့ပြန်၊ ကြံ့ကြံ့ခံနိုင်သောလူ့အဖွဲ့အစည်း ဖြစ်ပေါ်စေရေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။**



## လူမှုကွန်ရက် စာမျက်နှာပေါ်မှာ ဝေဖန်မှုတွေနဲ့ ထပ်မံကြုံတွေ့နေရတဲ့ စူလီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အနုပညာကြယ်ပွင့်တစ်ပွင့်ဖြစ်တဲ့ စူလီဟာ လတ်တလောမှာ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ သေနေတဲ့ ငါးရှဉ့်တွေရဲ့ ပုံရိပ်တွေပါဝင်တဲ့ ဗီဒီယိုကို ဖော်ပြခဲ့တာကြောင့် အချို့သောပရိသတ်တွေက စူလီကို ရက်စက်သူတစ်ဦးအဖြစ် ဝေဖန်ပြောကြားခဲ့တာကိုတွေ့ရကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက စူလီဟာ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ငါးရှဉ့်တွေကိုခွဲကာ မီးဖိုပေါ်တင်ထားပုံကို ရိုက်ကူးထားတဲ့ ဗီဒီယိုတစ်ခုကို ဖော်ပြခဲ့ပြီး အဲဒီဗီဒီယိုနဲ့အတူ "ကယ်ကြပါ"လို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကိုလည်း ရေးသားဖော်ပြခဲ့တာကြောင့် စူလီရဲ့အပြုအမူဟာ မလျော်ကန်ကြောင်းနဲ့ ရက်စက်တဲ့သဘောဆောင်ကြောင်း ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

အချို့က စူလီရဲ့ ဖော်ပြချက်အပေါ် "ဒီလိုလုပ်တာကို မယုံနိုင်ဘူး။ သူ့မှာ အိမ်မွေးတိရစ္ဆာန်လေးတွေမရှိဘူးလား"။ "ဒါဟာ ငါးရှဉ့်တွေတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဒီလိုလုပ်တာတော့ ရက်စက်ရာကျပါတယ်"။ "ဒါဟာ ချစ်စရာကောင်းတာမဟုတ်ဘူး။ ရက်စက်တာပါ"စသည်ဖြင့် ပြန်လည်မှတ်ချက်ပြုရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။ ဒီလိုအဆိုးမြင်တဲ့ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရပြီးတဲ့နောက်မှာတော့ စူလီက သူ့ရဲ့ဖော်ပြချက်တွေကို ပြန်လည်ဖျက်သိမ်းလိုက်ကြောင်းလည်း သိရပါတယ်။

စူလီဟာ လူမှုကွန်ရက်မီဒီယာပေါ်မှာ မကြာခဏ ဝေဖန်မှုတွေ၊ တိုက်ခိုက်မှုတွေ ကြုံရလေ့ရှိတဲ့ တောင်ကိုရီးယားကြယ်ပွင့်တစ်ဦး ဖြစ်ပါတယ်။


## "Wonder Woman"အတွက် ရရှိခဲ့တဲ့ ဂဲလ်ဂတ်ဒေ့ါရဲ့အနုပညာကြေး

ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နေနိုင်ခဲ့တဲ့ "Wonder Woman"ရုပ်ရှင်မှာ အမျိုးသမီးလူစွမ်းကောင်းတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ အစ္စရေးလူမျိုးမင်းသမီး ဂဲလ်ဂတ်ဒေ့ါရဲ့အနုပညာကြေးကို အခြားသောအမျိုးသားလူစွမ်းကောင်းတွေအဖြစ် သရုပ်ဆောင်ကြတဲ့ အနုပညာရှင်တွေအတွက် ပေးရတဲ့အနုပညာကြေးနဲ့ နှိုင်းယှဉ်ကာ အေ့စ်ရှိုးဘစ်ဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ ဝင်ငွေအကောင်းဆုံးဖြစ်နေတဲ့ "Wonder Woman" ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တစ်ဦးရဲ့ အနုပညာကြေးဟာ အခြားသော လူစွမ်းကောင်းရုပ်ရှင်တွေမှာ ပါဝင်ထားကြတဲ့ အမျိုးသားသရုပ်ဆောင်တွေအတွက် ပေးရတဲ့အနုပညာကြေးနဲ့ နှိုင်းယှဉ်ပါက နည်းနေသေးကြောင်း ရေးသားဖော်ပြချက်တွေပေါ်ထွက်လာခဲ့ပြီးနောက် အေ့စ်ရှိုးဘစ်ဒေ့ါကွန်းက ပြန်လည်နှိုင်းယှဉ်ပြခဲ့တာလည်း ဖြစ်ပါတယ်။

ဂဲလ်ဂတ်ဒေ့ါဟာ အမျိုးသမီးလူစွမ်းကောင်းအဖြစ် "Batman v Superman: Dawn of Justice" ရုပ်ရှင်နဲ့ "Justice League" ရုပ်ရှင် အပါအဝင် စုစုပေါင်းသုံးကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ကာ ဇာတ်ကားတစ်ကားချင်းစီအတွက် အနုပညာကြေးအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းသာ ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ တစ်ပြိုင်တည်းမှာပဲ သရုပ်ဆောင်ခဲ့ကြတဲ့ "Men of Steel"ရုပ်ရှင်မှ အမျိုးသားလူစွမ်းကောင်းတစ်ဦးဖြစ်တဲ့ စူပါမန်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား ဟင်နရီကတ်ဗေးလ်ရဲ့ အနုပညာကြေးကတော့ အမေရိကန်ဒေါ်လာ ၁၄ သန်းဖြစ်တာကြောင့် အလွန်ကွာခြားနေတာကို တွေ့ရပါတယ်။ ဂဲလ်ဂတ်ဒေ့ါရဲ့ အနုပညာကြေးကတော့ ရုပ်ရှင်တစ်ကားအတွက်ပေးတဲ့ အခြေခံအနုပညာကြေးသာဖြစ်ပြီး အခြားသောဝင်ငွေတွေကို ထည့်သွင်းတွက်ထားခြင်းမရှိတာဖြစ်နိုင်ပြီး ဟင်နရီရဲ့ အနုပညာကြေးမှာတော့ အခြားသော ဝင်ငွေအသီးသီးကိုပါ ထည့်သွင်းတွက်ထားပုံရကြောင်း သိရပါတယ်။ ဒီလိုကွာခြားလွန်းနေတဲ့ အနုပညာကြေးနဲ့ပတ်သက်ပြီး ရုပ်ရှင်ကုမ္ပဏီဘက်ကရော ဂဲလ်ဂတ်ဒေ့ါဘက်ကပါ တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားထားတာမျိုးတော့ လတ်တလောအချိန်အထိ မရှိသေးဘူးလို့လည်း သိရပါတယ်။

ဒ့ါအပြင် အခြားသော အမျိုးသားလူစွမ်းကောင်းတွေအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ မင်းသားကြီးတွေရဲ့ အနုပညာကြေးကို လေ့လာကြည့်ပါက ဂဲလ်ဂတ်ဒေ့ါဟာလည်း တူညီလုနီးပါးအနုပညာကြေးကို လက်ခံရရှိတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း ရိုက်ကူးခဲ့တဲ့ "Captain America: The First Avenger" ရုပ်ရှင်အတွက် မင်းသား ခရစ်အီဗန်ဟာ အမေရိကန်ဒေါ်လာသုံးသိန်းကို အနုပညာကြေးအဖြစ် ရရှိခဲ့ပါတယ်။ ဒ့ါအပြင် မင်းသား ခရစ်ဟမ်းစ်ဝေါ့သ်ကလည်း သူပထမဆုံးပါဝင်သရုပ်ဆောင်ခဲ့တဲ့ လူစွမ်းကောင်းရုပ်ရှင်"Thor"အတွက် အမေရိကန်ဒေါ်လာ နှစ်သိန်း အနုပညာကြေးရရှိခဲ့ပါတယ်။ ဒါပေမယ့် မင်းသားကြီး ရောဘတ်ဒေါင်နီဂျူနီယာကတော့ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ပထမဆုံးသော "Iron Man" ရုပ်ရှင်အတွက် အနုပညာကြေးအမေရိကန်ဒေါ်လာ ငါးသိန်း ရရှိခဲ့တာတွေ့ရပါတယ်။



ပထမဆုံးသော "Wonder Woman"ရုပ်ရှင်ရဲ့ အောင်မြင်မှုနဲ့အတူ နောက်ဆက်တွဲရုပ်ရှင်အဖြစ် "Wonder Woman"ကို ဆက်လက်ရိုက်ကူးသွားဖို့အတွက် ပြင်ဆင်နေပြီး လာမယ့်ရုပ်ရှင်သစ်အတွက် ဂဲလ်ဂတ်ဒေ့ါရဲ့ အနုပညာကြေးကတော့ထွက်ရှိခဲ့ပြီး ရုပ်ရှင်မှာထက်ပိုမိုရရှိနိုင်ကြောင်းလည်း သိရပါတယ်။

## ဘာလီမှာအတူတွေ့ခဲ့ရတယ်ဆိုတဲ့ ဆောင်ဂျွန်ကီ နဲ့ ဆောင်းဟေကို




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသား ဆောင်ဂျွန်ကီနဲ့ မင်းသမီး ဆောင်းဟေကိုတို့ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun"မှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြပြီးနောက် ဆက်လက်တွေ့ဆုံမှုတွေရှိနေခဲ့ကာ ချစ်သူတွေဖြစ်နေကြကြောင်း တောင်ကိုရီးယားမီဒီယာတွေက ဝေဖန်ပြောကြားခဲ့ပါတယ်။ လတ်တလောမှာတော့ ဒီလိုဝေဖန်သံတွေကို ပိုမိုဆူညံစေမယ့် အဖြစ်အပျက်ကလည်း ထပ်မံပေါ်ထွက်လာခဲ့ပါတယ်။ ဒါကတော့ သူတို့နှစ်ဦးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ တွေ့ခဲ့ရတယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်အရတော့ သူတို့နှစ်ဦးကို ဘာလီကျွန်းမှာ အတူတွေ့ခဲ့ရကြောင်း သတင်းတွေထွက်ခဲ့ပေမယ့် သက်သေဓာတ်ပုံတွေတော့ ပေါ်ထွက်လာခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။ ဒ့ါအပြင် သူတို့နှစ်ဦးဟာ ဘာလီကျွန်းကို လေယာဉ်တစ်စီးမှာအတူ ထွက်ခွာခဲ့တာမျိုးမဟုတ်ဘဲ သီးခြားစီသွားရောက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၁၉ ရက်မှာ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ အတူရှိနေကြကြောင်း သတင်းတွေစတင်ပေါ်ထွက်လာခဲ့တာဖြစ်ပေမယ့် သူတို့ရဲ့ အေဂျင်စီတွေဘက်က လတ်တလောအချိန်အထိ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ရှင်းလင်းတာမျိုးမရှိသေးဘူးလို့လည်း ဆိုပါတယ်။ ဆောင်ဂျွန်ကီရဲ့ ဖျော်ဖြေရေးအေဂျင်စီကတော့ ကောလာဟလတွေနဲ့ပတ်သက်ပြီး စစ်ဆေးနေဆဲဖြစ်တယ်လို့ ဖြေကြားခဲ့ကာ ဆောင်းဟေကိုရဲ့ အေဂျင်စီကတော့ မင်းသမီးဟာ အလုပ်ကိစ္စနဲ့ ဘာလီကိုရောက်ရှိနေခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။

"Descendants of the Sun"ဇာတ်လမ်းတွဲရုပ်ရှင်ရိုက်ကူးခဲ့စဉ်က ခေါင်းဆောင်မင်းသား မင်းသမီးတွေအဖြစ် ပါဝင်ခဲ့ကြတဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ ရုပ်ရှင်အပြီးမှာလည်း နှစ်ဦးသားချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အေဂျင်စီတွေက ပြန်လည်ငြင်းချက်ထုတ်ကြပြီး သာမန်မိတ်ဆွေတွေသာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ကောလာဟလတွေဟာ မကြာမကြာပေါ်ထွက်လာနေပြီး တောင်ကိုရီးယားမီဒီယာတွေကလည်း ကြယ်ပွင့်နှစ်ဦးအကြားက ဆက်ဆံရေးကို မပြတ်စောင့်ကြည့်လေ့လာနေတာ တွေ့ရပါတယ်။

အေးပြည့်-စုစည်းသည်

## ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲမဖြစ်ချင်ဘူးလို့ဆိုလာတဲ့ ဇေမာလိခ်

အနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ "One Direction"အဖွဲ့ဝင်ဟောင်းဇေမာလိခ်နဲ့ အောင်မြင်တဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျီဂျီဟာဒစ်ဒီတို့ဟာ ချစ်သူတွေအဖြစ် လက်တွဲလာခဲ့ကြတာ အချိန်အတော်ကြာခဲ့ပြီဖြစ်ကာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ဇေမာလိခ်က သူ့ရဲ့လက်ရှိအချစ်ရေးနဲ့ပတ်သက်ပြီး ဖွင့်ဟခဲ့ရာမှာတော့ နှစ်ဦးသားဟာ နာမည်ကျော်တွေဖြစ်ကြပေမယ့် သူ့အနေနဲ့ တကယ်တမ်းမှာ ကျော်ကြားတဲ့စုံတွဲတစ်တွဲ မဖြစ်လိုကြောင်း ဖွင့်ဟခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၂၄)နှစ်ရှိပြီဖြစ်တဲ့ ဇေမာလိခ်က သူဟာ သာမန်စုံတွဲတွေကဲ့သို့ နေထိုင်ရတာကို ကြိုက်နှစ်သက်ပြီး သူကိုယ်တိုင်ကလည်း သာမန်စုံတွဲတွေလိုပဲ ပြုမူလေ့ရှိတာကြောင့် သူတို့နှစ်ဦးဟာ သာမန်စုံတွဲတစ်တွဲသာဖြစ်တယ်လို့ အဆိုပါအင်တာဗျူးမှာ ပြောဆိုခဲ့ကြောင်းလည်း သိရပါတယ်။

မကြာသေးမီက အီးဗနင်းစတန်းဒက်နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဇေမာလိခ်က သူ့ရဲ့လက်ရှိအချစ်ရေးနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းဖြေကြားပေးခဲ့ကာ သူနဲ့ချစ်သူ ဂျီဂျီတို့ဟာမီဒီယာတွေရဲ့ မျက်လုံးတွေအောက်မှာပဲ သာမန်စုံတွဲတွေလို ပြုမူနေထိုင်ခွင့်ရဖို့အတွက် ကြိုးပမ်းခဲ့ပုံတွေကိုလည်း ဖြေကြားပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



# ဒီးမော့ဆိုမြို့နယ်ရှိ စိန်ဂျိုးဇက်ဘုရားကျောင်းဝင်းအတွင်း ကတ္တရာလမ်းခင်းခြင်းနှင့် နှစ်ခြင်းခရစ်ယာန် အသင်းတော် ခန်းမဆောင် ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်



**ဒီးမော့ဆို ဇွန် ၂၁**

ကယားပြည်နယ် အစိုးရအဖွဲ့က ဒီးမော့ဆိုမြို့နယ်ရှိ စိန်ဂျိုးဇက်ဘုရားကျောင်းဝင်းအတွင်း ကတ္တရာခင်းခြင်းနှင့် နှစ်ခြင်းခရစ်ယာန်အသင်းတော် ခန်းမဆောင်ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက စိန်ဂျိုးဇက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဘာသာရေးကို ခွဲခြားမှုမရှိဘဲ တစ်ပြေးညီတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ဘာသာရေးသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စိန်ဂျိုးဇက်ဘုရားကျောင်းဝင်းအတွင်း ကတ္တရာခင်းခြင်းအတွက် အလှူငွေကျပ်သိန်း ၂၀ နှင့် နှစ်ခြင်းခရစ်ယာန်အသင်းတော်ခန်းမဆောင် ဆောက်လုပ်ခြင်းအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် သိက္ခာတော်ရ ဆရာတော်ထံသို့ ပေးအပ်ခဲ့သည်။ ထို့နောက် စိန်ကျောင်းနှင့် ဒီးမော့ဆို နှစ်ခြင်းအသင်းတော်မှ တာဝန်ရှိသူတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်မြောက် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်နေ့အနေဖြင့် ကယားပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့တို့က ဘောလခဲမြို့နယ် စောလဖော်ခန်းမရှေ့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## အမ်းမြို့၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြော

**အမ်း ဇွန် ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့တွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို အမျိုးသမီးအိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ဇွန် ၁၉ ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်း၊ ဒုတိယရဲအုပ်စိုးလင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး မိုးဝင်းထွန်းတို့က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကိုဟောပြောခဲ့ကြပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် သဘာဝဘေးကျရောက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက လိုက်ပါဆောင်ရွက်နိုင်ရေးတို့ကို သင်တန်းသူများကိုယ်တိုင် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးရှိ မျိုးစေ့ထုတ်ခြံ ရှစ်ခုမှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေး

**မုံရွာ ဇွန် ၂၁**

စပါးနှင့် ပဲသီးနှံ၊ ဆီထွက်သီးနှံများကို စိုက်ပျိုးရေးတောင်သူများ ဈေးနှုန်းချိုသာပြီး အထွက်နှုန်းကောင်းသည့်သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ မုံရွာ၊ ကန့်ဘလူနှင့် တန့်ဆည်မြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မျိုးစေ့ထုတ်စခန်း ရှစ်ခုမှ မျိုးကောင်းမျိုးသန့်များကို ဘဏ္ဍာနှစ်အလိုက် ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဦးမြို့နယ် ရေဦးခြံ၊ ရွှေဘိုမြို့နယ် ချီပါခြံ၊ ခင်ဦးမြို့နယ် ငွေကုန်းခြံ၊ မုံရွာမြို့နယ်အတွင်း ကြေးမုံကျေးရွာရှိ ကြေးမုံခြံ၊ ကန့်ဘလူမြို့နယ်အတွင်းရှိ မြေမွှန်ခြံနှင့် ကန့်ဘလူခြံ၊ တန့်ဆည်မြို့နယ်အတွင်းရှိ ဝက်တိုး(၁)နှင့်ဝက်တိုး(၂) စသည့်ခြံ ရှစ်ခြံမှ မျိုးကောင်းမျိုးသန့် စပါး၊ ပဲစင်းငုံ၊ ကုလားပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့များထုတ်လုပ်ပြီး တိုင်းဒေသကြီးအတွင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ ရာသီဥတုတွေပြောင်းလဲလာတဲ့အတွက် စိုက်ပျိုးရေလုံလောက်စွာမရှိတာတွေ၊ မြေဆီလွှာပျက်စီးမှုတွေ၊ ပိုးမွှားအန္တရာယ်ကျရောက်တာတွေကြောင့် စိုက်ပျိုးတဲ့သီးနှံတွေမှာ အထွက်နှုန်း ကျဆင်းလာတဲ့အတွက် ဒေသရဲ့ ရာသီဥတု၊ မြေအခြေအနေနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေကို စိုက်ပျိုးရေးသုတေသနခြံတွေက စမ်းသပ်ထုတ်လုပ်ပြီးတော့ ဖြန့်ဝေတဲ့မျိုးစေ့တွေကို မျိုးစေ့ထုတ်စခန်းတွေမှာ စိုက်ပျိုးပြီး တောင်သူတွေလက်ထဲအရောက် ဖြန့်ဝေပေးတာပါ။ ဟိုတုန်းက တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးဖို့ပဲထုတ်လုပ်တာပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး မုံရွာမြို့နယ် ကြေးမုံမျိုးစေ့ထုတ်စခန်းကနေပြီး ထုတ်တဲ့ ပဲစင်းငုံမျိုးစေ့တွေကိုအခြားတိုင်းဒေသကြီးတွေအထိကို ဖြန့်ဝေပေးနိုင်ရန် ထုတ်လုပ်နေပါပြီ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ကပြောသည်။

အဆိုပါ မျိုးစေ့ထုတ်စခန်းများဖြစ်သော ရေဦးမြို့နယ် ရေဦးခြံ၊ ရွှေဘိုမြို့နယ်ချီပါခြံ၊ ခင်ဦးမြို့နယ် ငွေကုန်းခြံတို့မှ ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ မော်ဘီ(၂)၊ ဆင်းသုခ၊ဆင်းဧကရီ-၃၊ ရွှေဘို-၂၊ ရက်-၉၀နှင့် ပြည်မြန်မာစိန်စသည့် စပါးမျိုးစေ့များကိုလည်းကောင်း၊ မုံရွာမြို့နယ် ကြေးမုံခြံမှ ကုလားပဲ(ရေဆင်း-၆)၊ ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး)၊ နေကြာ(ရေဆင်းစပ်မျိုး-၁)နှင့် မတ်ပဲ(ရေဆင်း-၂)မျိုးစေ့များကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် မြေမွှန်ခြံမှ အစေ့ထုတ်ပြောင်း(ရေဆင်း-၁၀) နေကြာ(ရေဆင်းစပ်မျိုး-၁)၊နှမ်း(ဆင်းရတနာ-၃)၊ ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး)၊ ပဲတီစိမ်း(ရေဆင်း-၁၁)နှင့်(၁၄)၊မြေပဲ(ဆင်းပဒေသာ-၁၁)၊ မျိုးစေ့များကိုလည်းကောင်း၊ ကန့်ဘလူခြံ၊ တန့်ဆည်မြို့နယ် ဝက်တိုး(၁)ခြံနှင့်ဝက်တိုး(၂)ခြံတို့မှ ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး)၊ နေကြာ(ရေဆင်းစပ်မျိုး-၁)၊ မတ်ပဲ(ရေဆင်း-၃)၊ နှမ်း(ဆင်းရတနာ-၃)၊ မြေပဲ(ဆင်းပဒေသာ-၁၁၀)၊ ပဲတီစိမ်း (ရေဆင်း-၁၄)၊ မတ်ပဲ (ရေဆင်း-၂)၊ နှမ်း(သိပ္ပံနှမ်းနက်)၊ ပဲတီစိမ်း(ရေဆင်း-၁၁)၊ နှမ်း(ဆင်းရတနာ-၂)၊ ကုလားပဲ(ရေဆင်း-၈)မျိုးစေ့များကိုလည်းကောင်း ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့၊ ပျိုးပင်များထောက်ပံ့၊ နည်းပညာပေးခြင်း၊ ဆွေးနွေးပညာပေးခြင်းများဆောင်ရွက်

**လွိုင်ကော် ဇွန် ၂၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စုတွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက်မျိုးစေ့၊ ပျိုးပင်များထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ညိုညိုအောင်က ယနေ့ကမ္ဘာ့ လူဦးရေ ၂၁ သန်းကျော်သည် ဘိန်းစွဲနေပါကြောင်း၊ ဘိန်းစိုက်ပျိုးသူများအနေဖြင့်လည်း အေးချမ်းမှုမရှိပါကြောင်း၊ ဘိန်းအစားထိုးသီးနှံများဖြစ်သည့် နှစ်ချင်းသီးနှံ၊ နှစ်ရှည်သီးနှံများကို ပြောင်းလဲစိုက်ပျိုးသင့်ပါကြောင်း၊ သီးနှံပင်များအောင်မြင်ရန်စိုက်ပျိုးရန် လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မိုးက ပြည်နယ်/တိုင်းဒေသကြီးများအနက် ဘိန်းစိုက်ပျိုးမှုသည် ပြည်နယ်များတွင်အများဆုံးတွေ့ရပါကြောင်း တော၊ တောင်၊ လျှိုများ ပေါများသည့် နေရာများသည် ဘိန်းစိုက်လို့ ကောင်းတဲ့ နေရာများဖြစ်ပါကြောင်း၊ ဘိန်းစိုက်သူမရှိအောင်အားလုံး ဝိုင်းဝန်းကူညီကြရန် ကျေးရွာလူထုအားလုံးမှာတာဝန်ရှိပါကြောင်း ပြောကြားသည်။

လွိုင်ကော်ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က လူထုလှုပ်ရှားမှုအသွင်နဲ့ ဘိန်းခင်းတွေဖျက်ဆီးခြင်း၊ အစားထိုးသီးနှံများ ထောက်ပံ့ပေးခြင်း၊ နည်းပညာပေးခြင်း၊ ဆွေးနွေးပညာပေးဟောပြောခြင်းများလုပ်ပေးနေပါကြောင်း၊ တရားဝင်သီးနှံစိုက်တာ အကောင်းဆုံးဖြစ်ပြီး ဝင်ငွေပုံမှန်ရပါကြောင်း၊ ရေရှည်မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်လုပ်သွားနိုင်ပါကြောင်း၊ စိုက်ပျိုးရေးက ဘေးထွက်ပစ္စည်းတွေဟာ မွေးမြူရေးလုပ်ငန်းတွင် အသုံးတည့်ပါကြောင်း၊ တောင်သူများအားလုံး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

လွိုင်လင်လေးကျေးရွာရဲစခန်း ရဲအုပ် ဦးအောင်အောင်ဇော်က ဘိန်း/ မူးယစ်ကြောင့် ကျူးလွန်သူကို ဥပဒေအရအပြစ်ပေးအရေးယူပါကြောင်း၊ ဆေးခြောက်လက်ဝယ်တွေ့ရှိပါက ပုဒ်မ ၁၅ အရ ထောင်ဒဏ် သုံးနှစ်မှ ငါးနှစ်အထိ၊ လက်ဝယ်ကိုင်ဆောင်ထားပါက ပုဒ်မ ၁၆ အရ ထောင်ဒဏ် ငါးနှစ်မှ ၁၀ နှစ်အထိ၊ စိုက်ပျိုးပြီး အစေးထုတ် ဘိန်းချက်သူကို ပုဒ်မ ၁၉ အရ ထောင်ဒဏ် ၁၀ နှစ်မှ နှစ်အကန့်အသတ်မရှိ အပြစ်ပေးအရေးယူပါကြောင်း၊ ဘိန်းအစားထိုးသီးနှံများကို စိုက်ပျိုးရေးဝန်ထမ်းများ၏ အကူအညီနှင့် နည်းပညာများပေါင်းစပ်၍ စိုက်ပျိုးကြပါရန် ပြောကြားသည်။

ဘိန်းအစားထိုးသီးနှံများအဖြစ် ပုလဲသွယ်စပါးမျိုးစေ့ ၈၀၀ ကီလို၊ အစေ့ထုတ်ပြောင်း မျိုးစေ့ ၂၅၀ ကီလို၊ ကော်ဖီပျိုးပင် ၄၈၄၀ နှင့် လိမ္မော်ပျိုးပင် ၅၀၀ တို့ကို ကျေးရွာအုပ်စု အလိုက်ပေးအပ်ခဲ့ပြီး ဒေသခံတောင်သူများအပါအဝင် တာဝန်ရှိသူများ၊ ဝန်ထမ်းများ စုစုပေါင်း ၁၀၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဒွေးမယ်နော်**



## စစ်ကိုင်းမြို့နယ် ပဒူကျေးရွာ တိုက်နယ်ဆေးရုံသစ် ဖွင့်

**စစ်ကိုင်း ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ပဒူကျေးရွာရှိ တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲက အဆိုပါတိုက်နယ်ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦးနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းတို့က တိုက်နယ်ဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုက်နယ်ဆေးရုံသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကြပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား အားပေးစကား ပြောကြားကြသည်။

ထို့နောက် တိုက်နယ်ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က အမှာစကားများ အသီးသီး ပြောကြားကြပြီး တာဝန်ယူဆောက်လုပ်ခဲ့သည့် Green Mark ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက တိုက်နယ်ဆေးရုံအဆောက်အအုံဆိုင်ရာ မှတ်တမ်းများအား လွှဲပြောင်းပေးအပ်ရာ တိုက်နယ်ဆရာဝန်က လက်ခံရယူသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

(မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။**

**(စာတည်း)**

### နေ့စဉ်သုံး အင်္ဂလိပ်–မြန်မာဝေါဟာရများ




နေမင်းရာဇာ အယ်ဒီတာအဖွဲ့မှ ထုတ်ဝေသော နေ့စဉ်သုံး အင်္ဂလိပ်-မြန်မာ ဝေါဟာရများစာအုပ် ထွက်ရှိလာသည်။

ယင်းစာအုပ်သည် နေ့စဉ်လုပ်ငန်းခွင်အသီးသီးတွင် အလုပ်မအားလပ်၍ အချိန်မပေးနိုင်သော ဝန်ထမ်းများအတွက် မသိမဖြစ် အသုံးပြုရမည့် စာအုပ်ဖြစ်သည်။ မိမိသိလိုသော စကားလုံးများကို အဘိဓာန်ထဲတွင် အချိန်ပေး၍ ရှာဖွေနေရမည့်အစား ထိုစာအုပ်တွင် မာတိကာကြည့်ပြီး ရှာဖွေလိုက်ရုံဖြင့် သိရှိနိုင်သည်။ နေ့စဉ်သုံးစွဲနေသော ဝေါဟာရများကို အလွယ်တကူသိရှိနိုင်ပြီး လူတိုင်းမဖြစ်မနေ အမြဲဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**မဈိမစာပေ၊ အမှတ် (၂၃၇) (ပထမထပ်–ဝဲ) ၃၉ လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁၃၉၂၈၃၅ နှင့် ၀၉–၂၆၃၈၀၆၆၀ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချီသည်။**




### စီးပွားရေးသုံးအီးမေးလ်နှင့်ပေးစာများ

စာရေးဆရာ ဦးဖြိုးကြွယ်မြင့် ရေးသားသည့် စီးပွားရေးသုံး အီးမေးလ်နှင့် ပေးစာများစာအုပ် ထွက်ရှိလာသည်။

ထိုစာအုပ်တွင် စီးပွားရေးသုံး အီးမေးလ်ရေးသားခြင်း၊ အီးမေးလ်ရေးသားမှုအား ပြန်လည် စစ်ဆေးခြင်း၊ အီးမေးလ်ရေးသားရာတွင် အသုံးဝင်သည့် စကားစုများ၊ အီးမေးလ်နမူနာပုံစံများကိုပါ ရေးသားထားသည်။ ထို့အပြင် စီးပွားရေးသုံး ပေးစာရေးသားခြင်း၊ လုပ်ငန်းခွင်နှင့် စီးပွားရေးသုံး ကြိယာတွဲများ၊ စီးပွားရေးပေးစာနမူနာများ၊ အများသုံး စီးပွားရေးဝေါဟာရများ၊ အတိုကောက်စကားလုံးများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

**စာအုပ်ကို မဈိမစာပေ၊ အမှတ် (၂၃၇) (ပထမထပ်–ဝဲ) ၃၉ လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉–၇၇၃၇၇၄၇၇၃ နှင့် ၀၁–၃၉၂၈၅ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချီသည်။**

### မွေ့ခံထိုက်စေမြန်မာပီသစာဂီတအမွေ




တက္ကသိုလ်မြတ်သူ၏ မွေ့ခံထိုက်စေ မြန်မာပီသ စာ ဂီတ အမွေ စာအုပ်ထွက်ရှိလာသည်။

၎င်းစာအုပ်တွင် မြဝတီ၊ ငွေတာရီ၊ မြန်မာ့ဂုဏ်ရည်၊ မြက်ခင်းသစ်မဂ္ဂဇင်းနှင့် ဂျာနယ် အချို့တွင်ရေးသားခဲ့သော စာပေ၊ ဂီတ၊ သဘင်စသည့် စာပေအနုပညာဆောင်းပါးများကို စုစည်း ထုတ်ဝေခြင်းဖြစ်သည်။

ကိုယ့်အမျိုးသားယဉ်ကျေးမှု၊ ကိုယ့်အမျိုးသားစာပေ၊ ကိုယ့်အမျိုးသားတေးဂီတတို့ကို အမျိုးသားရေးဇာတိမာန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရင်းခေတ်နှင့်အညီ အဟောင်းစံတင် အသစ်ထွင်သင့်ကြပေသည်။ ထိုသို့မဟုတ်ပါက မြန်မာတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုများ၊ အနုသုခုမ စာပေ၊ သဘင်၊ ဂီတပညာရပ်များစုတ်စမြုပ်စဖြင့်ပျောက်ကွယ်သွားနိုင်ပေသည်။

၎င်းစာအုပ်သည် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာပေ၊ ဂီတကို လုံလောက်စွာ ကာကွယ်နိုင်စွမ်းရှိမည်မဟုတ်သော်လည်း သတိမဝေးကြရန် နှိုးဆော်ခြင်းသာဖြစ်ကြောင်း စာရေးသူက ဆိုထားသည်။

**စာအုပ်ကို မိုးကျော်စာပေ ဖုန်း ၀၉၇၃၀၂၉၅၉၁၊ ၀၉၇၃၂၄၅၂၅၇ အမှတ် ၃၈၅/၃၈၇ ရွှေဘုံသာလမ်း ၂၉လမ်းကြား ဗိုလ်ချုပ်လမ်း ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချီသည်။**

## မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**သရက် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် စီမံကိန်းဝင် ကျေးရွာများအား(၃၆)ယူနစ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများအနက်မှ ကျဦးကျေးရွာသို့ စတုတ္ထအကြိမ် မြစိမ်းရောင် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇွန်လ တတိယပတ်က ကျဦးကျေးရွာသို့ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ မြစိမ်းရောင်အသင်းသားများနှင့် တွေ့ဆုံပြီး စတုတ္ထအကြိမ် မြစိမ်းရောင် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးနိုင်ရေးနှင့် တတိယအကြိမ်မြစိမ်းရောင် လက်စွဲစာစောင်ပါဖြည့်စွက်ချက်များအား မြစိမ်းရောင်အသင်းသားများ နားလည်သဘောပေါက်စေရန်မြို့နယ်ဦးစီးမှူးက ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ရေအမြင့်တင်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းဆောင်ရွက်ပြီးစီး

**ဆော ဇွန် ၂၁**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်း (CDD) မှ ဆောမြို့နယ် လောင်းရှည်ကျေးရွာအုပ်စု ကာတကျေးရွာတွင် ရေအမြင့်တင်ခြင်းနှင့် ကျေးရွာအတွင်းရေသွယ်ယူခြင်း လုပ်ငန်းများ ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်း မှ တာဝန်ရှိသူများ ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ရေအမြင့်တင်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့်ဆက်စပ်သည့် ရေကန်၊ ရေစက်ရုံဆောက်လုပ်ခြင်းလုပ်ငန်းကို မေ ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဇွန်လအတွင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်းသိရသည်။

**မြတ်သူရိန်**

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**အုတ်တွင်း ဇွန် ၂၁**

အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်တောဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းက သစ်ပင်စိုက်ပျိုးသည့် အထိမ်းအမှတ်နေ့ ဖြစ်ပေါ်လာပုံနှင့် သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် ကျွဲပွဲမြို့အုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များသို့ ပျိုးပင်များပေးအပ်ခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း ၁၅၀၊ ပျဉ်းကတိုး ၅၀၊ မဟော်ဂနီ ၅၀၊ ပိတောက် ၅၀၊ မန်ကျည်းရှား ၅၀၊ ပျဉ်းမ ၅၀၊ ယူကလစ် ၅၀ ပျိုးပင်ပေါင်း ၄၅၀ စိုက်ပျိုးခဲ့ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၁၃ ဦး တက်ရောက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အုတ်တွင်း(ပြန်/ဆက်)**

## ဒေသခံပြည်သူများ၏နေထိုင်မှုစနစ်များမြင့်မားလာရေးသင်တန်းဖွင့်

**အင်ဂျန်းယန် ဇွန် ၂၁**

အင်ဂျန်းယန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် လက်သမား၊ ပန်းရံသင်တန်းတွင် တက်ရောက်လျက်ရှိသော ဒေသခံပြည်သူ ဦးနော်တောင်က သင်တန်းဖွင့်လှစ်သင်ကြားပေးသည့်အတွက် ဒေသတွင်းနေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေသည့်အပြင် နေထိုင်မှုစနစ်များလည်း မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို အင်ဂျန်းယန်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လက်သမားအခြေခံ သစ်တိုင်းထွာခြင်း၊ ဖြတ် တောက်ခြင်းမှအစပြု၍ နေအိမ်အကြမ်းထည် တိုင်ထူ ဒိုင်းမြားတန်းပြစ်၊ သွပ်မိုးအစရှိသည့် ဘာသာရပ်များနှင့် ပန်းရံသင်တန်းတွင် မဆလာရောစပ်နည်း၊ အုတ်စီ၊ သံလက်ကိုင်၊ ရေတွင်း ရေကန်တည်ဆောက်ခြင်းနှင့် အုတ်တံတိုင်းပြုလုပ်ခြင်း ဘာသာရပ်များအား စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ဒေသတွင်းနေ ပြည်သူ ၂၀ တက်ရောက်လျက်ရှိသည်။ **ဦးလေးကြီး**

**စာမျက်နှာ ၁၉ မှ**

မြတ်လေးသည် ဂီတစာဆိုများဖြစ်ကြသော ရွှေကိုင်ညွန့်၊ မြို့မငြိမ်း၊ ရွှေပြည်အေး၊ နန်းတော်ရှေ့ဆရာတင် စသည်တို့၏ ဂီတလက်ရာများကို အမြတ်တနိုးတန်ဖိုးထားလေ့လာသည်။ ထို့အပြင် အဆိုတော်များဖြစ်ကြသော ပြည်လှဖေ၊ ကိုမြကြီး၊ မေရှင်၊ မကြည်အောင်၊ စိန်ပါတီ၊ မအေးမိတို့၏ တေးသံများကိုလည်းခံစားမှုအပြည့်ဖြင့် လေ့လာနားထောင်သည်။ မြန်မာသံ စစ်စစ်နှင့် တေးရေးဖို့လည်းလေ့လာသည်။

အသက်(၂၁) နှစ်အရွယ်တွင် ဂျူဗလီစိန် စန္ဒရားသီဟ၊ ကိုလှမိုး၊ အေဝမ်းခင်မောင်၊ ဆရာ ရွှေပြည်အေး၊ ဂီတနက်သံ ကိုစောငြိမ်း၊ ဂီတာအုန်းလွင်၊ စန္ဒရားကိုမျိုးလှိုင်၊ စန္ဒရားချစ်ဆွေ၊ အောင်လင်းတို့နှင့် ရင်းနှီးပြီး အရှေ့ပိုင်းတူရိယာအဖွဲ့အတွက် သီချင်းများရေးသားပေးခဲ့သည်။ ဂီတလုလင်မောင်ကိုကို၊ ဗိုလ်ကလေးတင့်အောင်တို့နှင့်လည်း ရင်းနှီးသူဖြစ်သည်။

**ခံစားမှုပေးစွမ်းနိုင်**

မြတ်လေးရေးဖွဲ့သည့် သီချင်းများသည် မြန်မာဆန်သည်။ သံစဉ်ပြေပြစ်သည်။ အဓိပ္ပာယ်လေးနက်သည်။ အတွေးအခေါ် ဆန်းသစ်သည်။ သီချင်းရေးသည့်အခါတိုင်း ခံစားမှုထည့်၍ ရေးလေ့ရှိသည့်အလျောက် သီဆိုသူတိုင်း၊ နားဆင်ရသူတိုင်းကို ခံစားမှုပေးစွမ်းနိုင်သည်။ မြန်မာဂီတလောကမှာ မြန်မာ့အသံ ဓာတ်ပြားရ သီချင်းတစ်ပုဒ်ဖြစ်ဖို့ အတော်ကြိုးပမ်း အားထုတ်ကြရသည်။ မြတ်လေးသည် မြန်မာ့အသံဓာတ်ပြားရ တေးပေါင်းများစွာ ဖန်တီးခဲ့သူဖြစ်သည်။ ရုပ်ရှင်ဇာတ်ဝင်တေးများလည်း ရေးသားခဲ့ပြီး ကိုယ်တိုင်လည်း တေးသီချင်းများကို သီဆိုသည်။ စန္ဒရားချစ်ဆွေနှင့်အတွဲများသည့်အတွက် နှစ်ယောက်တွဲပေါင်းစပ်ရေးသားသည့် သီချင်းများလည်းရှိသည်။

မြတ်လေးရေးသားခဲ့သော သီချင်းများအနက်မှ အချို့ကို ဖော်ပြရသော် ကပြားမလေးဂိုယာရမ်၊ မေတ္တာစစ်ဆိုသည်မှာ၊ လက်ဆောင်မွန်၊ ဝေလေလေ၊ ထာဝရအချစ်၊ မစ္စဝိစကီ၊ သီချင်းဆို၍ ငိုရသည်၊ သီချင်းသည်တွင် ဆုံးပြီတကွယ်၊ ရည်မှန်းချက်၊ ပန်းတိုင်ရှိလေမှ၊ မွေးပဏာမ၊ ချစ်စိတ်ရယ်ဘယ်မပြေ၊ သူ(သို့မဟုတ်)နွယ်၊ ရေမြေဆုံးစေတော့၊ မခင်နှင်းဆီ၊ မခင်နှင်းဆီရဲ့ နှင်းဆီ၊ မခင်နှင်းဆီရဲ့နှင်းဆီဇာတ်သိမ်း၊ ဖြေရှင်းချက်၊ ပန်းတိုင်းပွင့်ပါစေ၊ တစ်ရံရောအခါက၊ ပင်လုံထိပ်ထားဦး စသည်တို့ဖြစ်သည်။ မြတ်လေးသည် သူ၏လက်ရာ သီချင်းများကို သူကိုယ်တိုင်သီဆိုခဲ့သည့်အပြင် တေးသံရှင်မောင်မောင်ကြီး၊ ကိုမင်းနောင်၊ ကိုမြကြီး၊ စန္ဒယားချစ်ဆွေ၊ ခင်မောင်လွင်၊ သန်းဖေလေး၊ သုမောင်၊ မြင့်မြင့်ခင်၊ လီလီကြာညွန့်၊ တင်တင်မြ၊ အေဝမ်း တင်တင်လှတို့လည်း သီဆိုခဲ့သည်။

**လပေါင်းများစွာ ဂုဏ်ပြုရေးသား**

မြတ်လေးသည် ရုပ်ရှင်၊ ဂီတ အရာမှသာတည်း မဟုတ် စာပေအရာမှာလည်း ကျွမ်းကျင်သူ စာရေးဆရာတစ်ယောက်ဖြစ်သည်။ ၁၉၆၂ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော "ဆံမြိတ်လည်းကြွေ ပန်းလည်းကြွေ" ဝတ္ထုသည် ယနေ့တိုင်ထင်ရှားသောဝတ္ထုအဖြစ် နေရာယူနေဆဲ။ မြတ်လေးသည် စာပေရေးသားရာတွင် အကြောင်းအရာသစ်၊ အတွေးအခေါ်သစ်၊ အယူအဆ သစ်များကို ခေတ်နှင့် အံဝင်ခွင်ကျဖြစ်အောင်ရေးနိုင်စွမ်းရှိသူ၊ ဂီတကိုလည်း မြတ်နိုးသူဖြစ်သည့်အတွက် စာပေရေးသားခြင်းဖြင့် အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး၊ စာရေးဆရာ ဂီတအောင်လင်း၊ တယောထိုးအလွန် ကောင်းသူ စာရေးဆရာ ဗန်းမော်တင်အောင်နှင့် စာရေးဆရာ တက္ကသိုလ် ဘုန်းနိုင်တို့ အကြောင်းများကိုလည်း စာနယ်ဇင်းများတွင် အခန်းဆက်ဖြင့် လပေါင်းများစွာ ဂုဏ်ပြုရေးသားခဲ့သည်။

မြတ်လေးရေးသားခဲ့သည့် စာအုပ်များမှာ "ဆံမြိတ်လည်းကြွေ ပန်းလည်းကြွေ" ၁၉၆၁၊ "ဆေးစက်မထင်သောအဖြူ" ၁၉၇၃၊ "သူ့မျက်ကွယ်ရာ ကြိတ်၍ ငိုမည်" ၁၉၇၄၊ "စက္ကူလှေကလေးများ" ၁၉၇၅၊ ဇရာနဲ့ဗေဒါ၊ အငိုနဲ့စ၍အငိုနဲ့ဆုံး၊ အမှုအရာ သဘောတရား၊ အနောက်သွားလျက် အရှေ့ရောက်မည်၊ ငှက်ခတ်သမား ဘကျား၊ မီးရောင်အောက်ကအမှောင်တို့မှာ ထင်ရှားသည်။

**ဂန္ထဝင်မှတ်တိုင်များ စိုက်ထူ**

ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ စာရေးဆရာ၊ ဂီတစာဆို၊ အဆိုတော် ထပ်ဆင့်အကယ်ဒမီမြတ်လေးသည် အနုပညာသက်တမ်း (၄၅) နှစ်ကာလအတွင်း စာပေ၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်အသီးသီးတွင် မှတ်မှတ်သားသားဖြစ်စေသည့် ဂန္ထဝင်မှတ်တိုင်များ အခိုင်အမာ စိုက်ထူခဲ့ပြီးသည့်နောက် အသက် (၇၂)နှစ်အရွယ်သို့အရောက် အသည်းရောဂါဖြင့် (၂၁. ၂. ၂၀၀၀) ရက်နေ့တွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြင့်မြင့် (ဘီအေ၊ ဘီအီးဒီ)နှင့် သားသမီး သုံးဦး ကျန်ရစ်ခဲ့သည်။

မြတ်လေးသည် လူပင်သေသော်လည်း နာမည်မသေ၊ တစ်သက်တစ်ယောက်ဟုဆိုလောက်သောသူ၊ သူလိုလူ အတုမရှိ၊ သူ၏အစွမ်းအစသည် အံ့မခန်း၊ အနုပညာလောကအလယ်အောင်မြင်မှုအပေါင်း သရဖူဆောင်းခဲ့သည့် မြတ်လေးသို့ "ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့သူ" ဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားမှု ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပါပြီ။ ဦးမြတ်လေး ကောင်းရာသုဂတိ လားပါစေ။

**မှီငြမ်း ။ ။ နှစ်ဆယ်ရာစုစာရေးဆရာများနှင့် စာစုစာရင်း (တတိယတွဲ)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

